# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်တို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ်(၁၀၇)


# ကယားတိုင်းရင်းသားများအားလုံး အေးချမ်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်သည့် ကယားပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် စုစည်းညီညွတ်သော တွဲလက်များဖြင့် ကြိုးစားအကောင်အထည်ဖော်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတဦးဝင်းမြင့်က**
**(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**
**၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

**ချစ်ခင်လေးစားအပ်သော ကယားတိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ကျရောက်သည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိကြသည့် ကယားတိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်းနှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကယားလူမျိုးစုဝင် (၉)မျိုးနှင့်အတူအခြားသော တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးစွာနေထိုင်လျက်ရှိသည့် ကယားပြည်နယ်၏ ပြည်နယ်နေ့ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ (၁၅) ရက်တွင် ပထမဦးဆုံးစတင်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းရင်းသားများအကြား သံသယစိတ်များကြောင့် ပြည်တွင်းပဋိပက္ခများနှစ်ကာလကြာရှည်စွာဖြစ်ပေါ်ခဲ့ပြီး တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာပြည်နယ်များသည် ပြည်တွင်းပဋိပက္ခဒဏ်ကို ပိုမိုခံစားခဲ့ကြရပါသည်။ ယင်းပဋိပက္ခများ၏ နောက်ဆက်တွဲရလဒ်ဆိုးအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်မလုပ်နိုင်ခဲ့သည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျ ခဲ့ရသည့်အပြင် နိုင်ငံတကာမျက်နှာစာတွင်လည်း နိုင်ငံ၏ ဂုဏ်သိက္ခာ မှေးမှိန်ခဲ့ရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိရာတွင် ကယားပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ လျှပ်စစ်မီးရရှိရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစသည်ဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ စာမျက်နှာ ၃ ကော်လံ ၁



ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၄**

၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသော ဗိုလ်မှူးကြီး မင်းနောင်နှင့် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဒုတိယရဲချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် ၂၀၁၉ ခုနှစ်၊(၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပဆောင်ရွက်နိုင်ရန်အတွက် ပြုလုပ်သည့် စာမျက်နှာ ၃ ကော်လံ ၁




မြန်မာ့အလင်း

# ပြည်ထောင်စု နိုင်ငံအတွက် အစစ်အမှန် နိုင်ငံရေး

ပြီးခဲ့သည့် ရက်အနည်းငယ်အတွင်းက မြန်မာနိုင်ငံ၏လူဦးရေသည် ၅၄ သန်းပြည့်ခဲ့ပြီဖြစ်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော နိုင်ငံများ၏ လူဦးရေကို လေ့လာကြည့်ပါက ခုနစ်သန်းခန့်ရှိသော လာအိုနိုင်ငံမှလွဲလျှင် အရှေ့ဘက်မှထိုင်းနိုင်ငံသည် လူဦးရေ သန်း ၇၀ ကျော်၊ အနောက်ဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေ ၁၆၈ သန်းခန့်၊ အာရှအင်အားကြီး နိုင်ငံများဖြစ်ကြသည့် အိန္ဒိယနိုင်ငံက လူဦးရေသန်းပေါင်း ၁၃၆၀ ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက သန်းပေါင်း ၁၄၁၇ ကျော်တို့ရှိနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှာ နိုင်ငံနယ်နိမိတ်ကျယ်ဝန်းသလို လူဦးရေများပြားသည့် ပြိုင်ဘက်နိုင်ငံကြီး နှစ်နိုင်ငံ၊ မြန်မာနိုင်ငံ၏ နယ်နိမိတ်လောက် မကျယ်ဝန်းသော်လည်း လူဦးရေပိုမိုများပြားသည့် နိုင်ငံ၊ လူဦးရေတိုးနှုန်းလွန်စွာ မြင့်မားနေသည့်နိုင်ငံ စသည်တို့ဖြစ်ကြောင်းလည်း တွေ့ရှိရမည်ဖြစ်သည်။ ဤအချက်က အရှေ့တောင်အာရှနှင့် တောင်အာရှဒေသ နိုင်ငံများအကြားတွင် လည်းကောင်း၊ အာရှအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့အကြားတွင် လည်းကောင်း ပေါင်းကူးဆက်စပ်သည့်နေရာတွင် တည်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအပေါ်တွင် လွန်စွာလွှမ်းမိုးမှုရှိပါသည်။

ကမ္ဘာ့နိုင်ငံရေးတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား၊ အုပ်စုတစ်စုနှင့် တစ်စုအကြား သဘောတရားရေးအရ၊ ဝါဒရေးရာအရ မည်သို့ပင် လူကြားကောင်းအောင် အော်နေကြစေကာမူ အစစ်အမှန်နိုင်ငံရေး (သို့မဟုတ်) လက်တွေ့ကျင့်သုံးသည့်နိုင်ငံရေး **(Realpolitik / Practical Politics)** မှာ “အမျိုးသားအကျိုးစီးပွား” **(National Interests)** သာဖြစ်သည်ဟု ဆိုရိုးရှိသည်။ တစ်ဖန် လက်တွေ့ကျင့်သုံးသည့် နိုင်ငံရေး (ဝါ) အမျိုးသားအကျိုးစီးပွားသည်လည်း မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေး **(Geo-Politics)** အပေါ်တွင်မူတည်၍ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီဘဲ ကွဲပြားခြားနားကြသည့်အလျောက် အိမ်နီးချင်းနိုင်ငံများတစ်ခုနှင့် တစ်ခုအကြား အမျိုးသားအကျိုးစီးပွားချင်း ဆန့်ကျင် တိုးတိုက်လာခဲ့လျှင်၊ ပြိုင်ဘက်ဖြစ်လာခဲ့လျှင် နိုင်ငံ၏လူဦးရေမှာလွန်စွာအရေးကြီးလှသည့် အချက်ကြီးတစ်ချက်ဖြစ်လာသည်။ ယင်းသို့ဆိုလျှင် မိမိတို့နိုင်ငံ၏ မနေ့တစ်နေ့က ပြည့်သွားခဲ့ပြီဖြစ်သည့် ၅၄ သန်းသော လူဦးရေသည် မည်ကဲ့သို့သော လူဦးရေဖြစ်သနည်း။ အဆိုပါမေးခွန်းအတွက်အဖြေမှာ တစ်ခဲနက်သော ရေပက်မဝင်စည်းလုံးညီညွတ်မှုရှိသည့် လူဦးရေဟူ၍သာ ဖြစ်ရပါမည်။ ခန္ဓာကိုယ်တစ်ခုတည်း၏ အစိတ်အပိုင်းများပမာ တစ်သွေးတည်းတစ်သားတည်းဖြစ်သော စည်းလုံးညီညွတ်မှုဖြင့်သာ မိမိတို့ထက် လူဦးရေအရေအတွက်များသောနိုင်ငံများက မိမိတို့နိုင်ငံကို လေးစားခန့်ညားစေမည်ဖြစ်သည်။

မိမိတို့ဘိုးဘွားများ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ကိုလိုနီနယ်ချဲ့ထမ်းပိုးအောက်မှ ရုန်းထွက်နိုင်ခဲ့ပြီး နိုင်ငံလွတ်လပ်ရေးရခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ ပြည်တွင်းပဋိပက္ခများ၊ ဝါဒအလွဲများ၊ စီမံခန့်ခွဲမှုအမှားများ၊ ကိုယ်ကျိုးစီးပွားရှာမှုများ၊ သံသယအစိုင်အခဲများနှင့် သူတစ်လူငါတစ်မင်းစိတ်ဓာတ်များက ကုန်လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ အတွင်း နိုင်ငံနှင့်လူမျိုးတို့ကို အောက်တန်းနောက်တန်းဆီသို့ ကျရောက်စေခဲ့ပြီးလည်းဖြစ်သည်။ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ၊ ခွင့်တူညီမျှဝါဒဖြူစင်သည့် နိုင်ငံဖြစ်ရန် မြန်မာ့မြေပေါ်တွင် သက်ရှိထင်ရှားရှင်သန်နေထိုင်ကြသူတိုင်းက လိုလားကြမည်မှာ ကေန်ဖြစ်သည်။ ယင်းအတွက် အဓိကအကျဆုံးသော လက်တွေ့နိုင်ငံရေးဖြစ်သည့် တစ်သွေးတည်း တစ်သားတည်းအဖြစ် စည်းလုံးညီညွတ်မှုကို စိတ်ရောကိုယ်ပါ ရိုးသားစွာ ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတ ဘီဒီယာ ဒေဗီ ဘန်ဒါရီ ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်အား နှုတ်ခွန်းဆက်သလျက်၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်နှင့် မြန်မာပြည်သူများ တိုးတက်သာယာဝပြောစေရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၊ သမ္မတ ရူမန် ရေဒဗ်ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘူလ်ဂေးရီးယား ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာ၍ မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့အကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရေးနှင့် အာဆီယံ-အီးယူ မိတ်ဖက်ဆက်ဆံရေးနှင့် အာရှ-ဥရောပဆွေးနွေးပွဲ (အေဆမ်) မူဘောင်များအတွင်း ဆွေးနွေးမှုများ ပိုမိုခိုင်မာလာရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ သမ္မတ အလက်ဇန္ဒား လူကာရှန်ကိုထံမှ ပေးပို့သည့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လာရုစ် သမ္မတနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ကျေနပ်အားရမိပြီး အထူးသဖြင့် ကုန်သွယ်ရေးနှင့် စီးပွားရေး ကဏ္ဍများ၌ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်သွားရန် မိမိအနေဖြင့် ဆန္ဒရှိပါသည်။

အဆွေတော် ကျန်းမာ၍ အောင်မြင်မှုများရရှိပြီး မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းပျော်ရွှင်သာယာဝပြောပါစေကြောင်းနှင့် အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘရူနိုင်းဒါရူဆလမ် နိုင်ငံ၊ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီဟာဆာနယ်လ် ဘိုလ်ကီးယားထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၁)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၊ နိုင်ငံတော်အစိုးရအဖွဲ့နှင့် မြန်မာပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာစွာရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအတွက် မိမိအနေဖြင့်များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာနယ်ပယ်တွင် မိမိတို့၏ ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

## ရောဝတီတံတား(ထီးချိုင့်) ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဇန်နဝါရီ ၁၄** -

ရောဝတီတံတား(ထီးချိုင့်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကိုအစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၄) နှင့် (၁၅)အကြားမှ လည်းကောင်း၊ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇန်နဝါရီ ၁၅ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၅)နှင့် (၁၆)အကြားသို့ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ကင်းလွတ်အကျယ်မှာ ပေ ၂၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၄၇ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် (၂)ခု အကြားမှ ယှဉ်ပြိုင် ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ငယ်၌ မူခင်းကျဆင်းရေးပညာပေးဟောပြော

**မြစ်ငယ် ဇန်နဝါရီ ၁၄**

အမရပူရမြို့နယ် ဒေါင်းရွှေးကျေးရွာအုပ်စု ဒေါင်းရွှေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မြစ်ငယ်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်မိုးခိုင်နှင့်အဖွဲ့တို့က ဇန်နဝါရီ ၁၃ ရက်တွင် ဒေါင်းရွှေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသန့်နှင့်အဖွဲ့တို့သည် ကျေးရွာသူကျေးရွာသား ၄၀ ခန့်တို့အား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းစေရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## ရခိုင့်ဦးဆောင်ပါတီ(AFP) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁/၂၀၁၉)**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)**

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေဘန်းလမ်း၊ ရဘ-၁ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၁)ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဆောင်ပုဒ်

ညီညွတ်ခြင်းသည် စွမ်းအင်
စည်းလုံးခြင်းသည် ခွန်အား
ပြည်ထောင်စု၏ နှလုံးသား။

## “ကယားပြည်နယ်သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ လောပိတရေအား လျှပ်စစ်စက်ရုံများရှိသည့်အပြင် သံလွင်မြစ်၊ ဘီလူးချောင်း၊ ငွေတောင်ဆည်စသည့် မြစ်ချောင်း၊ ဆည်မြောင်းများနှင့် ရေတံခွန်၊ စိမ့်စမ်းများ၊ လိုဏ်ဂူများ၊ သဘာဝတောတောင်အလှအပများ ပေါကြွယ်ဝသောကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ပြည်နယ်တစ်ခုလည်းဖြစ်”

❍ *ရှေ့ဖုံးမှ*

သံလွင်မြစ်ကူးတံတား (ဖားဆောင်း)ကို တည်ဆောက်ပေးခဲ့ပြီး မယ်စဲ့မြို့နယ်တွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ထားကာ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် ညီအစ်မမြို့အဖြစ် ဆောင်ရွက်ထားရှိ၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။

ကယားပြည်နယ်သည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ လောပိတရေအား လျှပ်စစ်စက်ရုံများ ရှိသည့်အပြင် သံလွင်မြစ်၊ ဘီလူးချောင်း၊ ငွေတောင်ဆည်စသည့် မြစ်ချောင်း၊ ဆည်မြောင်းများနှင့် ရေတံခွန်၊ စိမ့်စမ်းများ၊ လိုဏ်ဂူများ၊ သဘာဝတောတောင်အလှအပများ ပေါကြွယ်ဝသောကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ယခင်ကလက်နက်ကိုင်ပဋိပက္ခများကြောင့် ကယားပြည်နယ်အတွင်းအခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးပိုင်းတို့တွင် အခက်အခဲများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရပါသည်။ ယခုအချိန်တွင် လက်နက်ကိုင်ပဋိပက္ခများ မရှိတော့သလောက်ဖြစ်သော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်လာကြပါက ကယားပြည်နယ်သည်ငြိမ်းချမ်းရေး၏ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို လျှင်လျှင်မြန်မြန်အပြည့်အဝခံစားကြရမည် ဖြစ်ပါသည်။

လွတ်လပ်ပွင့်လင်းလာသည့် ယနေ့ခေတ်တွင် ကယားပြည်နယ်၏သာယာလှပသော သဘာဝရေမြေတောတောင်များက ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် အပန်းဖြေလည်ပတ်သွားလာစရာနေရာ တစ်နေရာအဖြစ် ပိုမို၍လူသိများ ထင်ရှားလာခဲ့ပါသည်။ အရှေ့ဘက်ရှိ ထိုင်းနိုင်ငံမှ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှုများ မြှင့်တင်လာနိုင်သည့် အလားအလာကောင်းများရှိနေပါသည်။ ထိုအလားအလာကောင်းများ အရှိန်အဟုန်ဖြင့် မြင့်တက်လာစေရေးအတွက် နောင်လာမည့်နှစ်ပေါင်း (၂၀)တွင်မိမိတို့၏ကယားပြည်နယ်ကို မည်သို့ဖြစ်စေချင်သည်။ မည်သို့ မြင်စေချင်သည်ကို ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးအပါအဝင် ပြည်နယ်သူ၊ ပြည်နယ်သားများက အလေးအနက်ထားစဉ်းစားလျက် ငြိမ်းချမ်းရေးကို မနှေးအမြန် တည်ထောင်ကြရန် တိုက်တွန်းလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရကြိုးပမ်း လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းပေါ်တွင် ကယားတိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများအားလုံးက အေးချမ်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်သည့် ကယားပြည်နယ်ကြီး ဖြစ်ပေါ်လာစေရေးအတွက် စုစည်းညီညွတ်သောတွဲလက်များဖြင့် ကြိုးစားအကောင်အထည်ဖော်သွားကြရန်နှင့် ရရှိဖြစ်ထွန်းနေသည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးမျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ရာတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**

## ၂၀၁၉ ခုနှစ်၊ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး “စည်းလုံးညီညွတ်စွာ”ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။

❒ *ရှေ့ဖုံးမှ*

ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက် (၅) ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရ ရှိစွာဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့တွင် “၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ” ကို အဖွဲ့ဝင် (၁၄) ဦးဖြင့်လည်းကောင်း၊ “စီမံခန့်ခွဲမှုကော်မတီ” ကို အဖွဲ့ဝင် (၁၈) ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့သည့်အပြင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဆပ်ကော်မတီ (၁၄)ခုကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

### နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး

၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက် (၅)ရပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ **“(၂၁)ရာစုပင်လုံ”** မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည် အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ကောင်းမွန်သောပညာရေးနှင့် လုံလောက်သောကျန်းမာရေး စောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေးတို့ ဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီအဘက်ဘက်မှ ပြည့်စုံအောင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အဓိကထား၍ ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ (၁၄) ခုတို့ အနေဖြင့် ယခင်နှစ်က ကျင်းပခဲ့သည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ခဲ့သည့် အချက်များအပေါ် အသေးစိတ်အခြေခံ၍ ယခုနှစ်တွင် အကောင်းဆုံးဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံ့လွတ်လပ်ရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံးတစ်ညီတစ်ညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း၊ ထိုသို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇၂)နှစ်မြောက်ရှိပြီ ဖြစ်ပါကြောင်း။

### ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်

လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျကျန်ရစ်ခဲ့သည်ကို အားလုံးအသိပင်ပဲဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးပြန်လည် တည်ဆောက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခန့်ညားလာမည်မှာ ဧကန်မုချ ဖြစ်ပါကြောင်း။

အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပုံဖော်နိုင်ရန်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို (၃)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လက်နက်ကိုင်အင်အားစုများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အတူတကွ ပူးပေါင်းဆောင်ရွက်ရင်း ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါကြောင်း။

### ရိုးရာယဉ်ကျေးမှုများကိုထုတ်ဖော်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းတည်ရှိသော ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ကွဲပြားခြားနားသည့် ပထဝီဝင်ဒေသအသီးသီးတွင်ရှိကြသော တိုင်းရင်းသားအသီးသီးသည်မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များနှင့်ရိုးရာဓလေ့စရိုက်များကိုလည်း ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက် သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နောင်လာနောက်သားများ သိရှိရန်အတွက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်ပြသရင်း ထိန်းသိမ်းစောင့်ရှောက်နေခြင်းလည်း ဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ်၊(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အစီအစဉ်အပိုင်း (၂)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပထမပိုင်းအနေဖြင့် နံနက်ပိုင်းအလံတင် အခမ်းအနား၊ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားနှင့် ညနေပိုင်းတွင် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားတို့ဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားအစီအစဉ် အပိုင်း(၂)ပိုင်းကိုတစ်နှစ်ထက်တစ်နှစ်ပိုမို ကောင်းမွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက်ဆပ်ကော်မတီ (၁၄)ခုအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အကွက်စေ့အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုပါကြောင်း။

၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီမှချမှတ်ပေးမည့် အမျိုးသားရေးဦးတည်ချက်များ၏ အနှစ်သာရကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းများမှ ထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ဆပ်ကော်မတီများအနေဖြင့်(၇၂)နှစ်မြောက်ပြည်ထောင်စုနေ့တွင် ကျင်းပမည့် အခမ်းအနားကိစ္စရပ်များ အားလုံးအတွက် A Plan အပြင် B Plan ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်အောင်ကျင်းပနိုင်ရေးအတွက် ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများအပေါ်အခြေခံ၍ ယခုနှစ်တွင် အကောင်းဆုံးဖြစ်အောင် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ယခင်နှစ်ကဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ယခုနှစ်အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်မျိုးဆွေဝင်းကလည်းကောင်း၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး (တွဲဖက်တာဝန်) ဦးမင်းချစ်ဦးကလည်းကောင်း၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ကလည်းကောင်း၊ ဖိတ်ကြားရေးနှင့်နေရာချထားရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက လည်းကောင်း၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်လွင်ကလည်းကောင်း၊ အလံတင်အခမ်းအနား စီစဉ်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်ကလည်းကောင်း၊ မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မိုးက လည်းကောင်း၊ ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုနှင့် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်က လည်းကောင်း၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရတ်ဆင်းက လည်းကောင်း၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကလည်းကောင်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်တို့က (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် မိမိတို့အစိုးရအဖွဲ့၏ သက်တမ်း နှစ်နှစ်နှင့် ၁၀ လခန့် ရှိပြီဖြစ်ပါကြောင်း၊ ဤကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွင်း ဝေးလံခေါင်ဖျားသည့် ဒေသများပါမကျန် ဒေသအားလုံး ဟန်ချက်ညီညီ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တို့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ လမ်း၊ တံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံပိုင်း တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့မှာလည်း အဆင့်အတန်းမြင့်မားလာမည် ဖြစ်ပါကြောင်း။

**တံတား ၄၀၀ ကျော် တည်ဆောက်ရန် စီစဉ်ထား**

နိုင်ငံတော်သမ္မတက မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယတွင် ပြောကြားခဲ့သည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား၌ အခြေခံအဆောက်အအုံပိုင်း တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ရေးတို့ကို ဆောင်ရွက်မည့် လျာထားချက်များကို ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ကျင်းပခဲ့သည့် ရွှေသောင်ယံတံတား(မကျီးချောင်း) ဖွင့်ပွဲအခမ်းအနားတွင်လည်း အစိုးရ၏ လက်ကျန်သက်တမ်းအတွင်း ဒေသအလိုက် လိုအပ်နေသည့် တံတားအစင်းပေါင်း ၄၀၀ ကျော် ပြီးစီးအောင် တည်ဆောက်သွားရန် စီစဉ်ထားသည်ဟု ပြောကြားခဲ့ပါကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံတော်ကြီးကို “ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ” အဖြစ် ဖြစ်ပေါ်လာရေးကိုဦးတည်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan - MSDP) (2018-2030) ကိုလည်း ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ယင်း MSDP စီမံကိန်းတွင် ပါရှိသော သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုသည့် မဏ္ဍိုင် (၂)၊ ပန်းတိုင်(၃)၏ မဟာဗျူဟာ (၇) ရပ်ထဲတွင်လည်း “စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ပံ့ပိုးပေးမည့် ဦးစားပေးအခြေခံအဆောက်အအုံများတည်ဆောက်ရေး” ဆိုသည့် လုပ်ငန်းစဉ်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

**လမ်းကွန်ရက်များ ဖောက်လုပ်ပေးခဲ့**

စစ်ကိုင်းတိုင်း ဒေသကြီးသည် ဧရိယာကျယ်ဝန်းပြီး အထူးသဖြင့် အထက်ချင်းတွင်းဒေသသည် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ခေတ်နောက်ကျကျန်ပြီး ခန္တီးဒေသသည် ဖွံ့ဖြိုးမှုနည်းပါးခဲ့ပါကြောင်း၊ ဒေသအတွင်းနေထိုင်ကြရသည့် တိုင်းရင်းသားများ၏ လူမှုဘဝများသည်လည်း မြင့်သင့်သလောက်မမြင့်ဘဲ နိမ့်ကျနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာရန် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်မှုများကောင်းမွန်လာအောင် ဦးစားပေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သဘာဝအတားအဆီးများကို ကျော်လွှားနိုင်အောင် လိုအပ်သည့်နေရာများတွင် တံတားများ တည်ဆောက်ပေးခြင်းနှင့် လမ်းများကိုလည်း ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ချင်းတွင်းမြစ်ကြောင်းနှင့်သာမက ကုန်းလမ်းခရီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းအထိ လွယ်လင့်တကူသွားလာနိုင်စေရန် လမ်းကွန်ရက်များ ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ လမ်းများ၊ တံတားများ ကောင်းမွန်ပြီး ဆက်သွယ်မှုအဆင်ပြေချောမွေ့မှုသာ ပြည်သူများအကြား လွယ်လင့်တကူကူးလူးဆက်သွယ်သွားလာနိုင်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်သလို ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိနိုင်မည်လည်း ဖြစ်ပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ချင်းတွင်းတံတား (ဟုမ္မလင်း) သည် တမူး-အောင်ဇေယျ-ကက်သာ - ဟုမ္မလင်းလမ်းပေါ်တွင်တည်ရှိပြီး စုစုပေါင်းတံတားပေအရှည် ၂၇၆၂ ပေ ရှိသည့် သံကူကွန်ကရစ်တံတားဖြစ်ပါကြောင်း၊ ဤတံတားဖွင့်လှစ်လိုက်နိုင်သည့်အတွက် ဟုမ္မလင်းမှတစ်ဆင့် အိန္ဒိယနယ်စပ်အထိပါ တစ်ဆက်တည်းသွားလာနိုင်တော့မည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ခန္တီးဒေသနေတိုင်းရင်းသားများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပထမတစ်နှစ်တာအတွင်း “ပြောင်းလဲချိန်တန်ပြီ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး အလုပ်အကိုင်ဖန်တီးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို အဓိကထား လုပ်ဆောင်ခဲ့ပါကြောင်း၊ ဒုတိယတစ်နှစ်တာတွင် “ပြည်သူနဲ့အတူ” ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ရေးရာ ကိစ္စရပ်များကို ပြည်သူများနှင့်အတူ ပူးပေါင်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး တတိယတစ်နှစ်တာအတွင်း “စုပေါင်းအင်အား” ဆောင်ပုဒ်အတိုင်း တစ်စုတစ်စည်းတည်း ရပ်တည်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် စုပေါင်းအင်အားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

**အောင်မြင်မှု မုချရရှိမည်**

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများနှင့် ဒေသခံပြည်သူများကလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုမှ ခေတ်သစ်စနစ်သစ်သို့ ပြောင်းလဲရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများစွာ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး လုပ်ငန်းစဉ်များမှ ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှု မုချရရှိမည်ဟု ယုံကြည်ပါကြောင်း။

**အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာ**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ တည်တံ့ခိုင်မြဲတိုးတက်လာစေရန် မပြတ်သောသတိ ၊ မလျှော့သော ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်သစ်အခါသမယမှစ၍ နောင်လာမည့်နှစ်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများတွင် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလိုဆောင်ရွက်သည့်နေရာတွင် ရရှိလာသည့်အခွင့်အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆုပ်နိုင်ရန် ကြိုးစားမည်ဖြစ်သလို ကြုံတွေ့လာမည့်စိန်ခေါ်မှုများကိုလည်း ပြည်သူနှင့်အတူ စုပေါင်းအင်အားဖြင့် ကျော်လွှားသွားမည်ဆိုသည့်အကြောင်း ပြောကြားလိုပါကြောင်း။

**ပိုမိုပူးပေါင်းဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံ၏ အနာဂတ် ငြိမ်းချမ်းသာယာအောင်၊ နိုင်ငံသူ နိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်၊ ဦးတည်ချက်များကို ကြိုးပမ်းပုံဖော်သွားမည်ဖြစ်ပါကြောင်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမ၊ နိုင်ငံသူ နိုင်ငံသားများကလည်း နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့် လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြရန် ပန်ကြားအပ်ပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်တို့ ချင်းတွင်းတံတား (ဟုမ္မလင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေအား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ နာဂတိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် တန်ကွန်နာဂမျိုးနွယ်စု ရိုးရာနပန်းသတ်ပွဲကို စိတ်ဝင်စားသူများပြား

**လေရှီး ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် နာဂတိုင်းရင်းသားမျိုးနွယ်စုများအဖြစ် တန်ကွန်၊ မကူရီ၊ ပါရာ၊ ကိုကာ့၊ လောင်ဖူးရီ၊ ခရမ်ညျုင်န် စသည့် မျိုးနွယ်စုခြောက်စုရှိပြီး ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် မျိုးနွယ်စုအလိုက် ရိုးရာအကများ၊ အားကစားနည်းများရှိရာ တန်ကွန်မျိုးနွယ်စုတို့၏ ရိုးရာအားကစားနည်းဖြစ်သော နပန်းသတ်ပွဲကို ပွဲတော်ကာလအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှ လာရောက်လည်ပတ်ကြသည့် ဒေသခံပြည်သူများက စိတ်ဝင်တစားကြည့်ရှုကြကြောင်း သိရသည်။ **(ယာပုံ)**

တန်ကွန်နာဂမျိုးနွယ်စု၏ ရိုးရာအားကစားနည်းဖြစ်သော နပန်းသတ်ပွဲတွင် ယှဉ်ပြိုင်ကြမည့် အင်အားကို "မ" ဂဏန်းအရေအတွက်အတိုင်း ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး အဖမ်းအဖွဲ့နှင့် အကာအဖွဲ့ဟူ၍ နှစ်ဖွဲ့ယှဉ်ပြိုင်ကြခြင်းဖြစ်ကာ ဒိုင်ချုပ်တစ်ဦး၊ အကူဒိုင် နှစ်ဦးတို့ဖြင့် ကြီးကြပ်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး အငြင်းပွားမှုများ ဖြစ်ပွားပါက ဒိုင်လူကြီး၏ အဆုံးအဖြတ်သည် အတည်အဖြစ် သတ်မှတ်ထားသည့် စည်းကမ်းချက်များ ပါဝင်ကြောင်း သိရသည်။

"ရိုးရာနပန်းသတ်ပွဲဆိုတာ ချိန်းပြီးတော့ ပွဲတော်တစ်ခု အနေနဲ့ ကျင်းပတာပါ။ တန်ကွန်နာဂမျိုးနွယ်စုရဲ့ ရိုးရာအားကစားတစ်ခုဖြစ်ပါတယ်။ ရပ်ကွက်မှာ တကယ်သတ္တိရှိတယ်၊ ရင်ဆိုင်နိုင်တဲ့သူတွေကို လေ့ကျင့်ပေးတယ်။ အချိန်ယူတယ် ဆိုတာက ကျွန်တော်တို့ အခုလိုရာသီပွဲတော်တွေမှာ ယှဉ်ပြိုင်ဖို့ရှိမယ်ဆိုရင် ပါဝင်ယှဉ်ပြိုင်မယ့် လူငယ်တွေကို တစ်ပတ်မှာ တစ်ကြိမ်၊ ပွဲနီးလာရင်တော့ ရက်ဆက်လေ့ကျင့်ရပါတယ်။ အကာအဖွဲ့က စနစ်တကျနဲ့ကာနိုင်တယ်ဆိုရင် ကာတဲ့အဖွဲ့က နိုင်တယ်။ ဖမ်းတဲ့အဖွဲ့ကလည်း စနစ်တကျနဲ့ နည်းစနစ်အတိုင်း ဖမ်းနိုင်တယ်ဆိုရင် ဖမ်းတဲ့အဖွဲ့က နိုင်ပါတယ်။ အဓိကကတော့ နည်းစနစ်ပိုင်နိုင်ဖို့၊ ကျန်းမာကြံ့ခိုင်ဖို့၊ စည်းလုံးညီညွတ်ဖို့လိုတယ်" ဟု ရိုးရာနပန်းသတ်ပွဲနှင့်ပတ်သက်ပြီး နာဂရိုးရာယဉ်ကျေးမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးရာပေါ့က ပြောသည်။



**ဝင်းဦး(ဇေယျာတိုင်း)**



# နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် တံခွန်တိုင်၊ ဆုတောင်းတိုင်များ စိုက်ထူခြင်းနှင့် ရိုးရာပန်တုံးတီးခတ်ခြင်း အခမ်းအနားကျင်းပ

**လေရှီး ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မုခ်ဦးဖွင့်ပွဲနှင့် တံခွန်တိုင်၊ ဆုတောင်းတိုင်များ စိုက်ထူပွဲကို ယနေ့ နံနက်က လေရှီးမြို့ အမှုထမ်းရပ်ကွက် မြို့နယ်အားကစားကွင်းအတွင်း ကျင်းပရာ ကွင်းအဝင်မုခ်ဦးကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်း၊ နာဂဗဟိုယဉ်ကျေးမှု ကော်မတီနာယက ဦးရှူစ်ကြူး၊ လေရှီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် နာဂရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် တံခွန်တိုင်အားကစားကွင်းအတွင်းသို့ လက်ယာရစ်တစ်ပတ်ပတ်ပြီး တံခွန်တိုင်ကို စိုက်ထူးခြင်း၊ **(အပေါ်ပုံ)** ရိုးရာပန်အဆောက်အအုံရှေ့တွင် မျိုးနွယ်စုအလိုက် ဆုတောင်းတိုင်များ စိုက်ထူကြကာ ရိုးရာပန်တုံးကို တီးခတ်ကြသည်။

မွန်းလွဲပိုင်းတွင် နာဂမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အလှည့်ကျ ဖျော်ဖြေခဲ့ကြရာ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များမှ နာဂလူမျိုးများ လာရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပနိုင်ရေး မျိုးနွယ်စုအလိုက် ရိုးရာအကအဖွဲ့များ ဖိတ်ကြားထား

**လေရှီး ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကြီးတွင် နာဂရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် နာဂရိုးရာအက အဖွဲ့ ၃၇ ဖွဲ့ကို ဖိတ်ကြားထားကြောင်း နာဂရိုးရာယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးအောင်ထွင်၏ ပြောကြားချက်အရ သိရသည်။

"ရိုးရာနှစ်သစ်ကူး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့အတွက် မျိုးနွယ်စုအလိုက် ရိုးရာအကအဖွဲ့တွေ၊ ယဉ်ကျေးမှုအဖွဲ့တွေကို ဖိတ်ကြားထားပါတယ်။ ရိုးရာယဉ်ကျေးမှုအဖွဲ့တွေကတော့ တေးသီချင်းတွေ ဖျော်ဖြေတာတွေ၊ ဖက်ရှင်ပြပွဲတွေကို ထည့်သွင်းထားတယ်။ ရိုးရာအကအဖွဲ့တွေကတော့ မျိုးနွယ်စုရိုးရာအကတွေကို ဖျော်ဖြေကြမှာပါ" ဟု နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးအောင်ထွင်က ပြောသည်။

အကအဖွဲ့ ၂၀ ကျော် ဖိတ်ကြားထားပြီး အကအဖွဲ့တစ်ဖွဲ့လျှင် အင်အား ၅၀ ပါဝင်သည့် ရိုးရာအက အဖွဲ့ ၁၇ ဖွဲ့၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ရောက်ရှိနေသော နာဂတိုင်းရင်းသားများ ဖွဲ့စည်းထားသည့် နာဂတိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ ၂၀ စုစုပေါင်း ၃၇ ဖွဲ့ကို ဖိတ်ကြားထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



*စာမျက်နှာ ၄ မှ*

## ရာသီမရွေးသွားလာနိုင်မည်

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ချင်းတွင်းမြစ်ကူး (ဟုမ္မလင်း) တံတား တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ဟုမ္မလင်းတစ်ဖက်ကမ်းရှိ ကျေးရွာများ အပါအဝင် ဟုမ္မလင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တမူးမြို့နယ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ ကလေး၊ ကလေးဝမြို့နယ်သို့ လည်းကောင်း ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားလုပ်ငန်းများ တိုးတက်ကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အလားတူ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ အနေဖြင့်လည်း ချင်းတွင်းတံတား (ဟုမ္မလင်း)အား ဖြတ်သန်းပြီး ကက်သာ-အောင်ဇေယျ-တမူး လမ်းမှတစ်ဆင့် အိန္ဒိယနိုင်ငံ မိုးရေးမြို့အထိ ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည့် လမ်းကြောင်းတစ်ခုအနေဖြင့် ပွင့်လင်းလာမည်ဖြစ်ကြောင်း၊ ထို့ပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများအတွက် အရေးပါသည့် သင်္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး မိုင် ၃၃၀ ကျော် လမ်းမကြီးအား ရာသီမရွေး သွားလာနိုင်သည့် လမ်းမကြီးဖြစ်ရန် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တံတားတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ချင်းတွင်းတံတား (ဟုမ္မလင်း) တည်ဆောက်ပေးမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ချင်းတွင်းတံတား (ဟုမ္မလင်း)အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နန်းမွှေးမွှေးခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းတို့က ချင်းတွင်းတံတား (ဟုမ္မလင်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားအထူးအဖွဲ့(၂) မှ တည်ဆောက်ခဲ့သော ချင်းတွင်းတံတား (ဟုမ္မလင်း) သည် ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ - ကက်သာ - ဟုမ္မလင်း လမ်းမပေါ်တွင် တည်ရှိပြီး ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းရှိ ကက်သာကျေးရွာတို့ ဆက်သွယ်ထားကာ အလျား ၂၇၆၂ ဒသမ ၆ ပေ၊ အကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် သုံးပေအကျယ်ရှိ လူသွားလမ်း နှစ်လမ်းပါရှိသည့် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံမဏိ သံပေါင်တံတားအမျိုးအစား ဖြစ်ကြောင်း သိရသည်။

## ကုန်စည်များလျင်မြန်စွာ စီးဆင်း

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)အား တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ချင်းတွင်းအောက်ပိုင်းဒေသများ ဟုမ္မလင်းမြို့နယ်မှတစ်ဆင့် ချင်းတွင်း အနောက်ခြမ်းရှိ အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်မြို့ဖြစ်သော တမူးမြို့နယ်နှင့် ကုန်စည်များလျင်မြန်စွာ စီးဆင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဟုမ္မလင်းလေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပမည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့သို့ ရောက်ရှိကြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင်များ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လေရှီးမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတွင် ကျင်းပပြုလုပ်သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

## သွားရောက်လေ့လာ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်း လက်ထောက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဇေထံမှ ငါးပါးသီလ ခံယူ တည်ဆောက်ကာ တောင်တန်းသာသနာပြု ဆရာတော်ကြီးများနှင့် သီလရှင်ဆရာလေးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် လေရှီးမြို့ပေါ်တွင် တည်ဆောက်ထားသည့် နာဂတိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာအိမ်များသို့ သွားရောက်လေ့လာကြပြီး မျိုးနွယ်စုခေါင်းဆောင်များနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ကျွန်တော်နဲ့ ဖောင်ကြီး



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

အခုတလော ဇီးပင်ကြီးအကြောင်း နေရာတိုင်းလိုလိုမှာ ရေးသားမှုတွေ၊ ဆွေးနွေးမှုတွေ၊ ဝေဖန်မှုတွေ ကြားရဖတ်ရနေတယ်။ ကျွန်တော်က ဇီးပင်ကြီးနဲ့ မပတ်သက်ခဲ့ဘူး။ ကျွန်တော်ရင်းနှီးခဲ့တာက ဖောင်ကြီး။ ဒါကြောင့် ဖောင်ကြီးအကြောင်းစဉ်းစားရင်း ဇီးပင်ကြီးကိစ္စကို သုံးသပ်မိတယ်။ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်အကြောင်းက ကျွန်တော်ဘွဲ့မရခင်နှစ်က သိခဲ့ရတယ်။ ဒီတုန်းက ကျွန်တော့်အစ်ကိုဝမ်းကွဲကဘွဲ့ရပြီး အသစ်ဖွင့်လှစ်တဲ့ ဖောင်ကြီးကိုတက်ခဲ့ရတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က။ သူက ဖောင်ကြီးအတွေ့အကြုံတွေကို မကြာခဏ ဖောက်သည်ချခဲ့တယ်။ ကျွန်တော်ဘွဲ့ရတဲ့နှစ်မှာ သူငယ်ချင်းတွေအားလုံးလိုလို ဖောင်ကြီးကို တက်ခဲ့ရတယ်။ ပြန်တမ်းဝင်အရာရှိတွေဖြစ်ဖို့ တက်ကြတာ။ သူတို့အများစုက ကုန်သွယ်ရေးဝန်ကြီးဌာနမှာ အမှုထမ်းကြဖို့။ ကျွန်တော်က တက္ကသိုလ်မှာ နည်းပြဆရာဝင်လုပ်တော့ ဖောင်ကြီးမတက်ရဘူး။ ရတဲ့လခကလည်း တစ်လ ကျပ် ၁၀၀။ ရှားပါးစရိတ်နဲ့ ပေါင်းရင် ကျပ် ၃၀၀ မပြည့်ဘူး။ ဒါကြောင့် ပထမအကြိမ်ဖောင်ကြီးနဲ့ လွတ်ခဲ့တာ။

### အထူးမွမ်းမံသင်တန်းစတင်ဖွင့်

ဒုတိယအကြိမ်က ၁၉၉၀ ပြည့်နှစ်။ ကျွန်တော်က စီးပွားရေးတက္ကသိုလ်မှာ ကထိကရာထူးနဲ့ တာဝန်ထမ်းရင်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ဌာနအသစ်ဖြစ်တဲ့ စီမံကိန်းနဲ့ စာရင်းအင်း ဦးစီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်နဲ့ ပြောင်းခဲ့တယ်။ အခုလို ညွှန်ချုပ်အနေနဲ့ တာဝန်ယူချိန် နဝတအစိုးရဟာ ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူတဲ့ ဆရာ၊ ဆရာမတွေအတွက် အထူးမွမ်းမံသင်တန်းတွေ စတင်ဖွင့်လှစ်ခဲ့တယ်။ နိုင်ငံရေးဦးတည်ချက်ကို ရှေ့တန်းတင်ပြီး ဖွင့်တဲ့ သင်တန်း။ အမှန်တော့ ဗီယက်နမ်စစ်ပွဲအပြီး မြောက်ဗီယက်နမ်နိုင်ငံဟာ စစ်ရှုံးခဲ့တဲ့ တောင်ဗီယက်နမ်က အရာရှိကြီးတွေကို မွမ်းမံသင်တန်းတွေပေးခဲ့တဲ့ပုံစံမျိုး။ အနှစ်သာရကတော့ ဦးနှောက်ဆေးကြောခြင်း ဖြစ်တယ်။

စနစ်တစ်ခုမှာ တာဝန်ယူတဲ့သူတွေကို စနစ်အသစ်နဲ့ အံဝင်အောင်လုပ်တာ။ ဒီပုံစံအတိုင်း ဖောင်ကြီးမှာ အထူးမွမ်းမံသင်တန်းတွေ ဖွင့်ခဲ့တာ။ နိုင်ငံအကြီးအကဲတွေက ကျွန်တော့်ကိုသင်တန်းမှာ ပါဝင်သင်ကြားဖို့ တာဝန်ပေးခဲ့တယ်။ သင်တန်းသားတွေက လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်းတွေလည်း ပါဝင်တာ။ ရုတ်တရက်တော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်မိတယ်။ ဒါပေမယ့် ကျွန်တော်သင်ပေးရတဲ့ အကြောင်းအရာက စီမံခန့်ခွဲမှုပညာဆိုတော့ ဦးနှောက်ဆေးကြောမှုနဲ့ မပတ်သက်ခဲ့ဘူး။ ဘဝတူ တက္ကသိုလ်ကဆရာ၊ ဆရာမတွေကို ကိုယ်လေ့လာအထူးပြုခဲ့တဲ့ စီမံခန့်ခွဲမှုဘာသာရပ်ကို ကျွန်တော်အားထည့်ပြီး သင်ခဲ့တယ်။ တစ်ဖက်မှာလည်း ခေတ်မီသင်ထောက်ကူပစ္စည်းတွေကို လက်တွေ့အသုံးချခဲ့တယ်။ ကျွန်တော့်ရဲ့ ပို့ချချက်တွေကို အခွေတွေ ကူးပြီး ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်တွေကို နားထောင်စေတယ်လို့ ကြားသိရတယ်။ ဒီတုန်းက ဥက္ကဋ္ဌက ဦးမောင်မောင် ကြီး။ ကျွန်တော့်ရဲ့ဖခင်နဲ့ ရင်းနှီးသူ။ အဖွဲ့ဝင်တစ်ဦးက ဦးရွှေသန်း။ သူက ရဲချုပ်တာဝန်ယူခဲ့ပြီး ကျွန်တော့်ဦးလေး ဗိုလ်မှူးကြီး မျိုးအောင်နဲ့ ကျောင်းနေဖက်။ ဖောင်ကြီးမှာ ထမင်းစားရင်း တွေ့စဉ် ဆရာ့အခွေတွေ ကျွန်တော်နားထောင်ရတယ်လို့ ပြောတယ်။

ကျွန်တော်သင်တန်းနားချိန်မှာ သူငယ်ချင်းတွေရဲ့ အဆောင်တွေကို သွားကြည့်ပြီး စကားပြောဖြစ်တယ်။ သူတို့ ခမျာ အလွန် ပင်ပန်းနေကြတာ။ ယူနီဖောင်းအပြာရောင်တွေ၊ စစ်ဖိနပ်တွေနဲ့ ကျွန်တော့်ကိုတော့ အပြစ်မတင်ကြဘူး။ သင်ကြားမှုတွေကို ကြိုဆိုတယ်လို့ ပြောကြတယ်။ အခုလို တက္ကသိုလ်က ဆရာ ဆရာမတွေအတွက် မွမ်းမံသင်တန်းလုပ်ရင်း ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်တွေအတွက် ဖောင်ကြီးမှာ ပဲသင်တန်းတွေ ပေးခဲ့ရပြန်တယ်။ အပတ်စဉ် (၁)၊ (၂)၊ (၃) အထိ။ နောက်ပိုင်းမှာတော့ ကျွန်တော်နိုင်ငံခြားထွက်သွားလို့ ဖောင်ကြီးနဲ့ အဆက် ပြတ်ခဲ့တယ်။ ဒီတုန်းက သင်တန်းသားတွေနဲ့ ပြန်ဆုံခဲ့တယ်။ တချို့က အငြိမ်းစားယူခဲ့ကြပြီ။ တချို့တွေကတော့ ပါချုပ်တွေ၊ ညွှန်ချုပ်တွေဖြစ်နေကြပြီ။

ဖောင်ကြီး ဝန်ထမ်းတက္ကသိုလ်ဟာ တည်ရှိနေတဲ့ နိုင်ငံရေးစနစ်ကို ထင်ဟပ်ခြင်းဖြစ်တယ်။ မဆလခေတ်တုန်းက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အထောက်အကူဖြစ်စေတဲ့ ပြည်သူ့ဝန်ထမ်းတွေ မွေးထုတ်ဖို့ ကြိုးစားခဲ့တယ်။ တစ်ဖက်က စည်းကမ်းကို ရှေ့တန်းတင်ပြီး အမိန့်နာခံမှုကို ဦးစားပေးခဲ့တယ်။ ဒါကြောင့်လည်း စစ်သင်တန်းတွေကို ပေးခဲ့တာ။ တူညီဝတ်စုံတွေဝတ်၊ ဘယ်ညာမောင်းခဲ့တယ်။ အညမညအတွေးအခေါ်အရ ရိုက်သွင်းခဲ့တာ။ နဝတခေတ်မှာတော့ စောစောက ပြောသလို ဦးနှောက်ဆေးကြောရေးဟာ ကနဦးမှာ ဦးစားပေးခဲ့ခြင်း ဖြစ်တယ်။ နောက်ပိုင်းမှာ တူညီဝတ်စုံဝတ်စားမှု စစ်သင်တန်းတွေ လျှော့ပေါ့ခဲ့တယ်လို့ သိရတယ်။

### အရည်အသွေးမြှင့်တင်တဲ့ဌာန

၂၀၁၅ ခုနှစ် နောက်ပိုင်း ဒီမိုကရေစီစနစ်ကျင့်သုံးနေချိန်မှာ ဖောင်ကြီးနဲ့ဇီးပင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်ရဲ့အနေအထားကို စနစ်တကျသုံးသပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အမှန်တော့ ဗဟိုဝန်ထမ်းတက္ကသိုလ်ဟာ ရှိသင့်တဲ့ အဖွဲ့အစည်းဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းတွေရဲ့အရည်အသွေးမြှင့်တင်တဲ့ ဌာနတွေဖြစ်တယ်။ ပြည်သူ့ဝန်ထမ်းလို့ပြောရင် ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက်က ပုံစံအမျိုးမျိုးနဲ့ ရပ်တည်ခဲ့တယ်။ ကိုလိုနီခေတ်မှာတော့ နာမည်ကြီးလှတဲ့ အိုင်စီအက်စ်တွေ မွေးထုတ်ခဲ့တယ်။ ဘိလပ်ပြန်တွေဟာ တိုင်းပြည်ကို စီမံအုပ်ချုပ်ခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်မှာ အိုင်စီအက်စ်အစား ဘီစီအက်စ်တွေနဲ့ အစားထိုးခဲ့တယ်။ ဗျူရိုကရက်တွေအဖြစ် ပြစ်တင်ဝေဖန်ခြင်းခံခဲ့ရတယ်။ ၁၉၆၂ နောက်ပိုင်းမှာ ဒီစနစ်ကို ပယ်ဖျက်ခဲ့တယ်။ တစ်ချိန်တုန်းက အမြဲတမ်းအတွင်းဝန်အစား ညွှန်ကြားရေးမှူးချုပ်တွေနဲ့ အစားထိုးခဲ့တယ်။ ဦးသိန်းစိန်လက်ထက်မှာတော့ ဝန်ကြီးဌာနတွေမှာ အမြဲတမ်းအတွင်းဝန်တွေ ပြန်လည်ခန့်ထားခဲ့တယ်။ အစိုးရဝန်ကြီးဌာနတွေမှာ တပ်မတော်အရာရှိကြီးတွေကို တာဝန်ပေးခဲ့တာ နှစ်ပေါင်းကြာမြင့်ခဲ့တယ်။

### နမူနာယူစရာဖြစ်

အမှန်တော့ ပြည်သူ့ဝန်ထမ်းစနစ်ကို ဘယ်ပုံစံနဲ့ဖော်ထုတ်ရမလဲဆိုတာက အခြေခံမေးခွန်းဖြစ်တယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူ့ဝန်ထမ်းတွေဟာ နိုင်ငံရေးကင်းရှင်းရမယ်။ အာဏာရှိတဲ့အစိုးရကို တာဝန်ခံရမယ်။ ရွေးကောက်ပွဲကြောင့် ရွေးချယ်ခြင်းခံရတဲ့သူတွေကို သစ္စာရှိရမယ်။ မိမိကျွမ်းကျင်လိမ္မာမှုကို အခြေခံပြီး လိုအပ်တဲ့ အကြံတွေပြုရတယ်။ နောက်ဆုံးအဆုံးအဖြတ်က နိုင်ငံရေးအရ တာဝန်ရှိသူတွေက ဆုံးဖြတ်ရမှာသာဖြစ်တယ်။ သဘောမတူတဲ့အခါ နုတ်ထွက်ရဲတဲ့သတ္တိရှိရမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မကြာခင်က အမေရိကန်ပြည်ထောင်စုမှာဖြစ်တဲ့ ဖြစ်ရပ်ဟာ နမူနာယူစရာ ဖြစ်တယ်။ သမ္မတလုပ်သူက အမေရိကန်တပ်တွေကို ဆီးရီးယားနိုင်ငံက ရုပ်သိမ်းဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်က မှားယွင်းကြောင်း ကာကွယ်ရေးဝန်ကြီးလုပ်သူက တင်ပြပြီးပြန်လည်စဉ်းစားဖို့ တိုက်တွန်းခဲ့တယ်။ ဒါပေမယ့် သမ္မတလုပ်သူက သူ့ရဲ့အဆုံးအဖြတ်ကို မပြင်တဲ့အတွက် နောက်ဆုံးကာကွယ်ရေးဝန်ကြီး ရာထူးကနုတ်ထွက်သွားတယ်။

ပြည်သူ့ဝန်ထမ်းနဲ့ပတ်သက်ပြီး ကျွန်တော်နှစ်စဉ်ကြုံတွေ့ရတဲ့ အတွေ့အကြုံကို မျှဝေချင်ပါတယ်။ စင်ကာပူနိုင်ငံမှာ တာဝန်ယူထားတဲ့ ပြည်သူ့ဝန်ထမ်းတွေကို တစ်နှစ်တစ်ကြိမ် အာဆီယံနိုင်ငံတွေကို လေ့လာရေးခရီးထွက်စေတယ်။ မြန်မာပြည်ကိုလည်း လာကြတယ်။ ရောက်တဲ့အခါကျွန်တော့်ကို သံအမတ်ကြီးက ဖိတ်ကြားလို့ ဟောပြောဆွေးနွေးခဲ့တယ်။ ထူးခြားချက်က သူတို့ရဲ့အသက်အားလုံးက ၄၀ အောက်။ ဒါပေမယ့် ရာထူးတွေက ဒုတိယအတွင်းဝန်တွေ။ အသက်ငယ်ငယ်နဲ့ ရာထူးတွေရထားတာ၊ လုပ်ရည်ကိုင်ရည်ကို အခြေခံထားတာ။ တော်တဲ့ သူကိုတော်သလောက်နေရာပေးပြီး တာဝန်ပေးတာ။ Meritocracy ဖြစ်တယ်။ ထူးချွန်တဲ့သူတွေက အသက်ငယ်ငယ်ကစပြီး ပြုစုပျိုးထောင်ခဲ့တယ်။ ကျွန်တော် ညွှန်ချုပ်ဖြစ်တဲ့အချိန်မှာ အသက် ၄၀ ကျော်။ အခုချိန်မှာ ညွှန်ချုပ်တွေအများစုက အသက် ၅၀ ကျော်နေကြပြီး ငယ်ရွယ်တဲ့သူတွေ ခန့်နိုင်ဖို့ သတ္တိရှိရမယ်။ အရေးကြီးဆုံးက အရည်အချင်းကို ဘယ်ပုံစံနဲ့ သတ်မှတ်မလဲဆိုတဲ့ကိစ္စ။

ကျွန်တော်ဟာ ဘွဲ့လွန်သင်တန်းတွေမှာ ယနေ့အချိန်အထိ ပို့ချလျက်ရှိတယ်။ အခုလို ဆောင်ရွက်တဲ့အခါ မိမိလေ့လာမှု၊ ဆည်းပူးမှုကိုအခြေခံပြီး တင်ပြတယ်။ နိုင်ငံရေးဟာ ကိုယ်နဲ့မဆိုင်ဘူး။ ကိုယ်ဟာပညာရှင်။ ပညာရှင်ပီသအောင် အမြဲကြိုးစားတယ်။ နိုင်ငံရေးအရောင်မဆိုးအောင် သတိထားတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ်မှာပို့ချတဲ့ ဆရာ ဆရာမတွေမှာ တာဝန်ရှိတယ်။ ဘာသာရပ်ကို အာရုံပြုရမယ်။ သင်တန်းသားတွေကို အဖြေမပေးဘဲ စဉ်းစားတတ်အောင် ကြိုးစားရမယ်။ အဖြေကို ကိုယ်တိုင်ရှာဖွေနိုင်အောင် အားပေးရမယ်။ အရာရာမှာ အမြင်တွေတူကြမှာ မဟုတ်ဘူး။ ဆရာတစ်ယောက်ရဲ့ တာဝန်က ရှုထောင့်အမျိုးမျိုးက သုံးသပ်နိုင်အောင် အားပေးရမယ်။ အမှန်တော့ ဆရာရဲ့တာဝန်က စဉ်းစားနိုင်စွမ်းရှိအောင် အားပေးရမှာ ဖြစ်တယ်။ တစ်ဖက်ကလည်း သင်ရိုးညွှန်းတမ်းတွေကို သုံးသပ်ရမှာ ဖြစ်မယ်။ ကိုယ်သင်ချင်တာကို သင်လို့ မဖြစ်ဘဲ ဘာသာရပ်နဲ့ ပတ်သက်ပြီး ပြီးပြည့်စုံတဲ့သင်ရိုးညွှန်းတမ်းဘောင်အတွင်းမှာ ဆောင်ရွက်ရမှာ ဖြစ်တယ်။ လွတ်လပ်ခွင့်ရှိတယ်လို့ ပြောပေမယ့် တစ်ဖက်ကလည်း တာဝန်ခံမှုရှိဖို့ လိုအပ်တယ်။

### နိုင်ငံတကာအဆင့်မီဖြစ်စေချင်

ကျွန်တော်ကတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေကို နိုင်ငံတကာအဆင့်မီအောင် ဖြစ်စေချင်တယ်။ အာဆီယံနိုင်ငံတွေမှာ၊ အနောက်နိုင်ငံတွေမှာ ပြည်သူ့ဝန်ထမ်းတက္ကသိုလ် အမြောက်အမြားရှိတယ်။ သူတို့ဆီက နမူနာယူနိုင်တယ်။ ကျွန်တော်ဟာ ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ ရှစ်နှစ်တာဝန်ယူခဲ့တယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေမှာ တာဝန်ယူနေကြတဲ့ အရာရှိကြီးတွေကို သင်တန်းပေးခဲ့တာ။ ခေါင်းဆောင်မှုပညာ၊ အုပ်ချုပ်မှုပညာ၊ စီမံခန့်ခွဲမှုပညာတွေကို တာဝန်ယူပြီး ပို့ချခဲ့တယ်။ သင်တန်းတွေဟာ နိုင်ငံအသီးသီး၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးက တာဝန်ယူနေကြသူတွေ၊ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာကိုသာ အာရုံပြုပြီး စီစဉ်ခဲ့တာ။ နိုင်ငံရေးလုံးဝ မပတ်သက်ခဲ့ဘူး။ အခုလိုပြောလို့ နိုင်ငံရေးအယူအဆ လုံးဝမရှိရဘူးလို့ဆိုတာ မဟုတ်ဘူး။ အယူအဆဟာ ကိုယ်ရေးကိုယ်တာကိစ္စ၊ ရွေးချယ်မှုဖြစ်တယ်။ မိမိရဲ့ခံယူချက်ကို အလုပ်နဲ့မရောဖို့၊ မပတ်သက်ဖို့ သတိထားရမှာ ဖြစ်တယ်။ ဝန်ထမ်းတက္ကသိုလ်နဲ့ ပတ်သက်ပြီး ဦးဆောင်မှု၊ ခေါင်းဆောင်မှုက ပဓာနဖြစ်တယ်။ ကျွန်တော်ကတော့ တာဝန်အရှိဆုံးဟာ အဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်တယ်လို့ ယုံကြည်တယ်။ ဦးဆောင်မှု၊ ခေါင်းဆောင်မှုဟာ အရာရာကိုလွှမ်းမိုးတာ။ ဇီးပင်ကြီးမှာဖြစ်တာက စနစ်ပြဿနာဖြစ်တယ်။ ဝန်ထမ်းတက္ကသိုလ်အတွက်သာမက ပြည်သူ့ဝန်ထမ်းများ အရည်အသွေးမြင့်မားမှုနဲ့ ပတ်သက်တယ်။ စနစ်တစ်ခုလုံးကို လွှမ်းခြုံကြည့်ပြီး အဖြေရှာဖို့ လိုအပ်ကြောင်း သုံးသပ်မိပါတယ်။

ဇီးပင်ကြီးအကြောင်းသုံးသပ်ရင်း ဖြစ်ပေါ်နေတဲ့ အခြေအနေ တင်ပြသူကို (Whistle blowing) ခရာမှုတ်ခြင်းဖြစ်တယ်လို့ မြင်နိုင်တယ်။ ဘောလုံးပွဲမှာ ပြစ်ဒဏ်ကျူးလွန်တယ်လို့မြင်ရင် ဒိုင်လူကြီးလုပ်သူက ခရာမှုတ်တယ်။ အခုလိုပဲ အဖွဲ့အစည်းတွေမှာ အမြင်မတော်တာကိုတွေ့ရင်၊ မြင်ရင် မနေသာတဲ့သူက ခရာမှုတ်ရမယ်။ မှုတ်တဲ့သူကိုလည်း အကာ အကွယ်ပေးရမှာ။ အပြစ်ယူရင် မှုတ်မှာ မဟုတ်တော့တာမို့ အားလုံးကောင်းနေတယ်လို့ ယူဆနိုင်တယ်။ ခရာမှုတ်တဲ့ ယဉ်ကျေးမှုကို အားပေးဖို့ လိုအပ်တယ်။ မှုတ်တဲ့နေရာမှာ ခိုင်လုံတဲ့ သက်သေအထောက်အထားရှိဖို့ လိုတယ်။ ဆန္ဒသဘောထားကို ဦးစားပေးခြင်းမဟုတ်ဘဲ ခိုင်လုံတဲ့၊ ပြည့်စုံတဲ့ အချက်အလက်အထောက်အထားတွေကို အခြေခံရမှာ ဖြစ်တယ်။

အဆိုးထဲကအကောင်းလို့ စဉ်းစားရင်ဖြစ်နေတဲ့ အခြေအနေအမှန်ကို အခုလိုဖော်ထုတ်နိုင်တာဟာ အမြတ်လို့ ယူဆနိုင်ပါတယ်။ သင်ခန်းစာယူပြီး ကောင်းမွန်တဲ့ပြည်သူ့ဝန်ထမ်း အရည်အသွေး မြှင့်တင်နိုင်စေမယ့် ဝန်ထမ်းတက္ကသိုလ်တွေ ပေါ်ပေါက်ပါစေလို့ ဆန္ဒပြုရမှာသာဖြစ်တယ်။ ။

> “ကျွန်တော်ကတော့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေကို နိုင်ငံတကာအဆင့်မီအောင် ဖြစ်စေချင်တယ်။ အာဆီယံနိုင်ငံတွေမှာ၊ အနောက်နိုင်ငံတွေမှာ ပြည်သူ့ဝန်ထမ်းတက္ကသိုလ် အမြောက်အမြားရှိတယ်။ သူတို့ဆီက နမူနာယူနိုင်တယ်”

## ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းမြို့၌ ရိုးရာကျွဲခတ်ပွဲ ကျင်းပ

**မိုင်းယန်း ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ်တွင်နှစ်စဉ်ကျင်းပမည်ဖြစ်သော ရိုးရာကျွဲခတ်ပွဲကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါရိုးရာကျွဲခတ်ပွဲတွင် မြို့ပေါ်အပါအဝင်ကျေးရွာများကလည်း မိမိတို့၏ ကျွဲများကို ကွင်းအတွင်းသို့ ခေါ်ဆောင်လာပြီး သွေးဆူ၍တစ်ကောင်နှင့်တစ်ကောင်တိုက်ခိုက်ချင်လာအောင် အရက်အနည်းငယ် တိုက်ပေးရသည်။ ဆက်လက်၍ ပြိုင်ပွဲစတင်သည့်အခါ ယှဉ်ပြိုင်တိုက်ခိုက်ကြမည့် ကျွဲနှစ်ကောင်ကို ခေါင်းချင်းဆိုင်ပေးလိုက်ပြီး ကျွဲပိုင်ရှင်နှစ်ဦးနှင့်ပွဲကြည့်ပရိသတ်များက အော်ဟစ်အားပေးကြသည်။ ကျွဲကြီးနှစ်ကောင်သည် ဦးချိုဖြင့်ခတ်ကြ၊ ဝှေ့ကြ၊ တွန်းကြရင်းကွင်းအတွင်းမှ ထွက်ပြေးသော ကျွဲကို အရှုံးသတ်မှတ်ပြီး အနိုင်ရရှိသော ကျွဲပိုင်ရှင်က မိမိ၏ကျွဲကို ဆွဲခေါ်၍ ပရိသတ်ရှေ့တွင် နေရာယူကာ သက်ဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ပြီး မြို့နယ်အားကစားကွင်းအတွင်း ဈေးသည်ဈေးဝယ်များဖြင့် ညနေ ၅ နာရီအထိ စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် Japan Federation of Bar Associations (JFBA) မှ ဥက္ကဋ္ဌ Mr.Ikeuchi Masatoshi နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ JICA Judicial and Legal Project မှ အကြံပေးအရာရှိချုပ် Mr. Nose Kazunori နှင့်အဖွဲ့တို့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ခုံရုံးကဆုံးဖြတ်ခဲ့သည့်တင်သွင်းလွှာများ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ ရှေ့နေရှေ့ရပ်များ၏ အခန်းကဏ္ဍများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ JFBA က မြန်မာနိုင်ငံရှေ့နေအဖွဲ့အစည်းများအား ဥပဒေပညာပြန့်ပွားရေးအတွက် အကူအညီပေးမည့်ကိစ္စရပ်များ၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်ဝင်း၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ India International Institute of Democracy and Election Management (IIIDEM)သင်တန်းကျောင်းမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ်ဖြစ်သူ ဒေါက်တာ နူးရ်မိုဟာမက်နှင့် နည်းပြဆရာများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**




သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့ဖွင့်လှစ်သည့်သင်တန်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သော ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အစီအစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်မှ သုံးကြိမ် လာရောက်ပို့ချမည်ဖြစ်ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်နှင့် လျှောက်လှမ်းမှုသည် အချိန်တိုတောင်းနေသည့်အတွက် ပြည်သူလူထုအတွက်သာမက ကော်မရှင်ရုံးဝန်ထမ်းများအတွက်ပါ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အတွေ့အကြုံ၊ ဗဟုသုတများ ဖြည့်ဆည်းပေးရန် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းအရ လုပ်ငန်းစဉ်များစွာရှိသော်လည်း မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းစဉ်သည် အလွန်အရေးကြီးပါကြောင်း၊ သင်တန်းသားများအနေဖြင့် အလေးအနက်ထား သင်ယူလေ့လာကြစေလိုကြောင်း၊ အိန္ဒိယနိုင်ငံ၏ မဲဆန္ဒရှင်စာရင်းကောက်ယူမှုစနစ်မှ အားသာချက်၊ အားနည်းချက်များကို လေ့လာ၍ မိမိတို့မဲဆန္ဒရှင်စာရင်းပြုစုသည့် လုပ်ငန်းစဉ်တွင် အကျိုးရှိရှိ အသုံးပြုနိုင်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေါက်တာ နူးရ်မိုဟာမက်က မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် လုံလောက်သောဘတ်ဂျက်ရှိရန်လိုအပ်သည့်အပြင် ဝန်ထမ်းများ၏ စီမံခန့်ခွဲမှုကောင်းခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရန်လိုကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း သင်တန်းငါးခုဖွင့်လှစ်ရန် စီစဉ်ထားပြီး ယခုသင်တန်းသည် တတိယသင်တန်းဖြစ်ကြောင်း၊ စတုတ္ထသင်တန်းကို အိန္ဒိယနိုင်ငံနှင့် ပဉ္စမသင်တန်းကို မြန်မာနိုင်ငံတို့တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကို အာဘေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ အိချိရို မာရုယာမာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**လေ့လာ**

ထို့နောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ဂျပန်စစ်သင်္ချိုင်းနှင့် ဒဂုံမြို့နယ် သံတမန်လမ်းရှိ ရန်ကုန်ဂျပန်စာသင်ကျောင်း (Yangon Japanese School) တို့သို့ သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂ / ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
| --- | --- | --- |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၏ မြောက်ဘက်ကျွန်းတောအနီး မူးယစ်ဆေးဝါးများ ရောင်းဝယ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၇-၁-၂၀၁၉ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ သက္ကယ်ကျင်းကျေးရွာ၏ မြောက်ဘက်ကျွန်းတောအနီးရော်ဘာခြံရှိနေအိမ်တဲအား သတင်းအရ ဝင်ရောက်ရှာဖွေရာ တင်အေး (၆၆)နှစ်၊ (ဘ) ဦးအိုက်ကံအား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဝန်းသို) မယ (ပ) ၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၂ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ တောင်ချောင်းပေါက်တဲတိုက်နေ လှမြိုင်သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၁-၂၀၁၉ ရက်နေ့တွင် မြို့သစ်မြို့နယ်၊ ကွင်းကြီးကျေးရွာအုပ်စု၊ တောင်ချောင်းပေါက်တဲတိုက်နေ လှမြိုင်(၃၆)နှစ်၊ (ဘ) ဦးကိုငယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြို့သစ်) မယ(ပ) ၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများမူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၂) မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၉)ဦး၊ မ(၃)ဦး၊ ပေါင်း(၃၂)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၆-၁-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ သင်္ချိုင်းကုန်းအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းရပ်ကွက်နေ ကျော်စိုး(ခ)ကျားဟွေ့(၃၂)နှစ်၊ (ဘ) ဦးခွန်လောက်တာ အား 88/1 စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၄/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ၉-၁-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ သင်္ချိုင်းကုန်းအနီး ကာလိုင်ကျေးရွာအုပ်စု၊ ဇွမ်အောင်ကျေးရွာနေ ဂမ်အောင်(၂၀)နှစ်၊ (ဘ) ဦးလရောင်နှင့် နော်ဘောက်(၂၀)နှစ်၊ (ဘ)ဦးဘရမ်မိုင်တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းတို့ထံမှ 88 / 1 နှင့် 7 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ (ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ၁၁-၁-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိအမှုများမှ ကွင်းဆက် သတင်းအရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ လမ်းသွယ်(၂)၌ ၎င်းရပ်ကွက်နေ ကော်ချန်း(၄၅)နှစ်၊ (ဘ) ဦးကော်ဝမ်ကျန်း အား 88 / 1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှ ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၁၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၈-၁-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၇)၊ မုံတဝလမ်းနှင့် ဘုရားကုန်းအတက်လမ်းထောင့်၌ စောင့်ဆိုင်းနေစဉ် ၎င်းရပ်ကွက်၊ နယ်မြေ(၇)၊ စံပယ်လမ်းနေ ဇော်မင်းထိုက်(ခ) ကုလား (ခ) ဂျစ်ကနူး(၃၀)နှစ်၊ (ဘ)ဦးမြင့်နိုင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး) မယ(ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၁၂-၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၅၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၅၉၉)ဦး၊ မ(၁၁၁)ဦး၊ ပေါင်း(၇၁၀)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၆၆.၁၇)ဂရမ်၊ ICE (၂၅.၀၁)ဂရမ်၊ ဘိန်း(၃၈၆၀၆.၄၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၀၇၀၆၆)ပြား၊ ဆေးခြောက်(၃၇၀၄.၀၃)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၆၈.၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၃.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၄)လက်၊ ကျည်မျိုးစုံ(၂၁၁)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ မဒိန်ကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၃၄၆၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ မန်ရကျေးရွာအနီး ဟန်ထက်-မန်ရသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၉၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ (၄)ရပ်ကွက် ကားလမ်းမပေါ်၌ သတင်းအရ Mazda ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈၀) ပြား၊ မော်တော်ယာဉ်(၁)စီး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဖဲ့ထော်ကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်းစာရွက်(၂၅၈၀)ဂရမ်၊ ရေးမြို့နယ်၊ ခေါဇာမြို့ ကော့လှိုင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊(၆)မိုင်ကျေးရွာအနီး တောင်ကြီး-ဟိုပုံးသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ Revo ယာဉ်အားရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွ ဆေးပြား (၄၀၀၀၀)ပြား၊ ICE (၄၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစိမ်း(၂၆၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းစိမ်း(၅၃၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖယ်ခုံမြို့နယ်၊ နားဟီးကျေးရွာအနီး နားကုန်းရွာနှင့် ကာလရွာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၄၄၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းကိုင်မြို့နယ်၊ ပန်ကေတုရွာအနီး အမျိုးသား(၁)ဦးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ဆာလာအိတ် (၁)အိတ်အား ပစ်ချထွက်ပြေးသွားခဲ့သဖြင့် စစ်ဆေးရာ ဆာလာအိတ်အတွင်းမှ အမဲရောင် ပလတ်စတစ်အိတ်နှင့်ထည့်လျက် ဘိန်းဖြူ(၃၈၂၈၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၀၂၇)ဂရမ်၊ လားရှိုးမြို့ ခါးသျှီးကျေးရွာအဝင်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ ဘိန်းစိမ်း (၇၀၀၀) ဂရမ်၊ ဆိုင်ကယ် (၂)စီး၊ တန့်ယန်းမြို့ ရပ်ကွက်(၅)၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား( ၃၀၀၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ မူဆယ်မြို့နယ်၊ ဟိုနောင်ကျေးရွာလမ်းခွဲတွင် ယခင်သီတင်းပတ်၌ ဖမ်းဆီးရမိအမှုမှ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တိန်းလုံကျေးရွာတောင်ခြေ၌ ရပ်တန့်ထားသည့် Dongfeng (၁၂)ဘီးယာဉ်နောက်ခန်းရှိ ပလတ်စတစ်ပုံးများအတွင်းမှ Ethyl Ether (၈၉၆၀)လီတာ၊ Methanol (၂၀၈၀)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာ၌ တရားခံ အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၀)ပြား၊ ဘိန်းဖြူ(၂၀၀)ဂရမ်၊ နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းမပေါ်၌ သတင်းအရ AD Van ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀) ပြား၊ မော်တော်ယာဉ်(၁)စီး၊ တာချီလိတ်မြို့ ဝမ်မိုင် ရပ်ကွက် ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ICE(၁၀၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ တုံမဖွဲ့ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၇၄)ပြား၊ ဘိန်းဖြူ (၁၉၀)ဂရမ်၊ တမူးမြို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၊ အမှတ်(၁)ဂိတ်အနီး၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ (၁) ဂရမ်၊ Buprenorphine Tablet (၆)ပြား၊ မြို့မ(၁၂/ခ)ရပ်ကွက်အနီး၌ တရားခံ အမျိုးသား (၂)ဦးထံမှ ဘိန်းဖြူ(၀.၅)ဂရမ်၊ Buprenorphine Tablet (၃၆)ပြား၊ ခမ်းပါတ်မြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဘိန်းဖြူ(၀.၃)ဂရမ်၊ BuprenorphineTablet (၈)ပြား၊ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသ၊ ရွှေပြည်သာကျေးရွာအုပ်စု၊ လသာတိုးချဲ့ကွက်သစ်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ ဘိန်းဖြူ(၂၁၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ မြစ်ငယ်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မြိတ်မြို့ အထက်ရေပုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီးနှင့် မြိတ်မြို့ ခရူတောရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၀၀၀၀)ပြား ထပ်မံဖမ်းဆီးရမိခဲ့၊ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်၌ တရားခံအမျိုးသား (၅)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၈၉)ပြား၊ ဆိုင်ကယ်(၃)စီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်၊ မြို့ရှောင်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည် မြို့နယ်၊ သံလျှက်မှော်(တောင်)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၃၈)ပြား၊ ပုသိမ်ကြီးမြို့နယ်၊(၁၆)မိုင် စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့ ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀၀၀)ပြား၊ စဉ့်ကူး မြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၀၀)ပြား၊ မြစ်သားမြို့ ရွှေသူဌေးရပ်ကွက်၌ တရားခံ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၀၄၀)ပြား၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ၊ မိုင်တိုင်အမှတ်(၃၈/၃-၄) ၌ ယာဉ်အားရပ်တန့်စစ်ဆေးစဉ် တောင်ကြီးမှ မိတ္ထီလာသို့ ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသော တရားခံ အမျိုးသား(၁) ဦးထံမှ ဘိန်းစိမ်း (၁၅၀၀)ဂရမ်၊ ဘိန်းဆီခဲ (၆၅၀) ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၀)ပြား၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး (တောင်) ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၆၀)ပြား၊ ဆေးခြောက်(၂၂၈)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ အမှတ်(၁၉) ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၁)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခု ရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ (၁၄)မိုင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၄)ပြား၊ ICE(၁) ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ဆိုင်ကယ် (၁) စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၆-၁-၂၀၁၉ ရက်နေ့မှ ၁၂-၁-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၂၁၉)မှုတွင် တရားခံကျား (၂၈၂)ဦး၊ မ(၃၇)ဦး၊ ပေါင်း(၃၁၉)

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး NBC, MSNBC သတင်းဌာန၊ Japan Heart တို့နှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် NBC, MSNBC သတင်းဌာနမှ Mr. Benjamin Rhodes (ယာပုံ)နှင့် Japan Heart မှ Mr. Yuta Momose တို့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ မေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။**



NBC, MSNBC သတင်းဌာနနှင့်တွေ့ဆုံစဉ် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ထူထောင်ရေး၊ လူငယ်မူဝါဒရေးဆွဲ အကောင်အထည်ဖော်နေမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ၂၁ ရာစု ပင်လုံညီလာခံကျင်းပခဲ့မှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ရခိုင်ပြည်နယ်ရှိ လူ့အသိုင်းအဝိုင်းနှစ်ခုအကြား လူမှုသဟဇာတမျှတရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော စီမံချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအား နိုင်ငံတကာအဖွဲ့အစည်းများ၊ ကြက်ခြေနီ လှုပ်ရှားမှု၊ UEHRD လူငယ်လုပ်အားပေး စသည့်အစီအစဉ်များဖြင့် ပေးအပ်နေမှုများ၊ အမှန်တကယ်ပြောင်းလဲမှုများဖြစ်ပေါ်လာရေး၊ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ Japan Heart နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မျက်မမြင်ဆေးဘက်ဆိုင်ရာ အနှိပ်ပညာရပ် (Blind Medical Massage) ဖွံ့ဖြိုးတိုးတက်လာရေးနှင့် အမြင်အာရုံချို့ယွင်းသူများအနေဖြင့် အနှိပ်ပညာကို စနစ်တကျသင်ယူပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ဝန်ကြီးဌာနနှင့် Japan Heart အဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ မျက်မမြင်အနှိပ်ပညာအား စနစ်တကျ သင်ကြားနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲရေး၊ သင်တန်းအား အခြေခံအဆင့် တစ်နှစ်သင်တန်း၊ အဆင့်မြင့် တစ်နှစ်ခွဲသင်တန်း စသည်ဖြင့် သတ်မှတ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးနိုင်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# အခုတွေ့ဆုံမှုက မျှော်လင့်တာထက် ယုံကြည်မှုကို ပိုပြီးတည်ဆောက်နိုင်တယ်

ချင်းမိုင် ဇန်နဝါရီ ၁၄

**ရပ်တန့်နေသည့် တရားဝင်ဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး(KNU) ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး NCA စာချုပ်လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် ကရင်နီအမျိုးသားတိုးတက်ရေး (KNPP) နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။**

ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်က ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် မွန်းလွဲပိုင်းတွင် ကရင်နီအမျိုးသားတိုးတက်ရေး (KNPP) နှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

KNU ၊ RCSS ၊ KNPP တို့နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရာတွင် အစိုးရကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ အဖွဲ့ဝင် ဦးအောင်စိုး၊ နိုင်ငံတော်၏ အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူး အဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နည်းပညာအထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ ပါဝင်ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ရက်တာ တွေ့ဆုံဆွေးနွေးမှုများကို သိရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင် ဦးလှမောင်ရွှေအား ဆက်သွယ်မေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး ။ ။ အခု NCA လက်မှတ်ရေးထိုးထားတဲ့ KNU, RCSS အပါအဝင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ KNPP တို့နဲ့ နှစ်ရက်တာ တွေ့ဆုံဆွေးနွေးမှု အခြေအနေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ။ ကျွန်တော်တို့ ဇန်နဝါရီလ ၁၂ ရက်နေ့က ချင်းမိုင်ကိုရောက်တယ်။ ၁၃ ရက်နေ့မှာ KNU ကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးတယ်။ ၁၄ ရက်နေ့မှာတော့ RCSS , KNPP တို့နဲ့ ဆွေးနွေးတယ်။ အလွတ်သဘောပါ။ အဓိကကတော့ NCA ရေးထိုးပြီးသားဖြစ်တဲ့ KNU နဲ့ RCSS တို့က တရားဝင်ဆွေးနွေးပွဲတွေကို ခဏရပ်ဆိုင်းထားတာရှိတော့ တရားဝင်ဆွေးနွေးပွဲတွေမှာ အမြန်ဆုံးပါဝင်လာနိုင်ဖို့အတွက် လိုအပ်တဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လာလုပ်တာဖြစ်ပါတယ်။ နိုဝင်ဘာလတုန်းကလည်း ကျွန်တော်တို့ ချင်းမိုင်ကိုလာခဲ့သေးတယ်။ အရင်တစ်ခေါက်ထက် အခုတစ်ခေါက်က KNU နဲ့ရော RCSS နဲ့ပါ နှစ်ဖက်စလုံးမှာ ပိုပြီးတိုးတက်မှုရှိတယ်။ သူတို့ရဲ့ ဆွေးနွေးချက်တွေကိုလည်း ကျွန်တော်တို့က ပြန်လည်ရှင်းပြနိုင်သလို အချို့ဟာတွေကိုလည်း ဆက်ဆွေးနွေးသွားဖို့ ရှိပါတယ်။ နောက် RCSS ကိုလည်း ဒီလမကုန်ခင် နေပြည်တော်မှာ အစည်းအဝေးတစ်ခုလုပ်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါကို RCSS က လက်ခံတယ်။ အစည်းအဝေး ကျင်းပမယ့် ရက်ကို RCSS ကို ပြန်လည် အကြောင်းပြန်ပါမယ်။ KNU ကိုလည်း တရားဝင်ဆွေးနွေးနွေးပွဲတွေမှာ အမြန်ဆုံးပါဝင် လာနိုင်ဖို့နဲ့ စတင်ညှိနှိုင်းဖို့လိုတယ်ဆိုတာပြောပြီး ဒီလမကုန်ခင်မှာပဲ ရန်ကုန်မှာ တွေ့ဆုံဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါကိုလည်း မူအနေနဲ့ လက်ခံပြီး ရက်ကိုတော့ ပြန်လည်ညှိရမယ် ပြောပါတယ်။ ဒါကြောင့် နှစ်ဖွဲ့စလုံးက တိုးတက်မှုတွေရှိတယ်။

**မေး ။ ။ နိုဝင်ဘာလတုန်းက KNU နဲ့ အလွတ်သဘောဆွေးနွေးမှုမှာ နိုဝင်ဘာလကုန် သို့မဟုတ် ဒီဇင်ဘာလထဲ တွေ့ဖို့ရှိတယ်လို့ ပြောခဲ့တာရော တွေ့ဆုံခဲ့သေးလား။**

ဖြေ ။ ။ အဲဒီတုန်းက ကျွန်တော်တို့ရော KNU ရော နှစ်ဖက်လုံး အလုပ်များနေတော့ KNU ဘက်က ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဆရာတူးတူးလေးနဲ့ ဒီဇင်ဘာမှာ အလွတ်သဘော လာရောက်တွေ့ဆုံခဲ့တာရှိပါတယ်။ အခုတွေ့ဆုံမှုကတော့ မျှော်လင့်တာထက် ယုံကြည်မှုကို ပိုပြီးတည်ဆောက်နိုင်တယ်။ ပိုပြီးတော့ ဆွေးနွေးနိုင်ခဲ့တယ်။ အဲဒီအတွက် ဝမ်းသာပါတယ်။

**မေး ။ ။ အပစ်ရပ်စာချုပ် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ KNPP နဲ့ အလွတ်သဘော တွေ့ဆုံမှုကရော ဘယ်လိုအခြေအနေမျိုးရှိပါလဲ။**

ဖြေ ။ ။ KNPP နဲ့က ၂၀၁၂ မတ်လမှာ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့တယ်။ နောက် ပြည်ထောင်စုအဆင့် သဘောတူညီဖို့လည်း ရှိပါတယ်။ အဲဒီနောက်ပိုင်း ပဋိပက္ခကြီးကြီးမားမား မရှိပေမယ့် ထိတွေ့မှု အနည်းအကျဉ်း ဖြစ်ခဲ့တာရှိတယ်။ ဒါကြောင့် KNPP နဲ့ ကျွန်တော်တို့ကြားမှာ NCA လက်မှတ်ရေးထိုးဖို့ အခက်အခဲမရှိဘူး။ ဘာအခက်အခဲရှိသလဲဆိုတော့ KNPP အဖွဲ့ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဒေသန္တရဆိုင်ရာ အခက်အခဲနဲ့ ကျွန်တော်တို့ဘက်က ဝိုင်းဝန်းကူညီဖြေရှင်းရမယ့် အချက်အချို့ ရှိတယ်။ KNPP သည် NCA ထိုးဖို့ ရည်ရွယ်ပြီးသား ဖြစ်တယ်လို့ပြောတယ်။ အခုလည်း ထပ်ပြောပါတယ်။ လက်မှတ်ထိုးဖို့ပဲ ကျန်တယ်။ ကျန်တဲ့ အချက်တွေကိုတော့ သဘောတူညှိနှိုင်းဖို့ပဲ ရှိတယ်။ ဒါကြောင့် ဒီတစ်ခေါက် အလွတ်သဘောတွေ့ဆုံမှုက အောင်မြင်တယ်လို့ သတ်မှတ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့အနေနဲ့ ဒီနှစ်ထဲမှာ ညီလာခံကို အနည်းဆုံး နှစ်ကြိမ် ကျင်းပနိုင်ဖို့စီစဉ်နေတာကို ကျွန်တော်တို့ရဲ့ အထူးအစည်းဝေးမှာ ဆုံးဖြတ်ထားတာဖြစ်တဲ့အတွက် အပေါင်းလက္ခဏာဆောင်နိုင်အောင် လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေကို ဒီလမကုန်ခင်မှာ ကြိုတင်ပြင်ဆင်ညှိနှိုင်းမယ့် အစည်းအဝေးတွေ ခေါ်ဖို့စီစဉ်နေတာရှိပါတယ်။ အဲဒါအတွက်လည်း လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေနဲ့ ညှိနှိုင်းရပါမယ်။

**မေး ။ ။ KNU နဲ့ RCSS တို့က တရားဝင်ဆွေးနွေးပွဲတွေမှာပါဝင်ဖို့ ခေတ္တဆိုင်းငံ့ထားခဲ့တဲ့ အခက်အခဲတွေက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ ဒါကတော့ သူတို့ရဲ့ထုတ်ပြန်ကြေညာချက်တွေမှာ ရေးထားတာရှိပါတယ်။ အဲဒီ ကြေညာချက်တွေကို ကျွန်တော်တို့က တစ်ချက်ချင်း ဆွေးနွေးတာရှိပါတယ်။ အချို့အချက်တွေကတော့ သူတို့ထင်မြင်သလို မဟုတ်ဘူးဆိုတာ ကျွန်တော်တို့ ရှင်းပြနိုင်တယ်။ အချို့အချက်တွေကိုတော့ သူတို့နဲ့ ကျွန်တော်တို့ကြားထဲမှာ နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွေ ရှိတယ်။ အချို့အချက်တွေကတော့ သူတို့နဲ့ ကျွန်တော်တို့ချည်းပဲ သဘောတူညီလို့မရဘူး။ ကျန်တဲ့ အဖွဲ့ဝင်တွေနဲ့ပါ လုပ်ရမယ့် သဘောတူညီမှုရှိတဲ့အတွက် အဲဒီအရာတွေကိုပါ ဆွေးနွေးဖြစ်ပါတယ်။

**မေး ။ ။ KNU နဲ့ RCSS က NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေထဲမှာ အခိုင်မာဆုံးနှစ်ဖွဲ့ဖြစ်နေတော့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာနိုင်မလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ ။ ။ NCA ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက အဓိကသယ်ဆောင်လာတာဖြစ်တော့ အဲဒီဖြစ်စဉ်အတိုင်းသွားမယ်ဆိုရင် နိုင်ငံရေးသဘောတူညီမှုတွေ ရအောင်ယူဖို့လိုတယ်။ အဲဒီသဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အနေနဲ့ဆက်ပြီး အကောင်အထည်ဖော်ဖို့လိုတယ်။ ဒါတွေက NCA လမ်းညွှန်ချက်ထဲမှာပါတော့ ကျွန်တော်တို့ ဒီအတိုင်းပဲ ဆက်လက်ဆောင်ရွက်ရပါမယ်။ ကျွန်တော်တို့ အားလုံးရဲ့ကြားထဲမှာ အခက်အခဲရှိတာက အဓိပ္ပာယ်လွဲတာ၊ နောက် ခုနကပြောခဲ့တဲ့ ယုံကြည်မှုကို ပိုမိုတည်ဆောက်ဖို့လိုတာတွေကတော့ ဆက်လက်ဆောင်ရွက်ရပါမယ်။

**မေး ။ ။ ၂၀၁၉ မှာ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရရဲ့အစီအစဉ်ကို ပြောပြပေးနိုင်မလား။**

ဖြေ ။ ။ ၂၀၁၉ က ကျွန်တော်တို့ အစိုးရရဲ့ အစီအစဉ်မဟုတ်ဘူးလေ။ ညှိနှိုင်းပြီး သွားရမှာဖြစ်တယ်။ ကျွန်တော်တို့က ၂၀၁၉ မှာ ညီလာခံ နှစ်ကြိမ်ခေါ်နိုင်ဖို့ ကြိုးစားမယ်။ ဒါကလည်း ဆွေးနွေးပြီးသားဖြစ်ပါတယ်။ ဒီအတွက်လည်း ယုံကြည်မှုကို တည်ဆောက်ရမယ်။

**ရဲခေါင်ညွန့်**



ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့် အဖွဲ့နှင့် RCSS တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးစဉ်။

*စာမျက်နှာ ၈ မှ*

ဦးကို ဘိန်းဖြူ(၄၂၆၆၇.၄)ဂရမ်၊ ICE(၁၄၁၈၅.၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၅) ဂရမ်၊ ဘိန်းစိမ်း(၁၀၀၆၆၇.၆၄)ဂရမ်၊ ဘိန်းစာရွက်(၂၅၈၀)ဂရမ်၊ ဘိန်းစာမှုန့်(၂၀)ဂရမ်၊ စိတ်ကြွဆေးပြား (၂၈၃၄၂၁)ပြား၊ ဆေးခြောက် (၃၈၉.၄၉) ဂရမ်၊ ဘိန်းဆီခဲ(၆၅၀) ဂရမ်၊ Ethyl Ether (၈၉၆၀)လီတာ၊ Methanol (၂၀၈၀)လီတာ၊Ketamine(၂)ဂရမ်၊ Buprenorphine Tablet (၅၀) ပြား၊ တူမီးသေနတ်(၂)လက်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |





ကလေးစာပေပွဲတော်(စစ်ကိုင်း) ဒုတိယနေ့သို့ လာရောက်ဆင်နွှဲကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ကလေးစာပေပွဲတော် (စစ်ကိုင်း) တွင် ဇီဝဗေဒပြခန်း၌ ကလေးများ လက်တွေ့လေ့လာနေကြစဉ်။

# ကလေးစာပေပွဲတော်(စစ်ကိုင်း) ဒုတိယနေ့တွင် လာရောက်ဆင်နွှဲသူ ရှစ်သောင်းကျော်ရှိ

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့ကို ယနေ့ ဆက်လက်ပြီး စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ လာရောက်ဆင်နွှဲသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပြပွဲတွင် စစ်ကိုင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ လာရောက်ဖျော်ဖြေသည့် ရိုးရာယဉ်ကျေးမှုအကများနှင့် တိုင်းရင်းသားအကများ၊ ဆင်အက၊ ခြင်းလုံးခတ်ကစားခြင်းတို့တွင် ပွဲတော်လာရောက်ဆင်နွှဲကြသူများ တစ်ခဲနက်အားပေးကြသည်။

ထို့ပြင် ပြပွဲကျင်းပရေးကော်မတီက စီစဉ်ထားသည့် ကဗျာရွတ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် အခြားပျော်ရွှင်ဖွယ်ရာ ကစားနည်းများတွင် ကျောင်းသားကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အလားတူ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏ ပြခန်းများနှင့် စစ်ကိုင်းခရိုင်အတွင်းမှ လက်မှုထုတ်ကုန်ပြခန်းများတွင်လည်း ကျောင်းသားကျောင်းသူများ၊ ကလေးငယ်များ၊ ဆရာ ဆရာမများ၊ ပြည်သူများ စိတ်ဝင်တစား ဝင်ရောက်လေ့လာကြပြီး ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်တွင် စာအုပ်အရောင်းဆိုင်ပေါင်း ၈၁ ဆိုင် ဖွင့်လှစ်ရောင်းချခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်က ရောင်းချရငွေ စုစုပေါင်း ငွေကျပ် ၁၆၅ သိန်းကျော်ရှိပြီး ယနေ့တွင် ငွေကျပ် ၂၅၅ သိန်းကျော်ရှိကြောင်း သိရသည်။





ကလေးစာပေပွဲတော်(စစ်ကိုင်း) ရှိစာအုပ်ဆိုင်တွင် ကျောင်းသား ကျောင်းသူများက စာအုပ်များ ရွေးချယ်ဝယ်ယူကြစဉ်။

ပွဲတော်တွင် လာရောက်ဆင်နွှဲသူများအား စစ်ကိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်း၊ မာမားခေါက်ဆွဲ၊ အိုဗာတင်းနှင့် Best White ကော်ဖီတို့မှ အစားအစာ၊ အချိုရည်နှင့် ရေသန့်ဘူးများ စသည်တို့ကို အာဟာရဒါနအဖြစ် ဝေငှခဲ့ကြသည်။



ကလေးစာပေပွဲတော်(စစ်ကိုင်း) ၌ လာရောက်ဆင်နွှဲကြသူများအား ဆင်အကအလှုများဖြင့် ဖျော်ဖြေနေစဉ်။

ယနေ့ ကျင်းပသည့် အားကစားပြိုင်ပွဲများမှာ နောက်ဆုံးဗိုလ်လုပွဲများဖြစ်၍ ယမန်နေ့ကထက် ပိုမိုအားထည့် ယှဉ်ပြိုင်ခဲ့ကြပြီး အားပေးသူလည်း ပိုမိုများပြားခဲ့သည်။ ညနေပိုင်း ပြိုင်ပွဲများတွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား ပေးအပ်ချီးမြှင့်သည်။

ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်သည့် စာပေဟောပြောပွဲတွင် မြင်းမူမောင်နိုင်မိုးက ကဗျာထဲက ဘဝ၊ ဘဝထဲက ကဗျာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာရဲသျှမ်းက ဇ - ဇရပ်မှာ တည်းခိုပါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ ထို့ပြင် စာပေဆွေးနွေးပွဲကို အတန်းပညာနှင့် အတတ်ပညာ ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်၊ ဆရာသစ်ဝေခ၊ အမောင်(ပုဂံ)၊ ဆရာဇော်နောင်ဟိန်း၊ ဆရာသက်နိုင်ထွန်းတို့က ဆွေးနွေးကြပြီး တက်ရောက် နားထောင်သူ စုစုပေါင်း ၂၅၀ ကျော် ရှိကြောင်း ရှိသည်။

ယနေ့ပြုလုပ်သည့် စာပေဟောပြောပွဲတွင် ဆရာမျိုးသူရ (စစ်ကိုင်း)က ငါတို့ခေတ်၊ မင်းတို့ခေတ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာဇော်နောင်ဟိန်းက လူငယ်တွေ ခွန်အားရှိဖို့လိုသည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ပြီး တက်ရောက်နားထောင်သူ စုစုပေါင်း ၇၀ ကျော် ရှိကြောင်း သိရှိရသည်။

ကလေးစာပေပွဲတော်(စစ်ကိုင်း)သို့ ဇန်နဝါရီ ၁၃ ရက်တွင် လာရောက်ပါဝင်ဆင်နွှဲသူ ခုနစ်သောင်းကျော်ရှိပြီး ယနေ့တွင် စုစုပေါင်း ရှစ်သောင်းကျော်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)**
**ဓာတ်ပုံ-အောင်ဖြိုးကျော်**

# ကလေးစာပေပွဲတော်(စစ်ကိုင်း)သို့ လာရောက်ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများ

စစ်ကိုင်း ဇန်နဝါရီ ၁၄

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဒုတိယနေ့တွင် လာရောက် ပါဝင်ဆင်နွှဲကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြအပ်ပါသည်-**

**မပြည့်ပြည့်ဖြိုးမွန် (နဝမတန်းကျောင်းသူ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်း)**

ကလေးစာပေပွဲတော်မှာ သမီးတို့ကျောင်းက ပါဝင်ပြသတဲ့ ဓာတုဗေဒပြခန်းမှာ လက်တွေ့ဆောင်ရွက်မှုတွေ ပြသပေးဖို့ ပွဲတော်ကို လာရောက်တာပါ။ သမီးတို့ ပြခန်းကို လာရောက်ကြည့်ရှုတဲ့ ကျောင်းသား ကျောင်းသူတွေကို ဟိုက်ဒရိုဂျင်ဓာတ်ငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်ဖော်ပုံတွေကို လက်တွေ့ပြသခဲ့ပါတယ်။ နောက်ပြီး ကျောင်းကထုတ်တဲ့ ဆပ်ပြာနဲ့ ဓာတုဗေဒပစ္စည်းတွေကိုလည်း ရောင်းချပေးခဲ့ပါတယ်။ ဖျော်ဖြေရေး အစီအစဉ်အနေနဲ့ ရေဗေဒင်လည်း တွက်ပေးခဲ့ပါတယ်။

လက်တွေ့ဓာတ်ငွေ့ထုတ်ဖော်ပုံတွေကို လေ့လာခွင့်ရတဲ့ ကျောင်းသားကျောင်းသူတွေအနေနဲ့ ကျောင်းစာပြင်ပ ဗဟုသုတတိုးမယ်လို့ ထင်ပါတယ်။ အခြားဌာနဆိုင်ရာတွေက ပြသတဲ့ ပြခန်းတွေကလည်း ဗဟုသုတများစွာရရှိပါတယ်။ လာရောက်ဖွင့်လှစ်ရောင်းချတဲ့ စာအုပ်အရောင်းဆိုင်တွေကြောင့် ကိုယ်လိုချင်တဲ့ စာအုပ်တွေကို တစ်နေရာတည်းမှာ ဝယ်ယူခွင့်ရခဲ့ပါတယ်။ ဒါကြောင့် အခုလို ကလေးတွေအတွက် ဦးစားပေးပြီး ကျင်းပတဲ့ပွဲတော်တွေမှာ ပါဝင်ဆင်နွှဲစေချင်ပါတယ်။



မပြည့်ပြည့်ဖြိုးမွန်



ဒေါ်ကျော့ကျော့ခိုင်



မောင်သုနေစံ



မောင်ထူးသုတလင်းအောင်

**ဒေါ်ကျော့ကျော့ခိုင် (အထက်တန်းပြဆရာမ၊ လေ့ကျင့်ရေးအထက်တန်းကျောင်း၊ စစ်ကိုင်း)**

ကလေးစာပေ ပွဲတော်တွေက ကလေးတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် အမှန်တကယ် လိုအပ်ပါတယ်။ အခုကာလလို နည်းပညာမြင့်ပစ္စည်းတွေ ပေါ်များလာချိန်မှာ လူငယ်တွေ စာအုပ်စာပေတွေအပေါ် စိတ်ဝင်စားမှု အားနည်းလာတာကို ပြန်ပြီး စိတ်ဝင်စားမှု မြင့်တက်လာစေပါတယ်။ ပါဝင်ပြသတဲ့ ပြခန်းတွေမှာလည်း ဗဟုသုတတွေ အများကြီးရရှိနိုင်ပါတယ်။ စာအုပ်မျိုးစုံကို တစ်နေရာတည်းမှာ ရွေးချယ်ဝယ်ယူနိုင်တဲ့အတွက် ကလေးစာပေပွဲတော်လို့ အမည်တပ်ထားပေမယ့် လူကြီးတွေ ကျွန်မတို့လို

*စာမျက်နှာ ၁၁ သို့*

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ်(၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**သည် ယင်းပါတီ၏ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ၏ အလံပုံစံ**




**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD) ၏ တံဆိပ်ပုံစံ**

*စာမျက်နှာ ၁၀ မှ*

ဆရာ ဆရာမတွေအတွက်လည်း များစွာအကျိုးရှိပါတယ်။ အခုလို ကျွန်မတို့ စစ်ကိုင်းမြို့မှာ ကလေးစာပေပွဲတော် လာရောက်ကျင်းပပေးတဲ့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။



ဦးဝင်းမင်းဦး



ကိုဇော်




ဦးအောင်ကြီး

**မောင်သုနေစံ (ပဥ္စမတန်း၊ ရင်သွေးရတနာကိုယ်ပိုင်ကျောင်း)**

သားက ကလေးစာပေပွဲတော်မှာ "ချစ်သော ကမ္ဘာမြေ" တေးသရုပ်ဖော်တင်ဆက်မှုမှာ အစီအစဉ်တင်ဆက်သူအနေနဲ့ရော၊ ကုမ္ပဏီပိုင်ရှင်တစ်ဦးအနေနဲ့ပါ ပါဝင်ခဲ့ပါတယ်။ သားအနေနဲ့ အစီအစဉ်တွေကို ဖတ်ကြားတဲ့အခါမှာ အင်္ဂလိပ်လို ပြောပြီး တင်ဆက်ခဲ့ပါတယ်။ လူအများရှေ့မှာ တင်ဆက်ခဲ့ရတာဖြစ်လို့ စိတ်လှုပ်ရှားမှုရှိခဲ့ပေမယ့် ကြောက်စိတ်တော့ မဖြစ်ခဲ့ပါဘူး။ အခုလိုပွဲမျိုးကို အရင်ကလည်း ဆောင်ရွက်ခဲ့ဖူးပါတယ်။ အခုကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ပြပွဲမှာ ပြသထားတဲ့ ပြခန်းတွေထဲမှာ သိပ္ပံပညာနဲ့ ပတ်သက်တဲ့ ပြခန်းတွေကို ပိုပြီးစိတ်ဝင်စားပါတယ်။ ကိုယ်တိုင်လည်း ကြီးပြင်းလာတဲ့အခါမှာ တီထွင်ဖန်တီးမှုတွေ ဆောင်ရွက်နိုင်တဲ့ သိပ္ပံပညာရှင်တစ်ယောက် ဖြစ်ချင်ပါတယ်။

**မောင်ထူးသုတလင်းအောင် (မူလတန်းအောက်အဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ပထမဆုရှင်)**

သားတို့အဆင့်မှာ ၄၈ ယောက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ သားက ပထမဆု ရရှိပါတယ်။ သားရွတ်ဆိုခဲ့တဲ့ ကဗျာက ဥပုသ်စောင့်ကဗျာ ဖြစ်ပါတယ်။ ဒီကဗျာကို အလွတ်ရပြီဖြစ်ပေမယ့် ပြိုင်ပွဲအတွက် ငါးရက်လောက် ကြိုပြီး လေ့ကျင့်ခဲ့ပါတယ်။ အခု ကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ ပုံပြင်စာအုပ်တွေ၊ ရုပ်ပြစာအုပ်တွေ၊ ကဗျာစာအုပ်တွေနဲ့ ဉာဏ်စမ်းပဟေဠိစာအုပ်တွေ ဝယ်ဖြစ်ခဲ့ပါတယ်။ သားဆန္ဒကတော့ စစ်ကိုင်းမှာ အခုလို ကလေးစာပေပွဲတော်ကို နှစ်စဉ်ကျင်းပပေးစေချင်ပါတယ်။

**ဦးဝင်းမင်းဦး (ကျောင်းအုပ်၊ ကျားမင်းကြီးကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း)**

အခု ကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ ကျွန်တော်တို့ကျောင်းအနေနဲ့ ဖူဆယ်ဘောလုံးပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲလာဝင်တဲ့အချိန်မှာ ပြိုင်ပွဲကျင်းပရေးကော်မတီနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့အခါ တိကျသေချာတဲ့ လမ်းညွှန်မှု မရရှိခဲ့ပါဘူး။ ဒါကြောင့် တိကျသေချာတဲ့ လမ်းညွှန်မှုတွေ ရချင်ပါတယ်။ ကျွန်တော်တို့ ကျောင်းမှာ ကျောင်းသား ၃၀၀ ကျော် ရှိပေမယ့် ပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရခဲ့တဲ့ ကျောင်းသားကတော့ ဘဏ္ဍာရေးအခြေအနေအရ နည်းပါးပါတယ်။ အခုလို ပွဲတော်ကြီးမှာ ကျောင်းသားအားလုံး ပါဝင်ဆင်နွှဲနိုင်ဖို့ သက်ဆိုင်ရာတွေက စီစဉ်ဆောင်ရွက်ပေးစေချင်ပါတယ်။ အခု ကျွန်တော်တို့ကျောင်းက ပါဝင်ယှဉ်ပြိုင်တဲ့ ဖူဆယ်ဘောလုံးပြိုင်ကွင်းဟာလည်း အရည်အသွေးနိမ့်နေတာကို တွေ့ရပါတယ်။ အခြားဖျော်ဖြေရေး အစီအစဉ်တွေနဲ့ ပြိုင်ပွဲတွေမှာ အဆင်ပြေနေတာ တွေ့ရတဲ့အတွက် ဝမ်းသာရပါတယ်။ စစ်ကိုင်းခရိုင်မှာ ကျင်းပတဲ့အခါမှာ စစ်ကိုင်းခရိုင်အတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူအားလုံး ပါဝင်ဆင်နွှဲနိုင်ဖို့ သက်ဆိုင်ရာတွေက စီစဉ်ဆောင်ရွက်ပေးစေချင်ပါတယ်။

**ကိုဇော် (အသံချဲ့စက်ငှားရမ်းသူ)**

အခု ကျင်းပတဲ့ ကလေးစာပေပွဲတော်မှာ စတူဒီယိုပိုင်းနဲ့ ပတ်သက်ပြီး ဝန်ဆောင်မှုပေးထားပါတယ်။ ပွဲတော်ကာလအတွင်းမှာ မြင်တွေ့နေရတာတွေကတော့ ပြင်ပက စားသောက်ဆိုင်တွေ ခွင့်ပြုမထားတဲ့အတွက် ပွဲတော်မှာ လာရောက်ဆင်နွှဲသူတွေ ဝယ်ယူစားသောက်ဖို့ အခက်အခဲရှိတာကို တွေ့ရပါတယ်။

လူသောင်းနဲ့ချီပြီး တစ်နေကုန်ကျင်းပတဲ့ အခုလိုပွဲမျိုးမှာ ရေ၊ အချိုရည်နဲ့ အစားအသောက်တွေ လိုအပ်မှာ အမှန်ပါပဲ။ ဒါပေမယ့် ဒီပွဲမှာ အစားအသောက် ရောင်းချခွင့် မရှိတာကြောင့် လာရောက်ဆင်နွှဲသူတွေ အနေနဲ့ အခက်အခဲဖြစ်ရပါတယ်။ နောက်တစ်ခုက ဗီနိုင်းနဲ့ ကြော်ငြာဆိုင်းဘုတ်တွေ၊ သတင်းစာတွေမှာ ကြော်ငြာတွေ ပါပေမယ့် လူတိုင်းသတိမထားမိကြပါဘူး။ ရပ်ရွာတွေမှာ လှည့်ပြီးတော့ အသံချဲ့စက်နဲ့ လှည့်ပြီး ကြော်ငြာပေးနိုင်မယ်ဆိုရင် ဒီထက်ပိုပြီး ပြည်သူလူထု စိတ်ဝင်စားလာကာ အောင်မြင်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

**ဦးအောင်ကြီး (စစ်ကိုင်းတိုင်း ကျောက်မျက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)**

အခြားမြို့တွေမှာ ကလေးစာပေပွဲတော်တွေ ကျင်းပတဲ့ သတင်းတွေ ကြားသိရတော့ ကျွန်တော်တို့ စစ်ကိုင်းမြို့မှာလည်း ကလေးစာပေပွဲတော် ကျင်းပဖို့ ဆန္ဒဖြစ်ပေါ်မိပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး မတည်ငွေထည့်ဝင်ခဲ့ပါတယ်။ ပွဲတော်ကို လာရောက်ဆင်နွှဲကြတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်လုပ်ငန်းရှင်များအသင်းက အချိုရည်၊ ရေသန့်နဲ့ ပဲမုန့်တွေကို အာဟာရဒါနအနေနဲ့ ပေးဝေခဲ့ပါတယ်။ အခု ပွဲတော်ကာလအတွင်းမှာ ကျောင်းသား ကျောင်းသူတွေ ပျော်ပျော်ရွှင်ရွှင် လာရောက်ဆင်နွှဲတာ တွေ့ရလို့ ပျော်ရွှင်ကြည်နူးမိပါတယ်။ ပွဲတော်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြတဲ့သူတွေ၊ လာရောက်ဆင်နွှဲကြတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ပါဝင်ပြသပေးခဲ့တဲ့ ပြခန်းတွေနဲ့ လာရောက်ဖွင့်လှစ်ရောင်းချပေးတဲ့ စာအုပ်အရောင်းဆိုင်တွေကို အထူးကျေးဇူးတင်ပါတယ်။ နောင်မှာလည်း အခုလိုပွဲမျိုးတွေအတွက် တတ်နိုင်သလောက် ထည့်ဝင်ကူညီသွားပါမယ်။

**အေးမြ(မန္တလေး)**

**ဓာတ်ပုံ-အောင်ဖြိုးကျော်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၀-၁-၂၀၁၉) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၆-၁၁-၂၀၁၈) ရက်နေ့မှ (၂၁-၁၂-၂၀၁၈) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်းသုံးဦး၊ အထွေထွေ ၂၁ ဦး၊ ပေါင်း ၂၇ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ခုနစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၄၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၅၃၃ ဦးနှင့် သတင်းနှင့်အေဂျင်စီလုပ်ငန်း ၁၄၈ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၂၃၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ငမြောင်တောင် (FAW) ကျရောက်မှု ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယခုအခါ မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆောင်းအစေ့ထုတ်ပြောင်းသီးနှံစိုက်ခင်းများတွင် ကျရောက်သော ငမြောင်တောင်ပိုးမှာ ယခင်က မြန်မာနိုင်ငံတွင် ကျရောက်ဖူးခြင်း မရှိသေးသော ငမြောင်တောင်ဖျက်ပိုးမျိုးစိတ်အသစ် Fall Army Worm (FAW)ဖြစ်ကြောင်း အတည်ပြုသတ်မှတ်ပါသည်။ ယင်းမျိုးစိတ်မှာ အာရှတိုက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၌ စတင်တွေ့ရှိခဲ့သည့် Fall ArmyWorm (FAW) Spodopterafrugiperda မျိုးစိတ်ဖြစ်ပြီး လက်ရှိမြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သော ငမြောင်တောင်ပိုးမျိုးစိတ်နှင့် အနည်းငယ်ကွဲလွဲမှု ရှိပါသည်။

ငမြောင်တောင်ဖျက်ပိုးမျိုးစိတ်အသစ်သည် ပျံ့နှံ့နှုန်းနှင့် ပေါက်ပွားနှုန်း အလွန်လျင်မြန်သဖြင့် ထိရောက်စွာ ကာကွယ်နှိမ်နင်းခြင်း မရှိပါက သီးနှံအထွက်နှုန်းလျော့ကျစေပြီး အကျိုးစီးပွားထိခိုက်နိုင် သဖြင့် အလေးထားကာကွယ်သင့်သည့် ဖျက်ပိုးဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖျက်ပိုးကာကွယ်နှိမ်နင်းရေးအတွက် ကြိုတင်အသိပေး နှိုးဆော်ချက်များ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ လက်ရှိစိုက်ပျိုးထားသော ဆောင်းအစေ့ထုတ်ပြောင်းသီးနှံစိုက်ခင်းများတွင် FAW ငမြောင်တောင်ဖျက်ပိုးသည် အဓိကကျရောက်နေသဖြင့် ပိုမိုဆိုးရွားစွာပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများအတိုင်း အထူးအလေးထားကာကွယ်နှိမ်နင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

## FAW ငမြောင်တောင် ကာကွယ်နှိမ်နင်းနည်းလမ်းများ

၁။ နေ့စဉ်ကွင်းဆင်းစစ်ဆေး၍ ဥမြုံများ၊ လောက်ကောင်ငယ်များကိုလက်ဖြင့်ကောက်ယူ ဖျက်ဆီး ပါ။လောက်ကောင်ကြီးများကို ပင်စည်ပတ်လည်ဝိုင်း၍ ထွက်နေသည့်အရွက်များ အတွင်းတွင် ရှာဖွေဖျက်ဆီးပါ။

၂။ အပင်ငယ်စဉ် ဥမှပေါက်ခါစအကောင်ငယ်များ မပျံ့နှံ့မီ လက်ဦးမှုယူ၍ ကာကွယ်နှိမ်နင်းပါ။

၃။ တမာ၊ ဆေးရွက်ကြီးများဖြင့် ပြုလုပ်ထားသောသဘာဝပိုးသတ်ဆေးကို လောက်ကောင်ငယ် အဆင့်တွင် ညနေခင်းအချိန်၌ပက်ဖျန်းပေးပါ။

၄။ ပင်စည်ပတ်လည်ဝိုင်း၍ ထွက်နေသည့် အရွက်များအတွင်း လောက်ကောင်ငယ်များ ခြောက်၍ သေစေရန်အတွက် ပြာမှုန့်၊ သဲမှုန့်၊ မီးသွေးမှုန့်နှင့် လွှစာမှုန့်များထည့်ပေးပါ။ ထုံး၊ ဆား၊ ရွှံ့ရည်နှင့် အဝတ်လျှော်ဆပ်ပြာများလည်း ထည့်ပေးနိုင်ပါသည်။

၅။ တစ်ပင်တွင် တစ်ကောင်သာနေပြီး အတွင်းပိုင်းကြီးထွားဆဲ အညွန့်၊ အနှံများနှင့် အဖူးများအတွင်း နေထိုင်စားသောက်တတ်ကြသဖြင့် ပျံ့နှံ့သွားပါက ဆေးဖျန်းခြင်းအတွက် ဆေးပိုမိုသုံးစွဲရန် လိုပါသည်။

၆။ စိုက်ခင်းအတွင်း မိတ်ဆွေပိုးများကို ထိန်းသိမ်းစောင့်ရှောက်ပါ။ ပုရွက်ဆိတ်နီ၊ လိပ်ခုံးကျိုင်း၊ အတောင်မာကျိုင်း၊ နားဖာချေးပိုး၊ ပုစဉ်း၊ ပင့်ကူ၊ ငှက်နှင့် နကျယ်အုပ်စုဝင် ကပ်ပါးများနှင့် ကပ်ပါးယင်များအား ထိန်းသိမ်းပေးပါ။


၇။ မီးထောင်ချောက်ထွန်းခြင်းကို တစ်ကွင်းတစ်စပ်တည်း လူထုလုပ်အားဖြင့် ဆောင်ရွက်ပါ။

၈။ ပိုတက်မြေသြဇာကို သုံးစွဲပေးပါ။

၉။ အသုံးပြုသင့်သောပိုးသတ်ဆေးများမှာ ဖလူဘန်ဒိုင်ရာမိုက် ၂၄ % ဒဗလျူဒီဂျီ ၊ ကလိုပိုင်ရီဖော့စ် ၅၀% + ဆိုက်ပါမီသရင်၅%အီးစီ၊ ကလိုရန်ထရန်နီလီပရိုး ၅၁.၅% အက်စ်စီ၊ အင်ဒိုဇာကပ် ၁၅ အက်စ်စီ၊ အင်ဒိုဇာကပ် ၁၅ အက်စ်စီနှင့် အင်ဒိုဇာကပ် ၁၇ + လန်ဒါဆိုင်ဟေလိုသရင် ၃% အက်စ်စီတို့ဖြစ်ပြီး ဆေးအညွှန်းပါအတိုင်း ထိရောက်စွာပက်ဖျန်းပါ။

**မှတ်ချက်။** ယခင်ကျရောက်လေ့ရှိသော ငမြောင်တောင်ပိုးမျိုးစိတ်များအား နှိမ်နင်းသကဲ့သို့ စိုက်ခင်းပတ်လည် မြောင်းတူးခြင်းဖြင့် ထိရောက်စွာကာကွယ်နိုင်ခြင်းမရှိပါ။ ပိုးသတ်ဆေးယဉ်ပါးမှုများ မဖြစ်ပေါ်စေရန် အညွှန်းစာ၌ပါသော ညွှန်ကြားချက်များအား အတိအကျလိုက်နာပါရန်နှင့် မတူညီသော ဆေးအုပ်စုများအား အလှည့်ကျသုံးစွဲရန် လိုအပ်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



## ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၁) ကို ဇန်နဝါရီ ၁၅ ရက် **(ယနေ့)** နံနက် ၈ နာရီမှစ၍ အမျိုးသား အားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၁)အဖြစ် နံနက် ၈ နာရီတွင် လက်ရှိချန်ပီယံ PU အသင်းနှင့် ထိပ်ဆုံးမှ MIC အသင်း၊ နံနက် ၉ နာရီခွဲတွင် Comrade အသင်းနှင့် VUC အသင်း၊ နံနက် ၁၁ နာရီတွင် AMM အသင်းနှင့် Titan XII အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲ တွင် GV Athletic အသင်းနှင့် UPT အသင်း၊ မွန်းလွဲ ၂ နာရီတွင် ယူ-၁၉ အသင်းနှင့် White Colour အသင်း၊ ညနေ ၃ နာရီခွဲတွင် မြို့မအသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ်(၁၀) အပြီးတွင် MIC အသင်းက ရမှတ် ၃၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး VUC အသင်းက ၂၇ မှတ်၊ GV Athletic အသင်းနှင့် မြို့မအသင်းက ၁၈ မှတ်စီ၊ UPT အသင်းက ၁၅ မှတ်၊ ရွှေမြဝတီ အသင်းနှင့်Comrade အသင်းက ၁၄ မှတ်စီ၊ AMM အသင်းက ၁၂ မှတ်၊ PU အသင်းက ၁၀ မှတ်၊ Titan XII အသင်းက ရှစ်မှတ်၊ ယူ-၁၉ အသင်းက ခြောက်မှတ်၊ White Colour အသင်းက လေးမှတ်ရထားသည်။

ထိပ်ဆုံးမှ MIC အသင်းသည် ယခုနောက်ဆုံးပွဲတွင် အနိမ့်ဆုံး သရေကစားနိုင်ရုံဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ လက်ရှိ ချန်ပီယံ PU အသင်းသည် အသင်းဖျက်သိမ်းပြီးမှ ပြန်လည်ဖွဲ့စည်းထားသောကြောင့် ပြီးခဲ့သည့် ရာသီ ခြေစွမ်းကိုမမီဘဲ ချန်ပီယံဆု ကာကွယ်ရန် ခက်ခဲဖွယ်ရှိနေသည်။

**ရဲရင့်ရှိန်း**

## အရှေ့တောင်အာရှနှင့် အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများအတွက် အလေးမ လက်ရည်စမ်း လူရွေးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

လာမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများအတွက် အလေးမလက်ရည်စမ်း လူရွေးပြိုင်ပွဲများကို လာမည့် ဖေဖော်ဝါရီ ၂၃ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသမီး ၄၅ ကီလိုတန်း၊ ၄၉ ကီလိုတန်း၊ ၅၅ ကီလိုတန်း၊ ၅၉ ကီလိုတန်း၊ ၆၄ ကီလိုတန်း၊ ၇၁ ကီလိုတန်း၊ ၇၆ ကီလိုတန်း၊ ၈၁ ကီလိုတန်း၊ ၈၇ ကီလိုတန်း၊ +၈၇ ကီလို တန်းတို့ ပါဝင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲများတွင် ၅၅ ကီလို တန်း၊ ၆၁ ကီလိုတန်း၊ ၆၇ ကီလိုတန်း၊ ၇၃ ကီလိုတန်း၊ ၈၁ ကီလို တန်း၊ ၈၉ ကီလိုတန်း၊ ၉၆ ကီလိုတန်း၊ ၁၀၂ ကီလိုတန်း၊ ၁၀၉ ကီလိုတန်းနှင့် +၁၀၉ ကီလိုတန်းတို့ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ ဝင်ရောက်ယှဉ်ပြိုင်လိုသော အလေးမအားကစားသမားများအနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်ရုံးသို့ဖြစ်စေ၊ အီးမေးလ် mwf1946.mm@gmail.com သို့ဖြစ်စေ စာရင်းပေးသွင်းနိုင်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၇၃၅၃၉၃၉၇၊ ၀၉-၉၇၂၃၉၉၉၈၈ သို့ မေးမြန်းနိုင်ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် အလေးမပြိုင်ပွဲများတွင် ဒိုင်လူကြီးတာဝန်ထမ်းဆောင်လိုသူများ အလေးမအဖွဲ့ချုပ်သို့ ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## ကျန်းမာရေးနှင့်အားကစားကဏ္ဍတွင် သတိပဋ္ဌာန်အခြေခံသော စိတ်ခံစားမှုဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် တရားပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဓမ္မကထိက ဗဟုဇန ဟိတဓရ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ အရှင်ဓမ္မသာမိက "ကျန်းမာရေးနှင့်အားကစားကဏ္ဍတွင် သတိပဋ္ဌာန်အခြေခံသော စိတ်ခံစားမှုဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၆ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါတရားပွဲသို့ စိတ်ပါဝင်စားသည့် ပြည်သူများအနေဖြင့် လာရောက် တရားနာယူနိုင်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ် ယနေ့ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၇)ကို ဇန်နဝါရီ ၁၅ ရက် **(ယနေ့)** စတင်ကျင်းပမည် ဖြစ်သည်။

ပွဲစဉ်(၇)အဖြစ် ဇန်နဝါရီ ၁၅ ရက် **(ယနေ့)** တွင် YREO အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် တက္ကသိုလ်အသင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် ဇွဲကပင်အသင်းနှင့် ဂန္ဓမာအသင်း၊ ဇန်နဝါရီ ၁၈ ရက်တွင် သစ္စာအားမာန်အသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် ထိပ်ဆုံးအသင်းလေးသင်း တွေ့ဆုံနေပြီး ထိပ်ဆုံးတွင် အမှတ်တူဖြင့် အပြိုင်ဖြစ်နေသည့် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ အဆင့် ၃ နေရာမှ အား/ကာသိပ္ပံအသင်းနှင့် အဆင့် ၄ နေရာမှ YREO အသင်းတို့ တွေ့ဆုံလျက်ရှိသည်။ သစ္စာအားမာန်နှင့် မြဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့်ပွဲမှာ ရာသီဝက် ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်နေပြီး အနိုင်ရသည့်အသင်းမှာ ထိပ်ဆုံးနေရာသို့ ရောက်ရှိမည်ဖြစ်သည်။ ဂိုးကွာခြားချက် အသာရထားသည့် သစ္စာအားမာန်အသင်းသည် သရေကျရုံဖြင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သည်။ သုံးပွဲဆက်အနိုင်ရထားသည့် YREO အသင်းသည် ယခုပွဲအနိုင်ရပါက တတိယနေရာမှ အား/ကာသိပ္ပံအသင်းနှင့် အမှတ်တူ ရပ်တည်နိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

## မြန်မာနိုင်ငံဂရပ်ဖစ်ဒီဇိုင်းအသင်းက ကြီးမှူး၍ မန္တလေးမြို့၌ ပြပွဲကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ ဂရပ်ဖစ်ဒီဇိုင်းအသင်းက ကြီးမှူး၍ အထက်မြန်မာနိုင်ငံတစ်လွှားမှ ဂရပ်ဖစ်ဒီဇိုင်နာများ ပါဝင်စီစဉ်ပြုလုပ်သော DESIGN SPEAK SAFETY Myanmar Graphic Design Exhibition (Mandalay) ကို ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ မန္တလေးမြို့ ၆၄ လမ်း × ၃၁ လမ်းထောင့်ရှိ ဓမ္မသာလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံ ဒေသအသီးသီးမှ ဂရပ်ဖစ်ဒီဇိုင်း ပညာရှင်များအနေဖြင့် အဆိုပါပြပွဲတွင် ခင်းကျင်းပြသလိုသည့် ဂရပ်ဖစ်ဒီဇိုင်းများကို မြန်မာနိုင်ငံ ဂရပ်ဖစ်ဒီဇိုင်းအသင်း mgda.2017@gmail.com သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တာဝန်ခံများသို့ လည်းကောင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**




## တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ **မိုး/ဇလ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- လီယွန်နယ် မက်ဆီသည် ယမန်နေ့က စပိန်လာလီဂါ ပွဲစဉ် ၁၉ အဖြစ် ဘာစီလိုနာက အီဘာအသင်းအား သုံးဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ၎င်း၏ လာလီဂါဂိုး ၄၀၀ ပြည့်မြောက်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ပြီးခဲ့သည့်အပတ်က ချယ်လ်ဆီးအသင်းမှ မိုနာကိုအသင်းသို့ သုံးနှစ်ခွဲစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိသွားသော ဖာဘရီဂတ်စ်သည် ယမန်နေ့က လီဂူးဝမ်း၌ မာဆေးလ်နှင့် မိုနာကိုအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် ၎င်း၏ ပွဲဦးထွက်ပွဲကို ပါဝင်ကစားခဲ့ကြောင်း သိရသည်။ ဟင်နရီ ကိုင်တွယ်လျက်ရှိသော မိုနာကိုအသင်းသည် လီဂူးဝမ်း၌ ၁၉ ပွဲ ကစားပြီးချိန်တွင် သုံးပွဲသာနိုင်ပြီး ငါးပွဲသရေ၊ ၁၁ ပွဲအထိ ရှုံးနိမ့်ထားကာ အမှတ်ပေးဇယားတွင်လည်း ရမှတ် ၁၄ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်အထိ ရလဒ်များ ဆိုးရွားနေကြောင်း သိရသည်။
- ဘုန်းမောက်အသင်းသည် အင်္ဂလန်တိုက်စစ်ကစားသမား ဝီလ်ဆင်အား ချယ်လ်ဆီးအသင်းသို့ ပေါင် ၇၅ သန်းဖြင့် ရောင်းချလိုနေကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ချယ်လ်ဆီးအသင်းသည် အသက် ၂၃ နှစ်အရွယ် နယ်သာလန် ခံစစ်ကစားသမား နသန် အေကီအား ဘုန်းမောက်အသင်းသို့ရောင်းချပြီး နှစ်နှစ်အကြာတွင် အသင်းသို့ ပြန်လည်ခေါ်ယူချင်နေကြောင်းလည်း သည်ဆန်းတွင် ဖော်ပြထားသည်။
- အဲဗာတန်အသင်းသည် လိုင်ယွန်ကွင်းလယ်ကစားသမား အင်န်ဒွန်ဘီလီ (၂၂ နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေပြီး အဆိုပါ ပြင်သစ်ကစားသမားအတွက် ပေါင် ၇၅ သန်း ပေးချေရဖွယ်ဖြစ်ကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- လက်ရှိတွင် တူရကီကလပ် ဘက်ဆီးတပ်စ်အသင်းတွင် ကစားလျက်ရှိသော အသက် ၃၂ နှစ်အရွယ် လီဗာပူးတောင်ပံကစားသမားဟောင်း ရိုင်ယန်ဘာဘယ်သည် ဖူလ်ဟမ်အသင်းသို့ အငှားပြောင်းရွှေ့ကစားရန် နီးစပ်နေပြီဖြစ်ကြောင်း နယ်သာလန်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- လီဗာပူးအသင်းသည် ဆဲလ်တစ်နှင့် စကော့တလန်တောင်ပံကစားသမား ဂျိမ်းစ်ဖောရက်စ် (၂၇ နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သည်စကော့တစ်ဆန်းတွင် ဖော်ပြထားသည်။
- ဘုန်းမောက်အသင်းသည် မန်ယူနှင့် တော့တင်ဟမ်အသင်းတို့၏ စိတ်ဝင်စားခြင်းကို ဟန့်တားနိုင်ရန်အလို့ငှာ ဝေးလ်ကွင်းလယ်ကစားသမား ဒေးဗစ်ဘရုခ်စ် (၂၁ နှစ်) အား စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ဝက်ဖို့ဒ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဒူကော်ရီ (၂၆ နှစ်) သည် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ပြင်သစ်ရုပ်သံထုတ်လွှင့်မှုဌာနတစ်ခုအား ပြောကြားလိုက်ကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၂) ထုတ်ဝေဖြန့်ချိ




ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဍာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၆)၊ အမှတ်(၂)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁၅-၁-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၂)တွင် သီးနှံအရည်အသွေးကျဆင်းစေသောအချက်များ ဖယ်ရှားရန် နည်းလမ်းများ၊ စိုက်ပျိုးရေး ရှေ့ခြေတစ်လှမ်းသာနိုင်ရေး၊ ရိုးပြတ်ကို မီးမရှို့နဲ့ အာဟာရဓာတ်တွေ ဆုံးရှုံးတယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် မြေယာပိုင်ဆိုင်သူတောင်သူများနည်းတူ မြေယာမဲ့များ၏ ဘဝများပါတိုးတက်မှ ပြီးပြည့်စုံမည် စသည့် စိုက်ပျိုးရေး ဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒေသခံရေလုပ်သားများ စီးပွားရေးအဆင်ပြေ စေမည့် ခရု(သွေးဂုံး)မွေးမြူခြင်း၊ ဝက်ဝမ်းကျရောဂါကြိုတင်ကာကွယ်ပါ၊ ကြောင်မှ ဖြစ်တတ်သော ကူးစက်ရောဂါများစသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်၊ ပဥ္စလက်ပိုးစာပင်ပုံပြင်၊ ကျောင်းကပေးသည့်ပညာ ဘာလဲ ဘယ်လဲ၊ ကောင်းနိုးရာရာ အတုယူပါ စသည့် သုတရသဆောင်းပါးများ၊ လူနှင့် ကပ်ပါးသန်ကောင်အန္တရာယ်၊ ဦးခေါင်းခွံအတွင်း၌ သွေးခဲခြင်း၊ မျက်စိရောဂါနှင့် အစွမ်းထက်သော နံ့သာဖြူသနပ်ခါး စသည့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ပင်လယ်ငါးဖမ်းလုပ်သားများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး၊ ပဲကြီးစိမ်း ပေါ်ဦးပေါ်ဖျား ဈေးကောင်းဈေးမြင့် ပဲဟောင်းလက်ကျန်နည်းပါးသည့်အပြင် ဈေးမြင့်နေ၊ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိနိုင်သည့် CVT Myanmar သင်တန်းကျောင်းဝင်ခွင့်လျှောက်ထားနိုင်၊ နေရောင်ခြည်စွမ်းအင်သုံးရေအစက်ချ စိုက်ပျိုးနည်းစနစ် အိန္ဒိယစမ်းသပ် စသည်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၁-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်း ဆီသို့"
- ၈း၃၅ - "ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး သန်ချဆေး ပေါင်းတိုက်ကျွေးပေး" (အပိုင်း-၂)
- ၉း၁၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ "ရှေးမြန်မာ အုတ်ကျောင်းတော်ကြီးများ" (မဟာဂူကြီး တိုက်သစ်)
- ၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေရေးရာသိကောင်းစရာ အမေးအဖြေ"(အပိုင်း-၂) ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဦးစံပေါ်၊ ဒေါ်အမာကြည် ဒါရိုက်တာ-ဝေဠု(ဝသန်)
- ၁၀း၅၀ - "ကယောဒေသ ကယောတို့ဘဝ"
- ၁၁း၁၅ - "အသက်နှင့်သစ္စာ"

**ညပိုင်း**

- ၁၆း၃၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၉၃)
- ၁၆း၄၀ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်း ပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ"(ပထဝီဝင်ဘာသာရပ်)
- ၁၇း၀၅ - ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး "လပွတ္တာမြို့မှနေလှန်းဆား"
- ၁၇း၂၅ - "အလှဖြာဝေ ကယားတို့ဌာနေ"
- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၅ - "နာဂတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဆီ"
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပညာရေးစကားဝိုင်း "အခြေခံကျောင်းများတွင် မိဘဆရာအသင်းများ ဖွဲ့စည်းဆောင်ရွက်ရေး"
- \- အနုပညာခန်းရိပ်သာ "ဂီတနက်သန်ဦးအုန်းလွင်နှင့်တွေ့ဆုံခန်း"

# ဘားအံမြို့တွင် လူခြောက်ဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကျော်နှင့်အတူ ဖမ်းဆီးရမိ

**ဘားအံ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၉၃ ပြား၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၃၁) ဘားအံမှ ရဲအုပ်ထွန်းထွန်းဝင်းနှင့် ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ် ပုလဲမြ ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ချစ်သူလမ်းကြားထောင့်တွင် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသည့် ဘားအံမြို့ အမှတ်(၆)ရပ်ကွက် သီရိလမ်းနေသူ နိုင်လင်းဦး(ခ)ငယ်ငယ် (၁၉ နှစ်) ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ယင်းနေ့ညနေပိုင်းက ဘားအံမြို့ အမှတ်(၆) ရပ်ကွက် နှင်းဆီလမ်းနှင့် နန်းလုံကြိုင်လမ်းထောင့်နေ နေကျော်ထွန်းဦး (၃၈ နှစ်)နှင့် နန်းသိမ်းရှင် (၄၀ နှစ်) တို့ နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားနှင့် ဖုန်းနှစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ညနေ ၄နာရီ မိနစ် ၂၀ ခန့်တွင် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် လုပ်သားလမ်းနှင့် နှင်းဆီလမ်းထောင့်နေ အိမ်ငှားရမ်းနေထိုင်သူ ကျော်ကျော်(၄၈ နှစ်)နှင့် ဝေဝေစိုး (၄၂ နှစ်)တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၃၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ဘားအံမြို့အမှတ်(၄) ရပ်ကွက် မြရတနာလမ်းနေ ထိန်လင်း(ခ)ဦးချင်း(၃၇ နှစ်) ထံမှ ဝယ်ယူခဲ့ကြောင်း ပေါ်ပေါက်၍ ပူးပေါင်းအဖွဲ့များဖြင့် သွားရောက်ရှာဖွေရာ ထိန်လင်း(ခ)ဦးချင်းထံမှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုခဲ့သည့် ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ခြောက်ဦးကို ဘားအံမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**



စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူအချို့ကို တွေ့ရစဉ်။

# တပ်ကုန်းမြို့နယ်၌ လူသုံးဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

**တပ်ကုန်း ဇန်နဝါရီ ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်က အေးသာယာကျေးရွာနေ ဒေါ်အေးမြင့်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း၌ ဒေါ်အေးမြင့်နှင့်အတူ ဇော်မင်း(ခ)ကိုမင်းနှင့် ဦးကြည်အေးတို့သုံးဦးအား မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေစဉ် ဇော်မင်း(ခ)ကိုမင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ ဦးကြည်အေးထံမှ ဘိန်းမည်း ၁၈ ဒသမ ၇ ဂရမ်ခန့်၊ ဒေါ်အေးမြင့်၏ အိပ်ရာနံဘေးမှ ဘိန်းမည်း ၂၇ ဒသမ ၅ ဂရမ်ခန့်ကို သိမ်းဆည်းရမိခဲ့သည်။ နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ စုစုပေါင်း ဘိန်းမည်း ၆၅ ဒသမ ၁၅ ဂရမ်နှင့် ဘိန်းချေး ၂၂ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်အေးမြင့်(၅၈ နှစ်)နှင့် ဇော်မင်း (၂၁ နှစ်)၊ ဦးကြည်အေး(၄၈ နှစ်)တို့ကို တပ်ကုန်းမြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# လှိုင်သာယာမြို့နယ်တွင် လုယက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီခွဲက လှိုင်သာယာမြို့နယ်အတွင်း လုယက်မှုကျူးလွန်ထားကြောင်း သတင်းရရှိသူ အောင်သက်ပိုင်(ခ)ခေါ်လေးနှင့် တိုးဝေအောင် (ခ)အညာသားတို့ နှစ်ဦးကို CANDA ဆိုင်ကယ်ဖြင့် လှိုင်သာယာမြို့နယ် ရေဥက္ကံရပ်ကွက် စက်မှုဇုန်(၄) မြဝတီလမ်းမပေါ်တွင် ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ လုယက်ခဲ့သော ဖုန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦးအား စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည့် လှိုင်သာယာမြို့နယ် ရေဥက္ကံရပ်ကွက်နေ အာကာဦး(ခ)ဝိုင်းလေး(၂၀)နှစ်ကို ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့သုံးဦးမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ဆိုင်ကယ်များဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ အမျိုးသားတစ်ဦးထံမှ MEIZU ဖုန်းတစ်လုံး၊ ရေဥက္ကံရပ်ကွက် စက်မှုဇုန်(၄)အနီး ဗိုလ်အောင်ကျော် လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ မင်းကြီးမဟာမင်းခေါင်လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦးထံမှ Honor ဖုန်းတစ်လုံးနှင့် ဦးတရုတ်ကြီးလမ်း ဘုတ်ဆုံမစက်ရုံအနီး အမျိုးသမီးတစ်ဦးထံမှ Mi ဖုန်းတစ်လုံး၊ စက်မှုဇုန်(၃) သဲကွင်းအနီးတွင် အမျိုးသားတစ်ဦး ထံမှ Huawei ဖုန်းတစ်လုံး စက်မှုဇုန်(၂)ရှိ (၅၅၅)သဲကွင်းအနီးတွင် အမျိုးသမီးတစ်ဦးထံမှ Mi ဖုန်းတစ်လုံး၊ (၁၀)ရပ်ကွက် မကွေးလမ်းဘီယာဆိုင်မှ ထွက်လာသည့် အမျိုးသားတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ ညောင်ရွာကျေးရွာ စက်မှုဇုန်(၁) ဆိပ်ကမ်းသာလမ်းမကြီး လက်ညှိုးထိုးဘုရားအနီးတွင် အမျိုးသားတစ်ဦးထံမှ Huawei ဖုန်းတစ်လုံး၊ အပြင်ပဒံကျေးရွာ ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ် ဘီအိုစီမီးပွိုင့်အနီးတွင် အမျိုးသားတစ်ဦးထံမှ Oppo ဖုန်းတစ်လုံး၊ AG စက်ရုံလမ်းဘေးတွင် အမျိုးသားတစ်ဦးထံမှ Oppo A-33W ဖုန်းတစ်လုံး၊ ညောင်ရွာကျေးရွာ စက်မှုဇုန် (၁)လမ်းမကြီးပေါ်တွင် ဖုန်းပြောနေသော အမျိုးသားတစ်ဦးထံမှ Mi ဖုန်းတစ်လုံး၊ အပြင်ပဒံကျေးရွာ ရွှေသံလွင်တိုးချဲ့စက်မှုဇုန် မင်းရောလမ်းပေါ်တွင် အမျိုးသားတစ်ဦးထံမှ Vivo ဖုန်းတစ်လုံးတို့ကို လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းခဲ့ပြီး ပြစ်မှုကျူးလွန်သူ အောင်သက်ပိုင်(ခ)ခေါ်လေးပါ သုံးဦးကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မိုင်းဖြတ်မြို့နယ်၌ လူနှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀ သိမ်းဆည်းရမိ

**မိုင်းဖြတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀ သယ်ဆောင်လာသူနှစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဟန်မိုးလွင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့နယ် စက်မှုလယ်ယာရုံးဝင်း အရှေ့ဘက် လယ်ကွင်းစပ်၌ ပါပူးကျေးရွာနေသူများဖြစ်သည့် စိုင်းဆမ်ရွတ်(၃၀ နှစ်) နှင့် အိုက်မွန်း(၂၈ နှစ်) တို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရှိသူ စိုင်းဆမ်ရွတ်နှင့် အိုက်မွန်းတို့ကို မိုင်းဖြတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ခါးကြားတွင် ဓားမြှောင်ထိုး၍ သွားလာသူအား အရေးယူ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် ပင်လုံလမ်းမကြီး စစ်တောင်းလမ်းနှင့် မန္တလေးလမ်းကြား အောင်သပြေကော်ဇောဆိုင်အရှေ့တွင် ဇန်နဝါရီ ၁၂ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က ဒဂုံမြောက် မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်တင်ဝင်းထွန်း ဦးစီးအဖွဲ့ လှည့်ကင်းဆောင်ရွက်စဉ် ကျော်မင်းထွန်းဆိုသူ၏ ခါးကြားတွင် အရိုးအသွား ကိုးလက်မခွဲရှိ ဓားဦးချွန်တစ်ချောင်းကို တွေ့ရှိသဖြင့် သိမ်းဆည်းပြီး ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဖားကန့်၊ မြစ်ကြီးနားနှင့် မြစ်သားမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဇေ့ခါကျေးရွာ သုသာန်အနီးလမ်းမတွင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ မစိုးကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲက မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မလိဂင်နယ်မြေ မနောမြေတည်းခိုရိပ်သာအနီး လမ်းပေါ်တွင် တွေ့ရှိသူ မဂျာကိုင်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၄ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းတည်းခိုသည့် မနောမြေတည်းခိုရိပ်သာ အခန်းအမှတ်(၂၀၃)အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၅ နာရီ မိနစ် ၂၀ က မြစ်သားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်သားမြို့ ရွှေသူဌေးရပ်ကွက် မာဃလမ်းနေ ညိုညိုလွင်(ခ) မိညို၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၅ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း ဆိုင်ကယ်တိမ်းမှောက်၍ တစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်း ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခွဲခန့်က ဆိုင်ကယ်စီးနင်းလာသူ တစ်ဦး လမ်းဘေးပလက်ဖောင်းကို တိုက်မိပြီး နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသော တပ်ကုန်းမြို့ လယ်သဘင်ကျေးရွာနေသူ သက်နိုင်ဦး (၃၈ နှစ်) သည် ယနေ့ညနေ ၅ နာရီခွဲခန့်က ဝဏ္ဏသိဒ္ဓိရပ်ကွက် အားကစားလေ့ကျင့်ရေးစခန်း အနီးရှိ လမ်းဘေးပလက်ဖောင်းအား အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိပြီး ဒဏ်ရာများရရှိကာ နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူအား ပေးဆပ်သူများနာမှု ကူညီရေးအသင်း လူနာတင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ သို့ ပို့ဆောင်ခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၉) နယ်မြေရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုပေါက်(ဥတ္တရမြေ)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပိုက်ဆံအိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ ဇန်နဝါရီ ၁၃ ရက်တွင် တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၉၅ သန်းတန်ဖိုးရှိ အဝတ်အထည် ၁၃ ထုပ်၊ ပိုက်ဆံအိတ် တစ်ထုပ်၊ ဖိနပ်အိတ် သုံးအိတ်နှင့် Break Shoes ၃၆ ထုပ်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၃ စီး၊ သွင်းကုန် အစီး ၇၁၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၁၅ စီး၊ သွင်းကုန် ၁၈၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီဆိုင်နှင့် ဟိုပုံးမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများအား ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာ၌ ဇန်နဝါရီ ၁၃ ရက်က အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၈ ဧကကို ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး တင်ဝင်းအောင် ဦးစီး ပူးပေါင်းအဖွဲ့က လည်းကောင်း၊ ဟိုပုံးမြို့နယ် ရပ်ပေးကျေးရွာ၌ အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၇ ဧကကို ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ထိုင်းတောင်ပိုင်း ရဲစခန်းတစ်ခုကို သေနတ်သမားများတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၁၄**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ရဲစခန်းတစ်ခုကို သေနတ်သမားတစ်စု ဝင်ရောက်ပစ်ခတ်ခဲ့မှုကြောင့် ထိုင်းရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ဆိုင်ကယ်ဖြင့် ရောက်ရှိလာ**

ပတ်တာနီပြည်နယ် ခုပ်ဖူးခရိုင်ရှိ ရဲစခန်းတစ်ခုကို ခြောက်ဦးပါသည့် အဖွဲ့တစ်ဖွဲ့က ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး ရဲစခန်းအပြင်ဘက်မှနေ၍ သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်သွားခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည့် ရဲတပ်ကြပ်ကြီး ချလန်ဖိုခွမ်ခန်မှာ ဆေးရုံသို့ ရောက်ရှိပြီးမကြာမီ ၎င်းရရှိခဲ့သည့် ဒဏ်ရာများဖြင့်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**လက်တုံ့ပြန်တိုက်ခိုက်**

ပြီးခဲ့သည့် ဇန်နဝါရီ ၁၂ ရက်တွင် ပက်တာနီရဲတပ်ဖွဲ့က သေနတ်သမား နှစ်ဦးကို ဖမ်းဆီးခဲ့ရာ ယင်းတိုက်ခိုက်မှုမှာ ထိုသို့ဖမ်းဆီးခဲ့မှုအပေါ် လက်တုံ့ပြန်သည့် တိုက်ခိုက်မှုဖြစ်ဖွယ်ရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲဗိုလ်ချုပ်ပီယာ ဝပ်ချလန်ဆရီက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၀ ရက်ကလည်း အဆိုပါပြည်နယ်အတွင်း၌ တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးကို သေနတ်သမား တစ်စုက အလစ်သုတ်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦး အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဆေးရုံသို့ရောက်ရှိပြီးနောက် သေဆုံးသွားခဲ့သည်။

**အစိုးရအမှုထမ်းများအား ပစ်မှတ်ထား**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် အစိုးရအမှုထမ်းများအား ပစ်မှတ်ထားကာ တိုက်ခိုက်မှုများလုပ်ဆောင်နေသည့် ခွဲထွက်အုပ်စုများဖြစ်ကြသည့် Barisan Revolusi Nasional အဖွဲ့ သို့မဟုတ် အမျိုးသားအင်အားစု အဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အီရန်နိုင်ငံမြောက်ပိုင်း၌ လေယာဉ်ပျက်ကျမှု ၁၅ ဦး သေဆုံး

**တီဟီရန် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၄ ရက်က အီရန်နိုင်ငံမြောက်ပိုင်းမြို့တော် ကာရက်ဂျ်အနီးတွင် ဘိုးရင်း ၇၀၇ ကုန်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူ ၁၅ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း အီရန်ကျောင်းသားသတင်းအေဂျင်စီ (အိုင်အက်စ်အင်န်အေ)တွင် ဖော်ပြခဲ့သည်။

သေဆုံးသူ ၁၅ ဦးထဲတွင် ၁၄ ဦးမှာ အမျိုးသားများဖြစ်ကာ ကျန်တစ်ဦးမှာ အမျိုးသမီးဖြစ်ကြောင်း သိရသည်။ ၁၀ဦးမှာ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သော်လည်း ကျန် ငါးဦးမှာ မည်သူမည်ဝါဖြစ်ကြောင်း အခုချိန်ထိ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေရကြောင်း အယ်လ်ဘော့ဇ်ပြည်နယ် ဆေးမှူးခင်းဌာနအကြီးအကဲ ဒါဗုဒ်အယ်လ်ဘာဒီက အိုင်အက်စ်အင်န်အေသတင်းအေဂျင်စီသို့ ပြောခဲ့သည်။

**ကိုးကားဖော်ပြ**

လူ ၁၆ ဦးလိုက်ပါလာသော ကုန်တင်လေယာဉ်သည် မြို့တော် တီဟီရန်နှင့် ၄၅ ကီလိုမီတာအကွာရှိ လူနေဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အီရန်အရေးပေါ်ဌာနအကြီးအကဲ ပါရ်ဟော့စိန်ကိုလီဗန့်ဒ်၏ ပြောစကားကို အိုင်အက်စ်အင်အေသတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

**ပျက်ကျမှုဖြစ်ပွား**

အဆိုပါ ကုန်တင်လေယာဉ်သည် ကာရာ့ချ်ပါရမ်လေဆိပ်တွင် ဆင်းသက်ရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် အကြောင်းပြချက်တစ်ခုကြောင့် ဖာ့သ်လေဆိပ်သို့ ဆင်းသက်ခဲ့စဉ် ထိုသို့ ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီရန်ကြက်ခြေနီအဖွဲ့အကြီးအကဲ နာဆာချာ့က်ဆက်ဇ်က ပြောခဲ့သည်။

**စစ်ဘက်လေယာဉ်ဖြစ်**

ကာဇက်စတန်မြို့တော် ဘီးရှ်ခက်မှထွက်ခွာလာသော အဆိုပါလေယာဉ်သည် အီရန်သို့ အသားများတင်ဆောင်ကာ ပျံသန်းလာသောလေယာဉ်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လေယာဉ်မှာ အီရန်စစ်တပ်ပိုင် လေယာဉ်ဖြစ်ကြောင်း နောက်ဆုံးသတင်းများအရ သိရသည်။ **ဆင်ဟွာ**

# အစိုးရယန္တရားခဏတာပြန်လည်ပတ်ရန် အထက်လွှတ်တော်အမတ်တစ်ဦးက ထရမ့်အားတောင်းဆို


အမေရိကန်သမ္မတ ထရမ့်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

ယာယီရပ်ဆိုင်းထားသော အမေရိကန်ပြည်ထောင်စု အစိုးရလုပ်ငန်းများကို ခဏတာပြန်ဖွင့်ပြီး ဒီမိုကရက်များနှင့် နယ်စပ်တံတိုင်းကာရံရေး ကိစ္စဆက်လက်ဆွေးနွေးရန် အမေရိကန်အထက်လွှတ်တော်ရှိ သမ္မတထရမ့်၏ မဟာမိတ်တစ်ဦးက သမ္မတအား တိုက်တွန်းလိုက်ကြောင်း သိရသည်။

သီတင်းသုံးပတ်ခန့် ရပ်ဆိုင်းနေသည့် အစိုးရယန္တရား ပြန်လည် လည်ပတ်ဖို့ တောင်ကာရိုလိုင်းနား အထက်လွှတ်တော်အမတ် လင်ဆေးဂရာဟမ်က သမ္မတကို တိုက်တွန်းလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

လင်ဆေးဂရာဟမ်က သမ္မတအား ဒီမိုကရက်များနှင့် သဘောတူညီချက်တစ်ခုရနိုင်ရေး ကြိုးစားကြည့်သင့်ကြောင်း၊ သီတင်းသုံးပတ်အတွင်းမှာ မရနိုင်ခဲ့သည့်အတွက် မဖြစ်နိုင်တာ သေချာသွားပြီဖြစ်ကြောင်း ဖောက်စ်ရုပ်သံဌာနနှင့် မေးမြန်းခန်းတွင် ပြောခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်က မက္ကဆီကိုနယ်စပ်ဒေသလုံခြုံရေး ဆိုးဆိုးရွားရွား ကျိုးပေါက်နေကြောင်း၊ ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် တွစ်တာပေါ်တွင် မကြာသေးမီက ပြောဆိုလိုက်သည်။ ယခုကဲ့သို့ နယ်စပ်မလုံခြုံမှုကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်းသည် အစိုးရယန္တရားရပ်ဆိုင်းထား၍ ဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်းထက် အဆပေါင်းများစွာ ပို၍ဆိုးကြောင်း ထရမ့်က ပြောလိုက်သည်။

ထို့ကြောင့် တောင်ပိုင်းတွင် နယ်စပ်တံတိုင်းကာရံလိုက်မည်ဆိုပါက တစ်တိုင်းပြည်လုံးအတွက် ရာဇဝတ်မှုများ ကျဆင်းသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံတွင် လူအများဆုံး ခိုးဝင်လေ့ရှိသော ၃၂၀၀ ကီလိုမီတာအရှည်ရှိသည့် မက္ကဆီကိုနယ်စပ်တွင် တံတိုင်းတည်ဆောက်ရန် ဘတ်ဂျက်ငါးဘီလီယံကျော် တောင်းခံရာမှ သမ္မတထရမ့်နှင့် လွှတ်တော်ကြား အငြင်းပွားမှုဖြစ်ပွားပြီး အမေရိကန်အစိုးရယန္တရား လေးပုံတစ်ပုံခန့် ရပ်နားထားရသောကြောင့် အစိုးရဝန်ထမ်း ရှစ်သိန်းခန့် လုပ်ခလစာ မရရှိကြောင်း သိရသည်။

ဇန်နဝါရီ ၁၄ ရက်အထိ အစိုးရလုပ်ငန်းများပြန်လည်ပတ်ရန် သမ္မတနှင့် အောက်လွှတ်တော် ခေါင်းဆောင်များကြား တွေ့ဆုံမည်ဆိုသည့် အရိပ်အယောင်ပင် မတွေ့ရသေးကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## ဂျာဗားပင်လယ်အတွင်းသို့ ပျက်ကျခဲ့သည့် အင်ဒိုနီးရှားလေယာဉ်၏ အသံဖမ်းစက်ကို ရှာဖွေတွေ့ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၄**

၂၀၁၈ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းက အင်ဒိုနီးရှားနိုင်ငံ အနောက်ဘက်ကမ်းလွန် ဂျာဗားပင်လယ်ပြင်ထဲသို့ ပျက်ကျခဲ့သော Lion Air လေကြောင်းလိုင်း ဂျက်လေယာဉ်၏ လေယာဉ်ဦးပိုင်းရှိ အသံဖမ်းစက်ကို ရေတပ်ဖွဲ့ရေငုပ်သမားများက ဇန်နဝါရီ ၁၄ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြခဲ့သည်။

ထိုသို့အသံဖမ်းစက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းက လေယာဉ်မှူးများ ဆိုးရွားလှသည့် စက်ချွတ်ယွင်းမှုကို မည်သို့မည်ပုံ ကြုံတွေ့ခဲ့သလဲဆိုသည့်အပေါ် ကူညီရှင်းပြနိုင်မည်ဟုမျှော်လင့်ရကြောင်း၊ ခေတ်မီအသစ်စက်စက်လေယာဉ်ကြီးတစ်စင်း ပျံတက်ပြီး မကြာမီ မည်သည့်အကြောင်းကြောင့် ပျက်ကျခဲ့သည်ဆိုသည့် အချက်ကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသည်နှင့်လေယာဉ်အမှုထမ်းများ အပါအဝင် စုစုပေါင်း ၁၈၉ ဦးလိုက်ပါလာသော နှစ်လခန့်သာ သက်တမ်းရှိသေးသည့် အသစ်စက်စက် ဘိုးရင်း ၇၃၇ မက်-၈ ဂျက်လေယာဉ်သည် အောက်တိုဘာ ၂၉ ရက်က ဂျကာတာမှပျံတက်ပြီး မကြာမီ ဂျာဗားပင်လယ်ပြင်တွင်းသို့ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူအားလုံး သေဆုံးခဲ့ကြောင်းနှင့် သေဆုံးခဲ့သူများ၏ ပစ္စည်းများကိုလည်း ပင်လယ်ကြမ်းပြင်အောက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ပင်လယ်ရေကြောင်း ဒုတိယ ဝန်ကြီး ရစ်ဒ်ဝမ် ဂျာမလဒ်ဒင်က ပြောကြားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျမှုကြီးသည် ၂၀၁၈ ခုနှစ်အတွင်း အသေအပျောက်အများဆုံးဖြစ်ခဲ့သည်။

ပျက်ကျမှုဖြစ်ပွားခဲ့သည့် ဘိုးရင်း ၇၃၇ မက်-၈ ဂျက်လေယာဉ်သည် လေဆိပ်မှ ပျံတက်ပြီးမကြာမီ နောက်ထပ် ၁၃ မိနစ်ခန့်တွင် လေဆိပ်မှ ထပ်မံပျံသန်းထွက်ခွာလာသည့် ဂျေတီ ၆၁၀ လေယာဉ်နှင့်လည်း အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း မိုင်းတွင်းများ တည်ရှိရာ မြို့တစ်မြို့ဖြစ်သည့် ပန်ကယ် ပီနန်မြို့သို့ ပျံသန်းထွက်ခွာလာစဉ်ရေဒါမှ အဆက်အသွယ်ပြတ်တောက်သွားခဲ့ပြီး ယခုလို ပျက်ကျခဲ့ခြင်း ဖြစ်သည်။ လိမ္မော်ရင့်ရောင် လေယာဉ်ဦးပိုင်းရှိ အသံဖမ်းစက်ကို နိုဝင်ဘာလ အစောပိုင်းက ရှာဖွေတွေ့ရှိခဲ့သော လေယာဉ်ပျံသန်းရာ လမ်းကြောင်း မှတ်တမ်းပစ္စည်း (ဘလက်ဘောက်စ်) တည်ရှိရာနေရာ၏ ၁၀ မီတာအကွာခန့်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အသံဖမ်းစက်မှာနှစ်ပိုင်းဖြစ်နေကြောင်း သိရသည်။


**ပျက်ကျလေယာဉ်၏ နှစ်ပိုင်းဖြစ်နေသည့် လိမ္မော်ရင့်ရောင် အသံဖမ်းစက်ကို တွေ့ရစဉ်**

"အသံဖမ်းစက်ကတော့ နှစ်ပိုင်းဖြစ်နေတယ်။ အခုချိန်ထိ သုံးလို့ရဦးမယ်လို့တော့ ထင်ရတာပဲ"ဟု အင်ဒိုနီးရှားအမျိုးသားသယ်ယူပို့ဆောင်ရေး ကော်မတီ ဒုတိယအကြီးအကဲ ဟာရိုဆက်စ်မီကိုက ပြောကြားသည်။

**စုစုပေါင်း ၁၈၉ ဦးလိုက်ပါလာသော နှစ်လခန့်သာကြာ မြင့်သေးသည့် အသစ်စက်စက် ဘိုးရင်း ၇၃၇ မက်-၈ ဂျက်လေယာဉ်သည် အောက်တိုဘာ ၂၉ ရက်က ဂျကာတာမှပျံတက်ပြီး မကြာမီ ဂျာဗားပင်လယ်ပြင်တွင်းသို့ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူအားလုံးသေဆုံးခဲ့ကြောင်းနှင့် သေဆုံးခဲ့သူများ၏ သက်သေခံပစ္စည်းများကိုလည်း ပင်လယ်ကြမ်းပြင်အောက်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း**

**အေအက်ဖ်ပီ၊ ဆင်ဟွာ**


ကွန်ဂိုကျန်းမာရေးဝန်ထမ်းတစ်ဦးက အီဘိုလာကာကွယ်ဆေးထိုးပေးနေစဉ်

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် လူဦးရေ ၆၀၀ ကျော်အီဘိုလာကူးစက်ခံနေရ

**ကင်ရှာဆာ ဇန်နဝါရီ ၁၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် လူဦးရေ ၆၀၀ ကျော် (၅၈၀ ကူးစက်ခံနေရ၊ ၄၈ ဦး သံသယရှိ) အီဘိုလာကူးစက်ခံနေရကြောင်းနှင့် အီဘိုလာကြောင့် ၃၈၃ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

အီဘိုလာပိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ခက်ခဲနေသေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံအရှေ့ပိုင်းတွင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသောကြောင့်ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အို၏ ထုတ်ပြန်ချက်ထားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အီဘိုလာကို ၁၉၇၆ ခုနှစ်က ပထမဆုံးအကြိမ် စတင်တွေ့ရှိခဲ့သည်။ ထိုအချိန်က ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံကို ဇိုင်ယာ သမ္မတနိုင်ငံဟုခေါ်ခဲ့သည်။ အီဘိုလာမြစ်မှ ပျံ့နှံ့ကူးစက်ခဲ့သောကြောင့် ယင်းရောဂါကို ယခုအခါ အီဘိုလာရောဂါဟုခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

နောက်ပိုင်း သိပ္ပံပညာရှင်များက ၂၀၁၃ခုနှစ်မှ ၂၀၁၆ ခုနှစ်ကြား အနောက်အာဖရိက နိုင်ငံသုံးနိုင်ငံတွင် ဖြစ်ပွားခဲ့သော အီဘိုလာကူးစက်မှုကို တားဆီးနိုင်မည့် ကာကွယ်ဆေးထုတ်လုပ်နိုင်ခဲ့ပြီး အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကြောင့် လူပေါင်း ၁၁၀၀၀ ကျော် သေဆုံးခဲ့သည်။

လတ်တလောရက်ပိုင်းတွင် အီဘိုလာရောဂါဖြစ်ပွားမှု ၁၆ ခုကို မြောက်ပိုင်း ကီဗူနှင့် အီတူရီပြည်နယ်ရှိ နေရာအနှံ့အပြားတွင် ထပ်မံတွေ့ရှိခဲ့ကြောင်းနှင့် တွေ့ရှိခဲ့ရာနေရာများမှာ ဘူတန်ဘိုတွင် ခြောက်ခု၊ ကတ်ဝတွင် ငါးခု၊ အွိုင်ချာတွင် နှစ်ခု၊ မာဘာယ်လာကို၊ ကျွန်ဒိုနှင့် ကလန်ဂူတာတွင် တစ်ခုစီဖြစ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ **အေအက်ဖ်ပီ**

# ဝိုင်ပီဂျီအဖွဲ့ကို တိုက်ခိုက်ရင် တူရကီကို စီးပွားပျက်အောင်လုပ်မယ်လို့ ထရမ့်ခြိမ်းခြောက်

**ကလျာမိုးမြင့်**

အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားကနေရုပ်သိမ်းဖို့ စီစဉ်ခဲ့ပြီးတဲ့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အကယ်၍ တူရကီဟာ ဆီးရီးယားမှာရှိတဲ့ ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့တွေကို တိုက်ခိုက်လာမယ်ဆိုရင် တူရကီရဲ့စီးပွားရေးကို ပျက်စီးခြင်းဆိုက်အောင် လုပ်ပစ်လိုက်မယ်ဆိုပြီး ခြိမ်းခြောက်လိုက်ပါတယ်။



တူရကီကျောထောက်နောက်ခံပေးထားသည့် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

### ကာ့ဒ်အုပ်စုတွေ တူရကီကို ကျူးကျော်မလာစေချင်

တနင်္ဂနွေနေ့က ရေးသားခဲ့တဲ့ တွစ်တာပေါ်က ပို့စ်နှစ်ခုမှာ သမ္မတထရမ့်က ၎င်းအနေနဲ့ ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုတွေ တူရကီကိုကျူးကျော်လာမယ့်အဖြစ်မျိုး မရောက်စေချင်ဘူးလို့ ပြောထားပါတယ်။

အမေရိကန် တပ်ဖွဲ့ဝင်တွေဟာ ဆီးရီးယားမြောက်ပိုင်းမှာ အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအုပ်စုကို ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့နဲ့ အတူ တိုက်ခိုက်နှိမ်နင်းနေပါတယ်။

### အကြမ်းဖက်စာရင်းထဲထည့်သွင်း

သို့သော်လည်း တူရကီကတော့ ပြည်သူ့ကာကွယ်ရေးယူနစ်( ဝိုင်ပီဂျီ) အဖွဲ့ဆိုတာကို အကြမ်းဖက်အုပ်စုစာရင်းထဲ ထည့်ထားတာ ဖြစ်ပါတယ်။ တူရကီသမ္မတ ရီဆက်တေရစ် အာဒိုဂန်က ဝိုင်ပီဂျီအဖွဲ့ကို အမေရိကန်က ကူညီထောက်ပံ့ပေးနေတာတွေနဲ့ ပတ်သက်ပြီး အလိုမကျမှုတွေကို စိတ်ဆိုးမာန်ဆိုးဖော်ပြခဲ့ပြီး ဒီအဖွဲ့ကို ချေမှုန်းပစ်ဖို့ပဲ အလေးပေးလျက်ရှိပါတယ်။

### အကျိုးဆောင်ပေးသလို ဖြစ်လာနိုင်

အမေရိကန် တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားကနေ ရုပ်သိမ်းဖို့ ဆုံးဖြတ်ချက်ချခဲ့တဲ့အပေါ် နောက်ထပ်ဝေဖန်မှုတွေ ပေါ်ထွက်လာခဲ့ပြီးတဲ့နောက် တနင်္ဂနွေနေ့မှာ ထရမ့်ကတွစ်တာပေါ်မှာ မှတ်ချက်ချခဲ့တာဖြစ်ပါတယ်။

ဆော်ဒီအာရေဗျ တော်ဝင်မိသားစုရဲ့ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ တာကီအယ်လ်ဖေဆယ်လ်က အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားကနေ ရုပ်သိမ်းတာဟာ အီရန်၊ ရုရှားနဲ့ ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်တို့ကို ပိုကောင်းအောင် အကျိုးဆောင်ပေးသလို ဖြစ်လာနိုင်တယ်လို့ ဝေဖန်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ လတ်တလောမှာ ဆော်ဒီအာရေဗျရဲ့ မြို့တော်ရီယာ့ဒ်ကို ရောက်ရှိနေပြီး ၎င်းဟာ ဒေသတွင်းမှာရှိတဲ့ အမေရိကန်ရဲ့ မဟာမိတ်တွေကို သံသယတွေ ဖြေဖျောက်ဖို့အတွက် အရှေ့အလယ်ပိုင်း ခရီးစဉ်သွားရောက်နေတာ ဖြစ်ပါတယ်။

### ဘေးကင်းဇုန်ထူထောင်

သမ္မတထရမ့်က တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းဖို့ ၎င်းရဲ့ဆုံးဖြတ်ချက်နဲ့ပတ်သက်ပြီး ဘယ်လိုခုခံကာကွယ်ပြောဆိုခဲ့သလဲဆိုတော့ လက်ရှိအနီးအနားက အခြေစိုက်စခန်းကနေ လက်ကျန် အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေကို တစ်ယောက်မကျန် တိုက်ခိုက်ချေမှုန်းခံရမယ်လို့ ကြုံးဝါးခဲ့ပါတယ်။

ဒါပေမယ့် ထရမ့်က အကယ်၍ တူရကီဟာ ဝိုင်ပီဂျီကို တိုက်ခိုက်လာမယ်ဆိုရင် တူရကီရဲ့စီးပွားရေးကို ဘယ်နည်းဘယ်ပုံ ထိခိုက်ပျက်စီးအောင်လုပ်မယ်လို့တော့ ပြောမပြခဲ့ပါဘူး။ ပြီးတော့လည်း ထရမ့်က မိုင် ၂၀ လောက်ရှိတဲ့ဘေးကင်းဇုန်တစ်ခု ထူထောင်ထားတာကိုလည်း ဖော်ပြခဲ့ပါတယ်။

### တပ်ဖွဲ့ဝင်တွေ အိမ်ပြန်ချိန်တန်ပြီ

ဆီးရီးယားကနေ တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းမယ့် လုပ်ဆောင်ချက်ကြောင့် ရုရှား၊ အီရန်နဲ့ ဆီးရီးယားတို့အတွက် အကျိုးရှိမှာ ဖြစ်သလို ဒီအချိန်ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေ နေအိမ်ကို ပြန်ရတော့မယ့် အချိန်ပဲလို့ ပြောခဲ့ပါတယ်။

သမ္မတထရမ့်ဟာ ပြီးခဲ့တဲ့လအတွင်းက ဝိုင်ပီဂျီဦးဆောင်တဲ့ ဆီးရီးယား ဒီမိုကရက်တစ်တပ်ဖွဲ့မဟာမိတ်တွေက ထိန်းချုပ်ထားတဲ့ ဆီးရီးယားကနေ အမေရိကန်တပ်ဖွဲ့ဝင်တွေ ချက်ချင်းစတင်ဆုတ်ခွာဖို့ အမိန့်ပေးလိုက်တဲ့အတွက် မဟာမိတ်နိုင်ငံတွေကို တုန်လှုပ်စေခဲ့သလို ပြည်တွင်းမှာလည်း ပြင်းပြင်းထန်ထန်ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

### ဖုန်းဖြင့် ဆက်သွယ်

ပြီးခဲ့တဲ့ရက်သတ္တပတ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ တူရကီနိုင်ငံခြားရေးဝန်ကြီး မယ်ဗလပ်ကာဆိုဂလူနဲ့ ဖုန်းကနေ တစ်ဆင့်ဆက်သွယ်စကားပြောဆိုခဲ့ပြီး ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့တွေကို ကာကွယ်ဖို့အတွက် တူရကီနဲ့ သဘောတူညီမှုတစ်ခုရရှိဖို့နဲ့ ပတ်သက်ပြီး ကောင်းမွန်တဲ့ အလားအလာတစ်ခုကို ဖော်ပြခဲ့ပါတယ်။ သို့သော်လည်း အသေးစိတ်တော့ ပြောမပြခဲ့ပါဘူး။

### နိုင်ငံကို အကြမ်းဖက်ရန်ကနေ ကာကွယ်ခွင့်ရှိ

အဘူဒါဘီမှာ မိန့်ခွန်းပြောကြားခဲ့စဉ်အတွင်းမှာ မစ္စတာပွန်ပီအိုက အမေရိကန်ဟာ တူရကီပြည်သူတွေရဲ့ အခွင့်အရေးနဲ့ တူရကီသမ္မတအာဒိုဂန်အနေနဲ့ ၎င်းရဲ့နိုင်ငံကို အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ရန်ကနေ ကာကွယ်ခွင့်ကို အသိအမှတ်ပြုလက်ခံတယ်လို့ပြောကြားခဲ့ပါတယ်။

ယခုအချိန် တစ်လျှောက်လုံးမှာ အမေရိကန်လိုပဲ တိုက်ခိုက်နေတာတွေဟာ ကိုယ့်နိုင်ငံကိုကာကွယ်ဖို့ ထိုက်တန်တဲ့လုပ်ရပ်ဖြစ်တယ်ဆိုတာကို ကျွန်ုပ်တို့နားလည်သဘောပေါက်တယ်လို့ ၎င်းက ထပ်ပြောထားတာကို တွေ့ရပါတယ်။

### နောက်ဆုံးရလဒ်တွေ ရှာဖွေနိုင်ဖို့ မျှော်လင့်

မိုက်ပွန်ပီအိုဟာ ရီယာ့ဒ်မှာ အီရန်ကိစ္စ၊ ယီမင်မှာဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ ဆီးရီးယားကိစ္စတွေကို ဆွေးနွေးဖို့သာမက ဆော်ဒီသတင်းထောက်ဂျမားလ်ခါရှော့ဂီ အသတ်ခံရမှုနဲ့ ပတ်သက်တဲ့ စုံစမ်းစစ်ဆေးမှုတွေရဲ့ နောက်ဆုံးရလဒ်တွေကို ရှာဖွေဖို့ မျှော်လင့်ခဲ့ပါတယ်။

ဆော်ဒီအာရေဗျရဲ့ အုပ်ချုပ်ရေးအာဏာပိုင်တွေကို ဝေဖန်တဲ့ ရေးသားမှုတွေ လုပ်ဆောင်ခဲ့တဲ့ မစ္စတာခါရှော့ဂီဟာ လွန်ခဲ့တဲ့သုံးလအကြာက အစ္စတန်ဘူလ်မြို့မှာရှိတဲ့ ဆော်ဒီကောင်စစ်ဝန်ရုံးမှာ အသတ်ခံလိုက်ရတာ ဖြစ်ပါတယ်။

### ဆီးရီးယားမှာ အမေရိကန် တပ်ဖွဲ့ဝင်တွေ ဘယ်လောက်ရှိသလဲ

ဆီးရီးယားမြောက်ပိုင်းမှာ ချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ဟာ ၂၀၀၀ ခန့်ရှိပါတယ်။ မြေပြင်တပ်ဖွဲ့ဝင်တွေဟာ ၂၀၁၅ ခုနှစ်မှာ ပထမဆုံးရောက်ရှိခဲ့ပြီး အဲဒီအချိန်က ယခင်အမေရိကန်သမ္မတ ဘားရက်အိုဘားမားဟာ အထူးတပ်ဖွဲ့ဝင်အရေအတွက်အနည်းငယ်ကို လေ့ကျင့်ရေးဆောင်ရွက်ဖို့နဲ့ ဝိုင်ပီဂျီတိုက်ခိုက်ရေး အဖွဲ့တွေကို အကြံပေးဖို့ စေလွှတ်ခဲ့ပါတယ်။

### တပ်ဖွဲ့ဝင်တွေတိုးပွားလာ

အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွတွေကို နှိမ်နင်းတိုက်ခိုက်ဖို့အတွက် ဆီးရီးယားမှာရှိတဲ့ အာရပ်သူပုန်အုပ်စုတွေကို စစ်လက်နက်တွေ ကူညီထောက်ပံ့ဖို့နဲ့ လေ့ကျင့်သင်ကြားရေးအတွက် ကြိုးပမ်းမှုအချို့ လုပ်ဆောင်ခဲ့ပြီးတဲ့နောက် အမေရိကန်က ဒီလိုစေလွှတ်ခဲ့တာ ဖြစ်ပါတယ်။

စစ်ရေးအရ ကြားဝင်စွက်ဖက်မှုတွေ လုပ်ဆောင်ခဲ့ပြီး နှစ်အနည်းငယ်အကြာမှာ ဆီးရီးယားမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ အရေအတွက်ဟာ တိုးပွားလာခဲ့ပြီး ဆီးရီးယားနိုင်ငံ အရှေ့မြောက်ဘက်တစ်လွှားမှာ စစ်အခြေစိုက်စခန်းနဲ့ လေတပ်အခြေစိုက်စခန်းတွေပါဝင်တဲ့ ကွန်ရက်တစ်ခုကို ထူထောင်လိုက်ပါတယ်။

လတ်တလောမှာတော့ ဆီးရီးယားမှာရှိတဲ့ ကာ့ဒ်တိုက်ခိုက်ရေးအုပ်စုတွေရဲ့လုံခြုံရေးကိစ္စကို အမေရိကန်က အလေးပေးနေတာဖြစ်ပြီး ဒီကိစ္စအပေါ်မှာ တူရကီက လက်မခံတဲ့အတွက် ကာ့ဒ်တိုက်ခိုက်ရေး အဖွဲ့ဝင်တွေကို တိုက်ခိုက်လာမယ်ဆိုရင် တူရကီရဲ့ စီးပွားရေးကို ထိခိုက်အောင်လုပ်မယ်လို့ ထရမ့်က ခြိမ်းခြောက်နေတာ ဖြစ်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်တပ်ဖွဲ့ဝင်များကို အာဖဂန်မှ ရုပ်သိမ်းမည့်အစီအစဉ်နှင့် ပတ်သက်၍ ဩစတြေးလျစိုးရိမ်

**ကန်ဘာရာ ဇန်နဝါရီ ၁၄**

အာဖဂန်နစ္စတန်၌ ဖြန့်ကြက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည့် အမေရိကန်၏ အစီအစဉ်အပေါ် ဩစတြေးလျနိုင်ငံက စိုးရိမ်ပူပန်လျက်ရှိကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး မာရိုက်စ်ပေနီက တနင်္လာနေ့တွင် ပြောကြားလိုက်ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အာဖဂန်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀၀ အနက် ထက်ဝက်ခန့်ကို အာဖဂန်ပြင်ပသို့ ပြန်လည်ဆုတ်ခွာရန် ပြင်ဆင်နေကြောင်း အမေရိကန် သတင်းမီဒီယာက ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကြေညာချက်ထွက်ပေါ်လာပြီးနောက်တွင် ဩစတြေးလျအာဏာပိုင်တစ်ဦးက အပြင်းထန်ဆုံး မှတ်ချက်ချခဲ့ပြီး ယင်းအစီအစဉ်နှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံက စိုးရိမ်ပူပန်နေကြောင်း ပြောကြားခဲ့သည်။

ယခုထက် ပိုမိုလုပ်ဆောင်ရမည့် အရာများရှိနေသော်လည်း အကယ်၍ ယခုအချိန်၌ အဓိကကျသည့် မိတ်ဖက်အဖွဲ့များက ဦးတည်ချက်ပြောင်းလဲသွားမည်ဆိုပါက အကြီးအကျယ်စိုးရိမ်ဖွယ်ရာဖြစ်လာနိုင်သည်ဟု ၎င်းက ပြောသည်။

**ဆင်ဟွာ**

### လေထုညစ်ညမ်းမှုကို လျှော့ချမည့် ငါးနှစ်စီမံကိန်းကို အိန္ဒိယ ကြေညာ

**နယူးဒေလီ ဇန်နဝါရီ ၁၄**

အိန္ဒိယအစိုးရသည် လာမည့် ၂၀၂၄ ခုနှစ်တွင် လေထုညစ်ညမ်းမှုကို အဆိုးရွားဆုံး ထိခိုက်ခံစားနေရသည့် မြို့ကြီး ၁၀ ခုတို့၌ လေထုညစ်ညမ်းမှုကို လျှော့ချသွားမည့် ငါးနှစ်ကြာ စီမံကိန်းတစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ လေထုညစ်ညမ်းမှု အခြေအနေဆိုးရွားလာလျက်ရှိသည်ဟု အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ လေထုအရည်အသွေးအညွှန်းကိန်းမှာ ပြင်းထန်အဆင့်ကို ဖော်ပြနေကြောင်း အိန္ဒိယ ဗဟိုလေထုညစ်ညမ်းမှုထိန်းချုပ်ရေးဘုတ်အဖွဲ့က ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုလျှော့ချရေး အစီအစဉ်က လမ်းညွှန်မှုအထောက်အထားတစ်ခုဖြစ်လာပြီး ယင်းလှုပ်ရှားမှုတွင် ပါဝင်လာကြမည့်သူများ အားလုံးအတွက် တွန်းအားတစ်ရပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အိန္ဒိယပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီး ဟာ့ရှ်ဗာဒန်က ဒေသမီဒီယာသို့ ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ဖော်ပြချက်အရ အိန္ဒိယ၌ ကမ္ဘာ့လေထုညစ်ညမ်းမှုအဆိုးရွားဆုံးမြို့ကြီး ၁၀ ခုရှိနေကြောင်း သိရသည်။

**ဆင်ဟွာ**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ဖွင့်လှစ်

**ကျုံပျော် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် ဇန်နဝါရီ ၁၂ ရက်က ကျုံပျော်မြို့နယ် တောက်တဲ့ရိုးအုပ်စု၏ (၂၇) ကြိမ်မြောက် ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲဆိုင်းဘုတ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ တိုင်းပညာရေးမှူးရုံး ညွှန်ကြားရေးမှူး (စီမံ) ဆရာကြီး မန်းသိန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က “ယခုအခါ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် ဒေသအလိုက်လိုအပ်သည့် လူတော်လူကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်နှင့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ထူးချွန်စွာ စွမ်းဆောင်ချက်များနှင့် အောင်မြင်မှု ရလဒ်တိုးတက်လာမှုများကို အခြေခံပညာကျောင်းအလိုက် မိဘပြည်သူများကို ထုတ်ဖော်ပြသနိုင်ခြင်းဖြင့် ပညာရေးလုပ်ငန်းများ၌ မိဘပြည်သူများ ပူးပေါင်းပါဝင်မှု ပိုမိုရရှိစေရန် ရည်မျှော်ပြီး ပညာရေးစုံညီပွဲတော်များကို ကျင်းပလျက်ရှိကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်မြို့နယ် အင်းရဲကျွန်းသို့ သွားရောက်၍ ကျွန်း၏အနေအထားကို စက်လှေများဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြသည့် အင်းရဲကျွန်းကို နိုင်ငံခြားခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိလာသည်အထိ ဆောင်ရွက်သွားနိုင်ရေး၊ ကျွန်းနှင့်မြို့ဆက်သွယ်သည့်လမ်း ပိုမိုကောင်းမွန်လာရေး၊ ကျွန်းအတွင်း ကျန်းမာရေး Sub Center ဆောက်လုပ်နိုင်ရေးနှင့် ဆည်လေးချောင်း ရေဝင်ရေထွက်ကောင်းမွန်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကာ၊ ကျွန်းပေါ်ရှိ ကရင်တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# ကယားပြည်နယ်နေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၄**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်မည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့က ပြည်နယ်မီးသတ်ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြကြိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ ဒိုင်အဖွဲ့နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲ ဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် စစ်တုရင်ဝါသနာရှင် ၅၈ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်နှင့် တာဝန်ရှိသူတို့က အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# ရပ်စောက်မြို့နယ် အလည်ချောင်ကျေးရွာအုပ်စု ကျေးရွာ သုံးရွာ လျှပ်စစ်မီး ဖွင့်ပွဲကျင်းပ

**ရပ်စောက် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးသော တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အလည်ချောင်ကျေးရွာအုပ်စု ရွာမ၊ ရွာသစ်၊ ဖောင်းပြားကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက်က အလည်ချောင်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရွာမ၊ ရွာသစ်၊ ဖောင်းပြားကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးရရှိသည့် ဖွင့်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရှမ်းပြည်နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းလတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ပြည်နယ် ဝန်ကြီးချုပ်က ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ခရိုင် သုံးခရိုင်၊ မြို့နယ် ၂၁ မြို့နယ်ဖြင့် ဖွဲ့စည်းထားရှိပြီး ကာလိ၊ မိုင်းစံ၊ ဟိုမိန်းမြို့ သုံးမြို့သာ လျှပ်စစ်မီးရရှိရန် ကျန်ရှိရာ ကျန်မြို့နယ်အားလုံး လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်၍ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်လည်း မြို့နယ်အားလုံးနီးပါး လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲလျက်ရှိကာ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် နိုင်ငံတော် ဓာတ်အား စနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိခြင်း မရှိသေးဘဲ အစိုးရသစ် တာဝန်ယူ ဆောင်ရွက်နေရသည့် ကာလအတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ၄၄ ဒသမ ၁၃ ရာခိုင်နှုန်း နိုင်ငံတော် ဓာတ်အားပေးစနစ်မှ သုံးစွဲနိုင်ပြီး မီးလင်းရန် ကျန်ရှိသည့် မြို့နယ်ကျေးရွာများကို လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် ပြည်ထောင်စုအစိုးရ ဘတ်ဂျက်၊ ပြည်နယ်အစိုးရဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၇- ၂၀၁၈ ခုနှစ် RE ဘတ်ဂျက်တွင် ကျပ်သိန်းပေါင်း ၉၂၀၊ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် ကျပ်သိန်းပေါင်း ၁၄၀၀ နှင့် ၁၆၀ ကေဗွီအေ ထရမ်စဖော်မာတစ်လုံးကို ပြည်နယ် အစိုးရအဖွဲ့ဘတ်ဂျက်မှ ချပေးခဲ့ကြောင်း၊ ယခုတွင် ရွာသစ်၊ ရွာမ၊ ဖောင်းပြားကျေးရွာ သုံးရွာအတွင်း ၁၆၀ ကေဗွီအေ ထရမ်စဖော်မာ သုံးလုံး၊ ၁၁ ကေဗွီလိုင်း ၁၀၃၆၄ ပေ၊ ၄၀၀ ဗို့အားလိုင်း ၂၉၂၈၆ ပေ တည်ဆောက်ပြီးစီးခဲ့၍ လျှပ်စစ်မီး သုံးစွဲရန် မီတာဘောက်စာရင်း ၅၄၅ အိမ် ရှိခဲ့ကြောင်း ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအတွင်းရေးမှူး ဦးစိုးသန်းက ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စာကြည့်တိုက်ဖွင့်ပွဲနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်

**ပေါင် ဇန်နဝါရီ ၁၄**

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်၍ တောင်ကိုးရီးယားသမ္မတနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် ဆေးမားလ်အူအွန်ဒုန်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သောကျေးရွာ စာကြည့်တိုက်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျေးရွာဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားကို ပေါင်မြို့နယ်တွင် ယနေ့နံနက်တွင် အဟောက်ကျေးရွာ၌ ပြုလုပ်ရာ ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်စိုး၊ ဆေးမားလ်အူအွန်ဒုန်စီမံကိန်းမှ စေတနာ့ဝန်ထမ်း ဒေါ်ချိုးနဒီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားရာ ဆေးမားလ်အူအွန်ဒုန်စီမံကိန်းမှာ မြို့ပြနှင့် ကျေးလက်ကြားကွာဟမှုကို လျော့နည်းစေရေး၊ ကျေးရွာနေအိမ်ထောင်စုတစ်ခုချင်းစီ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးစသည့် ရည်ရွယ်ချက်များဖြစ်ကြောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြည်နယ်တစ်ခုလုံးတွင်မှ ပေါင်မြို့နယ်အတွင်းရှိ ရွေးချယ်ထားသော ကျေးရွာ ငါးရွာကို တစ်ရွာလျှင် အမေရိကန် ဒေါ်လာ နှစ်သောင်းဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ကာလုပ်ငန်းများ အကောင်အထည်ဖော်ခဲ့ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် ငါးရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရေးလုပ်ငန်းများအတွက် ၅၀ ရာခိုင်နှုန်း၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ၄၅ ရာခိုင်နှုန်းတို့ဖြင့် ကဏ္ဍအလိုက်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးမားလ်အူအွန်ဒုန်စီမံကိန်းမှ စေတနာ့ဝန်ထမ်းက “စီမံကိန်းတစ်ခါပြီးတိုင်း အကဲဖြတ်အမှတ်ပေးတဲ့အဖွဲ့က လာစစ်ဆေးမယ်။ အဲဒီမှာ လုံ့လဝီရိယရှိခြင်း၊ အများနဲ့ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊ ကိုယ့်အားကိုယ်ကိုးရှိခြင်းတို့ကို ကြည့်ပြီး အဆင့် A နဲ့ B သတ်မှတ်ထားတယ်။ အဆင့် A ရရင် နောက်ထပ်စီမံကိန်း အတွက် အမေရိကန် ဒေါ်လာ နှစ်သောင်း၊ B ဆိုရင် ဒေါ်လာ တစ်သောင်း ထပ်မံပေးအပ်သွားပါမယ်”ဟု ၎င်းက ပြောသည်။

**ကိုဟိန်း (ပေါင်)**

# ကယားပြည်နယ်နေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၄**

(၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲ၏ ဒုတိယနေ့ကို ဇန်နဝါရီ ၁၁ ရက် ညပိုင်းက ကယားပြည်နယ်နေ့ပွဲတော် ကျင်းပရာ ကွင်းအတွင်းရှိ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက စင်မြင့်၌ ဆက်လက်ကျင်းပ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယနေ့ ပြိုင်ပွဲများအနေဖြင့် လွိုင်ကော်မြို့နယ် ထေးငှားလျားစံပြကျေးရွာမှ ဖားစည်အက၊ ရွာတန်းရှည်ရပ်ကွက်မှ ပအိုဝ်းခေတ်သစ်အက၊ ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီကျေးရွာမှ တိုင်းရင်းသားပေါင်းစုံအက၊ လွိုင်ကော်မြို့ ထေးသမရပ်ကွက်မှ ဂျိန်းဖောအက၊ ပဒါးညေးကျေးရွာမှ သွေးချင်းညီနောင်အက၊ ထေးပလော်ခူကျေးရွာမှ ဖလခဲအက၊ ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ရွာမှ အင်းလေးအလှ အက၊ လွိုင်ကော်မြို့နယ် ဆောင်ကန်းကျေးရွာမှ ပျော်ဒူလေ့လေ့ အက၊ ဖားတီမာကျေးရွာမှ ထူထွတ်လီမြား ကယားလီဖုအက၊ ကယန်း စာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီမှ တို့ရွာတို့ကမ္ဘာအက၊ ဒီးမော့ဆိုမြို့နယ် ကုန်းသာကျေးရွာမှ ပြည်ထောင်စု ကယန်းတိုင်းရင်းသား အကတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

တိုင်းရင်းသားရိုးရာအကပြိုင်ပွဲများအပြီးတွင် မန္တလေးတိုင်းဒေသကြီး Tiger Dance Group အဖွဲ့က မြန်မာ့ရိုးရာအကများဖြစ်သော အပျိုတော်အက၊ ကိုကြီးကျော်အက၊ ဦးရွှေရိုး ဒေါ်မိုးအက၊ သူငယ်တော်အက စသည့် အကများအပြင် ကယားရိုးရာအက၊ ကျားအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

အဆိုပါ ဖျော်ဖြေမှုအစီအစဉ်တွင် လွိုင်ကော်မြို့မှ နာနတ်တော လူငယ်များအဖွဲ့ကလည်း ခေတ်ပေါ်တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး**



# ရှင်မတောင်တောင်ခြေအနီးရှိ ကျေးရွာများတွင် သဘာဝဆားခါးချက်လုပ်ငန်း တိမ်ကောလုနီးဖြစ်

**ရေစကြို ဇန်နဝါရီ ၁၄**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်တောင်ခြေအနီးရှိ ကျေးရွာများတွင် သဘာဝဆားခါးမြေကြီးကို ဆားခါးချက်လုပ်ခြင်းလုပ်ငန်း တိမ်ကောလုနီးဖြစ်လာနေကြောင်း သိရသည်။

ရှင်မတောင် တောင်ခြေအနီးရှိ ကျောက္ကာကျေးရွာနှင့် ချင်းယားကုန်းကျေးရွာတို့သည် ဘိုးဘွားအစဉ်အဆက် ဆားခါးချက် လုပ်ခဲ့ကြသော်လည်း ယခုအခါ သဘာဝဆားခါးမြေ လျော့နည်းလာခြင်း၊ ဆားခါးချက်လုပ်ရောင်းချရခြင်းမှာ ငွေဝင်နည်းပါးခြင်း၊ အခြားဝင်ငွေကောင်းသည့် လုပ်ငန်းများကို ပြောင်းလဲ လုပ်ကိုင်လာခြင်းတို့ကြောင့် ဆားခါးချက်လုပ်ငန်း တိမ်ကောပျောက်ကွယ်လုနီး ဖြစ်လာရကြောင်း သိရသည်။

"ဆားခါးမြေက အရင်ကလို သိပ်မပေါက်တော့ဘူး။ ဒီနှစ်ပိုင်းတွေမှာ မိုးရာသီကလည်း အရင်လို မမှန်တော့ဘူး။ မိုးခေါင်တော့ ဆားခါးသိပ်မပေါက်ဘူး။ ကန္တာရပင်တွေ ပိုပိုပေါက်လာတော့ ဆားခါးမြေ သိပ်မရှိတော့ဘူး။ ဆားခါးက ဈေးလည်းသိပ်မရဘူး။ ဆားခါးချက်ရတာလည်း ပင်ပန်းတော့ သိပ်မချက်ကြတော့ဘူး။ မိန်းကလေးတော်တော်များများကတော့ ရက်ကန်းရက်တာပဲ ပြောင်းလုပ်ကြတာ များလာတယ်" ဟု ဆားခါးချက်လုပ်သူ ဒေါ်ခင်မာက ပြောသည်။

အဆိုပါကျေးရွာများမှ ဒေသခံများသည် နွေရာသီနှင့် ဆောင်းရာသီများတွင် ရှင်မတောင်တောင်ခြေတစ်ဝိုက် တောစပ်များတွင် မြေကြီးထဲမှ ပွင့်သောဆားခါးမြေများကို တူရွင်းဖြင့်ခြစ်ယူကာ ရေအိုးဖင်ကို မန်ကျည်းစေ့ခန့်အပေါက်ဖောက်ထားသော ရေအိုးများအတွင်း ဖွဲ၊ သဲ၊ သဲမြေ၊ ဆားခါးမြေနှင့် ရေတို့ကို တစ်လွှာချင်းစီထည့်ပြီး ရေအိုးဖင်မှ ပြန်ကျလာသည့် ဆားခါးရည်ကို ပြန်ယူကာ ရေခန်းအောင်ချက်လုပ်ခြင်းဖြင့် ဆားခါးကို ရယူရောင်းချကြလေ့ရှိကြောင်း သိရသည်။

"ဆားခါးက မိုးမှန်မှ ပိုပေါက်တာ။ ကျွန်မတို့ငယ်ငယ်တုန်းက တစ်နေ့ကို ဆားခါးပိဿာချိန် ၃၀ လောက်ရတယ်။ အခု တစ်နေ့ကို ရှစ်ပိဿာလောက်ပဲ ရတော့တယ်။ ဆားခါးမြေကလည်း ရှားသွားတယ်" ဟု ကျောက္ကာကျေးရွာမှ အသက် ၆၀ အရွယ်ရှိ ဆားခါးချက်လုပ်သူတစ်ဦးက ပြောသည်။

ယခုနှစ်များအတွင်းတွင် ဆားခါးမြေမှာ ကန္တာရပင်များပေါက်ရောက်မှုကြောင့် ဆားခါးပွင့်မှု နည်းပါးလာသကဲ့သို့ ဆားခါးဈေးနှုန်းသည်လည်း တစ်ပိဿာလျှင် ဒိုင်ကောက်သည့်ဈေးမှာ ငွေကျပ် ၃၅၀ သာရရှိပြီး လက်လီဈေးမှာ ငွေကျပ် ၅၀၀ သာရရှိကြောင်း သိရသည်။

"ဆားခါးရအောင် မြေကြီးတွေ၊ ရွှံ့တွေ ကိုင်ရတာလေ။ နေ့တိုင်း ပေပေတူးတူးဖြစ်နေတာပေါ့။ ဆားခါးရအောင် ထင်းမီးနဲ့ ဆားခါးရေတွေကို ခန်းအောင်ချက်ရတာလည်း အပူကြီးထဲ ချက်ရတာပေါ့။ ထင်းကိုလည်း တောထဲက အပင်လေးတွေ လိုက်ရှာပြီး ခုတ်ရတာ။ လက်တွေလည်း ပေါက်ပြဲလို့၊ ဆားခါးဈေးကလည်း သိပ်မရတော့ ဘယ်သူမှ မချက်ချင်ကြတော့ဘူးလေ။ အရင်ကတော့ တစ်ရွာလုံးချက်ကြတာပေါ့။ အခုတော့ နှစ်ရွာပေါင်းမှ ၁၄ ဦး၊ ၁၅ ဦးလောက်ပဲ ကျန်တော့တယ်" ဟု ချင်းယားကုန်းကျေးရွာမှ ဆားခါးချက်လုပ်သူတစ်ဦးက ပြောသည်။

ဆားခါးချက်လုပ်ခြင်းမှာ ပင်ပန်းခြင်း၊ ဆားခါးဈေးမကောင်းခြင်း၊ ဆားခါးမြေရှားလာခြင်းတို့ကြောင့် ရက်ကန်းမရက်နိုင်သည့် အသက် ၆၀ ကျော်အရွယ်ရှိ အမျိုးသမီးအချို့သာ ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ အသက် ၆၀ အောက် အမျိုးသမီးများမှာ ကျေးရွာတွင်း နေအိမ်၌ပင် ရက်ကန်းရက်လုပ်ကြတော့ကြောင်း သိရသည်။


သဘာဝဆားခါး ချက်လုပ်နေပုံကို တွေ့ရစဉ်။

သဘာဝဆားခါးမြေများမှ ချက်ယူရရှိသည့် ဆားခါးကို အနီးအနားမှ ကျေးရွာများတွင် တိရစ္ဆာန်ကျွေးရန် လာရောက်ဝယ်ယူကြပြီး ကျေးရွာအတွင်းမှ ဆားခါးဖောက်သည်ဝယ်ယူသည့်ဒိုင်မှ ပခုက္ကူ၊ ရန်ကုန်၊ ဟင်္သာတ စသည့်မြို့နယ်များသို့ တင်ပို့ရောင်းချကြသည်။ ဆားခါးကို များသောအားဖြင့် တိရစ္ဆာန်ကျွေးရန်နှင့် ပရဆေးဖော်ရာတွင် အသုံးပြုမှုများကြောင်း သိရသည်။

**အိမွန်ဆွေ (ရေစကြို)**

# ဆွာချောင်းတမံမှ နွေစပါးစိုက်ဧက မူလလျာထားချက်ထက် ဧက ၅၀၀ ကျော် ပိုမိုရေပေးဝေနိုင်

**ရေတာရှည် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံမှ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် မူလလျာထားချက်ဖြစ်သော ဧက ၅၀၀၀ ကို ဒီဇင်ဘာ ၁၅ ရက်တွင် ရေစတင်ပေးဝေခဲ့သည်။

တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ကွင်းဝန်ထမ်းများ၊ နွေစပါး စိုက်ပျိုးလိုသည့် ဒေသခံတောင်သူများ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိရာ ရေလေလွင့်မှုသက်သာပြီး ပိုလျှံလာသောရေဖြင့် မူလလျာထားသည်ထက် ဧက ၅၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ရေပေးတဲ့အခါမှာ ပိုလျှံလာတဲ့ ရေတွေကို တခြားတောင်သူတွေပါ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ဧက ၅၀၀ ကျော်လောက် ပိုစိုက်နိုင်တာ တွေ့ရပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

နွေစပါးစိုက်ပျိုးမည့် စာရင်းတွင် မပါဝင်သော်လည်း ရေပိုရေလျှံများ ဝင်ရောက်လာသည့်အတွက် လယ်များ စိုက်ပျိုးလျက်ရှိသည့် ရေတာရှည်မြို့ ညောင်ပင်သာကျေးရွာနေ ဒေသခံ တောင်သူတစ်ဦးက "ကျွန်တော်တို့ ကွင်းက ရေပေးမယ့်အထဲမှာ မပါဘူး။ သပြေတန်းရွာကနေ ကားလမ်းအရှေ့ဘက်မြောင်းအတိုင်း ရေတွေဝင်လာလို့ အောက်ကတောင်သူတွေ စုပြီးစိုက်ကြတာ အဆင်ပြေပါတယ်" ဟု ပြောသည်။

**ကိုလွင် (ဆွာ)**


ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးနှင့် သိုင်းဝကျေးရွာအကြား နွေစပါးစိုက်ခင်းများကို တွေ့ရစဉ်။

# ပိုးသတ်ဆေးရောင်းချနေသော ဈေးဆိုင်များကို လိုင်စင်မှတ်ပုံတင်ခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**မိုင်းခတ် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်အတွင်းရှိ ပိုးသတ်ဆေးအရောင်းဆိုင်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများအဖွဲ့က ယနေ့နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးယုမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးဝင်းမောင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများဦးဆောင်ကာ ပိုးသတ်ဆေးဆိုင်ပိုင်ရှင်များအား ပိုးသတ်ဆေးနှင့် စားသောက်ကုန်များ ရောနှော၍ ရောင်းချခြင်းမပြုရန်၊ ပိုးသတ်ဆေးများ လိုင်စင်နှင့် မှတ်ပုံတင်ထားခြင်းရှိသူများသာ ရောင်းချရန်၊ စည်းကမ်းနှင့်အညီ ရောင်းချခြင်းမပြုသော ဆိုင်ပိုင်ရှင်များကို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၇၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၅၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၅/၉၂၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၁၀ | ကျပ် | ၇၄၅/၇၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ | ကျပ် | ၈၄၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၆ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၄၉ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၆၁ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၇ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၀ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၆၇၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ · ၄၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၈၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများ စန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် ''သမုဒ္ဒရာနှစ်စင်း သီအိုရီ'' ပေါ်ထွက်လာသည်။ အဆိုပါသီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် '' သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ'' ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှအဆက်*

**ဒေသတွင်း အထိခိုက်မခံတဲ့ ကိစ္စရပ်များ**

ပြိုင်ဆိုင်မှုပြင်းထန်လာတဲ့ အင်ဒို-ပစိဖိတ်ဒေသတွင်းမှာ နယ်မြေပိုင်ဆိုင်မှု အငြင်းပွားခြင်း၊ ပင်လယ်ရေနယ်နိမိတ်ပိုင်ဆိုင်မှု အငြင်းပွားခြင်း ကိစ္စရပ်တွေဟာ ဒေသရဲ့တည်ငြိမ်အေးချမ်းမှုကို ထိခိုက်လာနိုင်ဖို့ အလားအလာတွေ အများအပြားရှိတဲ့ နယ်ပယ်တွေဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေဟာ ဒေသတွင်း အင်အားကြီး သုံးနိုင်ငံဖြစ်တဲ့ ဂျပန်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ အကြားမှာရှိနေတဲ့အပြင် အာဆီယံနိုင်ငံတွေအကြားနဲ့ ပါကစ္စတန်နိုင်ငံတို့မှာလည်း ရှိနေပါတယ်။ ဩစတြေးလျနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့အနေနဲ့ ဒေသတွင်းအငြင်းပွားမှုကိစ္စရပ်တွေကို အပြည်ပြည်ဆိုင်ရာဥပဒေတွေနဲ့အညီ ငြိမ်းချမ်းစွာဖြေရှင်းတဲ့ ဒေသတစ်ခုဖြစ်လာစေရေးအတွက် ဦးတည်ရည်မှန်းဆောင်ရွက်နေကြပါတယ်။ အထူးသဖြင့် တောင်တရုတ်ပင်လယ်အရေးကိစ္စဟာ ဒေသတွင်းမှာ အဓိကကျတဲ့ အထိခိုက်မခံတဲ့ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံဟာ တောင်တရုတ်ပင်လယ်မှာ ပိုင်ဆိုင်မှုအငြင်းပွားတဲ့ကိစ္စမှာ မပါဝင်သလို အငြင်းပွားမှုမှာ ပါဝင်နေတဲ့ နိုင်ငံတွေအကြားမှာလည်း ဘက်လိုက်မှုမရှိဘဲ ရပ်တည်တဲ့အနေအထားကို ရယူထားရှိပါတယ်။ ဩစတြေးလျနိုင်ငံနည်းတူ ဒီပင်လယ်ရေနယ်နိမိတ်ပိုင်ဆိုင်မှု အငြင်းပွားမှုမှာ ပါဝင်ပတ်သက်ခြင်းမရှိတဲ့ နိုင်ငံတွေအနေနဲ့ကတော့ နိုင်ငံတကာရေကြောင်းကူးသန်းသွားလာမှုအတွက် အခရာကျလှတဲ့ တောင်တရုတ်ပင်လယ်အတွင်းမှာ တည်ငြိမ်အေးချမ်းမှုရှိရေး၊ အပြည်ပြည်ဆိုင်ရာဥပဒေတွေနဲ့ သက်ဆိုင်ရာ စံနှုန်းစံထားတွေနဲ့အညီ လိုက်နာဆောင်ရွက်ကြရေးကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အကျိုးစီးပွားဖြစ်တယ်လို့ ခံယူထားပါတယ်။

ဒါကြောင့် အငြင်းပွားမှုမှာ ပါဝင်ပတ်သက်နေကြတဲ့ နိုင်ငံတွေအနေနဲ့ တင်းမာမှုတွေ မြင့်မားလာစေမယ့် အပြုအမူတွေ၊ လုပ်ရပ်တွေကနေ ရှောင်ရှားကြဖို့လည်း တိုက်တွန်းထားပါတယ်။ အထူးသဖြင့် ပင်လယ်အတွင်းမှာ မြေဖို့ပြီး အဆောက်အအုံတွေ ဆောက်လုပ်နေတဲ့ လုပ်ငန်းတွေကို ရပ်ဆိုင်းသွားဖို့လည်း တောင်းဆိုထားပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ တရုတ်နိုင်ငံက အဲဒီလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတဲ့အပေါ် အထူးစိုးရိမ် ပူပန်ကြောင်း အခွင့်ကြုံတိုင်း ထုတ်ဖော်ပြောကြားလေ့ရှိပါတယ်။ တောင်တရုတ်ပင်လယ်အတွင်းမှာ အငြင်းပွားနေကြတဲ့ သဲသောင်ပြင်တွေ၊ သန္တာကျောက်တန်းတွေနဲ့ လူလုပ်ပစ္စည်းတွေကို စစ်ရေးရည်ရွယ်ချက်တွေအတွက် လုပ်ကိုင်ဆောင်ရွက်နေကြတာကို ဩစတြေးလျနိုင်ငံက ကန့်ကွက်ထားပြီး သဘောထားအမြင်ကွဲပြားမှုတွေကို အပြည်ပြည်ဆိုင်ရာ ဥပဒေအပေါ်အခြေခံပြီး ဆွေးနွေးညှိနှိုင်းဖြေရှင်းသွားကြဖို့ ထောက်ခံအားပေးလျက်ရှိပါတယ်။ အငြင်းပွားမှုမှာ ပါဝင်ပတ်သက်နေကြတဲ့ နိုင်ငံတွေအနေနဲ့ မိမိတို့ပိုင်ဆိုင်ခွင့်ရှိသင့်ကြောင်း၊ သဘောသဘာဝနဲ့ အထောက်အထားတွေကို ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေကွန်ဗင်းရှင်း (The United Nations Convention on the Law of the Sea-UNCLOS) နဲ့အညီ ရှင်းရှင်းလင်းလင်းဖော်ထုတ် တင်ပြသွားကြဖို့ လုပ်သင့်ကြောင်းလည်း ပြောကြားထားပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ ဖိလစ်ပိုင်နိုင်ငံက တင်သွင်းပြီး Permanent Court of Arbitration က ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက ဆုံးဖြတ်ချက်ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ဟာ အတည်ဖြစ်တယ်၊ ဥပဒေကြောင်းအရ နှစ်ဖက်စလုံးက လိုက်နာကြဖို့ သက်ရောက်မှုရှိတယ်လို့ ခံယူထားပါတယ်။ ဒေသတွင်း အခြား အထိခိုက်မခံတဲ့ကိစ္စရပ်က အရှေ့တရုတ်ပင်လယ်အတွင်းက ထိုင်ဝမ်အရေးကိစ္စဖြစ်ပြီး အတင်းအကျပ် ဖိအားပေးမှု ဒါမှမဟုတ် အင်အားအသုံးပြုဖို့ အလားအလာတွေရှိနေမှုအပေါ် ဩစတြေးလျနိုင်ငံက စိုးရိမ်ပူပန်လျက်ရှိပါတယ်။ အလားတူပဲ ပါကစ္စတန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြားရှိနေဆဲဖြစ်တဲ့ တင်းမာမှုတွေဟာ ပဋိပက္ခအသွင်ဖြစ်ပေါ်လာမယ့် အလားအလာကိုလည်း စိတ်ပူပင်လျက်ရှိပါတယ်။ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား နယ်စပ်ဒေသမှာ နယ်မြေအငြင်းပွားနေမှုအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးကို ဘယ်လိုကိုင်တွယ်ထိန်းသိမ်းသွားကြမယ်ဆိုတာ ဒေသရဲ့တည်ငြိမ်အေးချမ်းမှုအတွက် အရေးပါတဲ့အချက်ဖြစ်ပါတယ်။ အခုကိစ္စရပ်တွေအားလုံးမှာ သက်ဆိုင်တဲ့နိုင်ငံတွေ အနေနဲ့ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြပြီး တင်းမာမှုတွေ ပိုမိုများပြားလာစေမယ့်လုပ်ရပ်တွေကို ရှောင်ကြဉ်သွားကြခြင်းဟာ အဓိကကျနေပါတယ်။



ဩစတြေးလျနိုင်ငံသည် နိုင်ငံ၏ရေတပ်အင်အားကို တိုးချဲ့လျက်ရှိသည့်အပြင် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ကဏ္ဍတွင်လည်း တက်ကြွစွာပါဝင်လာ လျက်ရှိသည်။

**ပင်လယ်ရေကြောင်းလုံခြုံမှု အာမခံချက်ရှိစေရေး**

အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ နှစ်စင်းကို ဆက်သွယ်ထားတဲ့ ရေလမ်းကြောင်းတွေ ပွင့်လင်းနေခြင်းဟာ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားဖြစ်တဲ့ ကုန်ပစ္စည်းတွေ၊ စွမ်းအင်လောင်စာဆီတွေ ကုန်သွယ်မှု ဖြစ်ထွန်းနေစေဖို့ အရေးပါလှပါတယ်။ အာရှဒေသ အရှေ့မြောက်ပိုင်းမှာရှိတဲ့ အဓိကစီးပွားရေးအင်အားကြီးနိုင်ငံတွေဖြစ်ကြတဲ့ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာ အိန္ဒိယသမုဒ္ဒရာကနေ ဖြတ်သန်းသယ်ဆောင်လာတဲ့ စွမ်းအင်အရင်းအမြစ်တွေအပေါ် အထူးမှီခိုအားထားနေကြရတာဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့လည်း သူနဲ့ ကျန်ကမ္ဘာ့နိုင်ငံများအကြား ထိတွေ့ဆက်ဆံမှုတွေဟာ ပင်လယ်ရေလမ်းကြောင်းတွေအပေါ် ဆက်လက်မှီခိုနေရဦးမှာဖြစ်ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ပင်လယ်ရေလမ်းကြောင်းတွေဟာ အခုအချိန်မှာ အသုံးပြုမှု ပိုမိုများပြားလာသလို ပြိုင်ဆိုင်မှုတွေလည်း ပိုမိုပြင်းထန်လာခဲ့ပါတယ်။ ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေဟာလည်း ပင်လယ်ရေလမ်းကြောင်းတွေကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ရေတပ်နဲ့ အရပ်ဘက်ရေကြောင်းဆိုင်ရာ စွမ်းဆောင်ရည်တွေ ပိုမိုမြှင့်တင်နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုတွေ ဆက်လက်ပြုလုပ်နေကြပါတယ်။

ဩစတြေးလျနိုင်ငံအနေနဲ့ အရှေ့တောင်အာရှနိုင်ငံများရဲ့ ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းတွေအတွက် အကူအညီတွေကို တိုးမြှင့်ပေးအပ်သွားမှာဖြစ်ပါတယ်။ အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ (EAS) နဲ့ အိန္ဒိယသမုဒ္ဒရာကမ်းစပ်နိုင်ငံများအသင်းကြီး (IORA) အပါအဝင် ဒေသဆိုင်ရာဆွေးနွေးပွဲတွေက တစ်ဆင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေကို အလေးပေးမြှင့်တင်သွားမှာဖြစ်သလို ဒေသတွင်းရေကြောင်းအသိပညာဆိုင်ရာ၊ ပင်လယ်ရေကြောင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ အပြည်ပြည်ဆိုင်ရာဥပဒေသင်တန်းတွေကိုလည်း တိုးမြှင့်ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ ပူးတွဲပြီး စစ်ရေးလေ့ကျင့်မှုတွေ တိုးမြှင့်ပြုလုပ်သွားမှာဖြစ်သလို သီရိလင်္ကာနိုင်ငံအပါအဝင် အခြားအိန္ဒိယသမုဒ္ဒရာတွင်း မိတ်ဖက်နိုင်ငံများနဲ့လည်း ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးကိစ္စရပ်တွေကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေသတွင်း ကမ်းခြေစောင့်တပ်ဖွဲ့များနဲ့ ရေကြောင်းလုံခြုံရေးတပ်ဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်များနဲ့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကမ်းရိုးတန်းပိုင်ဆိုင်တဲ့ နိုင်ငံတွေ (Littoral States) ကို ဘက်စုံအမျိုးသားရေကြောင်း မဟာဗျူဟာတွေ ဖွံ့ဖြိုးတိုးတက်လာစေရေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဩစတြေးလျနိုင်ငံအနေနဲ့ လွတ်လပ်စွာရေကြောင်းသွားလာခွင့်နဲ့ ကမ်းရိုးတန်းနိုင်ငံတွေရဲ့ သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone-EEZ) အတွင်း မှာ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအခွင့်အရေးတွေကို အာမခံချက်ပေးနိုင်ဖို့ ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေ ကွန်ဗင်းရှင်း (UNCLOS) အပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေတွေကို လေးစားလိုက်နာကြစေဖို့ သံတမန်ရေးရာ လုပ်ငန်းစဉ်တွေ၊ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွေကတစ်ဆင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဩစတြေးလျနိုင်ငံဟာ နိုင်ငံရဲ့အခွင့်အရေးတွေဖြစ်တဲ့ လွတ်လပ်စွာရေကြောင်းသွားလာခွင့်၊ လေကြောင်းပျံသန်းခွင့်တွေ ရရှိနေစေရေး၊ အပြည်ပြည်ဆိုင်ရာဥပဒေတွေနဲ့အညီ အခြားနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို နိုင်ငံရဲ့မူဝါဒတွေနဲ့အညီ ဆက်လက်ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

**(၆) အိန္ဒိယနိုင်ငံ၏ အင်ဒို-ပစိဖိတ်မူဝါဒ**

၁၉၉၁ ခုနှစ်မှာစတင်ဖော်ထုတ်ခဲ့တဲ့ အရှေ့မျှော်ဝါဒ (Look East Policy) ဟာ အိန္ဒိယနိုင်ငံရဲ့ နိုင်ငံခြားဆက်ဆံရေးမှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ ဒီမူဝါဒကို အိန္ဒိယနိုင်ငံရဲ့နိုင်ငံရေးလောကမှာ အားပေးထောက်ခံမှုရရှိခဲ့တာကြောင့် အရှေ့မျှော်ဝါဒဟာ ပထမပိုင်းမှာ အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသနိုင်ငံများနဲ့ စီးပွားရေးနဲ့ သံတမန်ရေးအရ ထိတွေ့ဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းကနေ နောက်ပိုင်းမှာ အာရှ-ပစိဖိတ် ဒေသတစ်ခုလုံးနဲ့ လုံခြုံရေးနဲ့ကာကွယ်ရေးအရ ပိုမိုကျယ်ပြန့်တဲ့ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ်အဖြစ်ကို ရောက်ရှိလာခဲ့ပါတယ်။ မကြာသေးမီနှစ်တွေကလည်း အိန္ဒိယနိုင်ငံဟာ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပိုမိုတိုးမြှင့်ပြုလုပ်လာခဲ့ပြီး ဒေသတွင်းမှာ ပိုမိုကျယ်ပြန့်တဲ့ မဟာဗျူဟာမြောက်အခန်းကဏ္ဍကနေပါဝင်လာဖို့ ဆန္ဒရှိကြောင်းကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။ အရှေ့မျှော်ဝါဒဟာ အိန္ဒိယနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ အင်အားထိန်းညှိရေး မဟာ ဗျူဟာရဲ့လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံဟာ ကုန်သွယ်ရေးအရ နိုင်ငံကြီးတစ်နိုင်ငံဖြစ်လာမှုရယ်၊ ကမ္ဘာ့နိုင်ငံရေး မျက်နှာစာမှာ ပိုမိုသိသာထင်ရှားတဲ့ကဏ္ဍကနေ ပါဝင်ဆောင်ရွက်လာလိုတဲ့ဆန္ဒတွေကြောင့်လည်း ပိုမိုအခြေခိုင်မာလာခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ လက်ရှိဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းဟာ အိန္ဒိယနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ မဟာဗျူဟာမြောက်ပိုမို ပါဝင်ဆောင်ရွက်လာနိုင်စေဖို့ ရရှိပြီးသား အရှိန်အဟုန်ကို မြှင့်တင်နိုင်ဖို့ အခွင့်အလမ်းကောင်းဖြစ်လာစေခဲ့ပါတယ်။ *စာမျက်နှာ ၁၉ သို့*

**“အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ နှစ်စင်းကို ဆက်သွယ်ထားတဲ့ ရေလမ်းကြောင်းတွေ ပွင့်လင်းနေခြင်းဟာ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားဖြစ်တဲ့ ကုန်ပစ္စည်းတွေ၊ စွမ်းအင်လောင်စာဆီတွေ ကုန်သွယ်မှုဖြစ်ထွန်းနေစေဖို့ အရေးပါလှပါတယ်။ အာရှဒေသ အရှေ့မြောက်ပိုင်းမှာရှိတဲ့ အဓိကစီးပွားရေးအင်အားကြီးနိုင်ငံတွေဖြစ်ကြတဲ့ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ဟာ အိန္ဒိယသမုဒ္ဒရာကနေ ဖြတ်သန်းသယ်ဆောင်လာတဲ့ စွမ်းအင်အရင်းအမြစ်တွေအပေါ် အထူးမှီခိုအားထားနေကြရတာဖြစ်”**

*စာမျက်နှာ ၁၈ မှ*

တရုတ်နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်နယ်မြေပိုင်နက် အငြင်းပွားမှုတွေမှာ ပိုပြီးတွန်းတွန်းတိုက်တိုက်ဆောင်ရွက်လာတယ်လို့ နိုင်ငံရေးလောကမှာ သုံးသပ်ပြောကြားလာချိန်ရယ်၊ တရုတ်နိုင်ငံအနေနဲ့ အိန္ဒိယသမုဒ္ဒရာအတွင်းမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ပါဝင် ဆောင်ရွက်လာမှုအခြေအနေတွေကြောင့် အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှနဲ့ အရှေ့တောင်အာရှဒေသအတွင်းမှာ ပိုမိုနက်ရှိုင်းစွာ ထိတွေ့ဆောင်ရွက်လာဖို့ အခြေအနေတွေ ဖန်တီးလာတယ်လို့ ယူဆလာခဲ့ပါတယ်။ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီကိုယ်တိုင်လည်း အရှေ့မျှော်ဝါဒကနေ အရှေ့နဲ့ ထိတွေ့ဆက်ဆံခြင်းမူဝါဒ (Act East Policy) အဖြစ် ပြောင်းလဲသတ်မှတ် ဆောင်ရွက်လာခဲ့ပါတယ်။

ဝန်ကြီးချုပ်မိုဒီဟာ ရွေးကောက်ပွဲအနိုင်ရခါစမှာ သူ့အနေနဲ့ တောင်အာရှနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှုကို အလေးပေးသွားမယ်လို့ ပြောကြားခဲ့ပေမယ့် နောက်ပိုင်းမှာ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ပိုမိုအသားပေးဆောင်ရွက်လာမှုရယ်၊ နိုင်ငံခြားရေးမူဝါဒမှာ ပိုမိုပြီး မျှော်မှန်းချက် ကြီးမားလာမှုတွေကြောင့် အိန္ဒိယနိုင်ငံဟာ အရှေ့ဘက်ရှိနိုင်ငံများနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပိုမိုများပြားလာခဲ့ပါတယ်။

အိန္ဒိယနိုင်ငံနဲ့ အရှေ့တောင်အာရှအကြား၊ အရှေ့အာရှအကြား ထိတွေ့ဆက်ဆံမှုတွေ၊ ဂျပန်၊ ဗီယက်နမ်၊ ဩစတြေးလျ၊ အင်ဒိုနီးရှားနဲ့ အာဆီယံအသင်းကြီးတို့အကြား ထိတွေ့ဆက်ဆံမှုတွေဟာ အစပိုင်းကာလမှာတောင် အပြုသဘောဆောင်တဲ့ လက္ခဏာတွေ ထွက်ပေါ်လာခဲ့သလို ရေရှည်မှာလည်း အလားအလာကောင်းတွေ ရှိနိုင်တဲ့ အနေအထားတွေ ပြသခဲ့ပါတယ်။ ဒါကြောင့် အရှေ့တောင်အာရှဒေသဟာ တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မယ်ဆိုရင် ဝန်ကြီးချုပ်မိုဒီ ခေါင်းဆောင်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ သူ့ရဲ့တိုးတက်လာနေတဲ့ စီးပွားရေးအခြေအနေနဲ့ မဟာဗျူဟာအကျိုးစီးပွားတွေနဲ့အညီ အရှေ့တောင်အာရှနဲ့ အရှေ့အာရှအတွင်းမှာ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်လာမယ်လို့ မျှော်လင့်ရပါတယ်။

**အရှေ့မျှော်ဝါဒ**

အိန္ဒိယနိုင်ငံရဲ့ အရှေ့မျှော်ဝါဒကို ၁၉၉၀ အစောပိုင်းကာလတွေမှာ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်တဲ့ နာရာဆင်ဟာရောင်း (Narasimha Rao) လက်ထက် ပြည်တွင်းနိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေတွေ ဆိုးရွားနေချိန်မှာ စတင်ဖော်ထုတ်လာခဲ့တာဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာ ဒေသတွင်း တင်းမာမှုတွေကတစ်ဆင့် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားမှုဟာ အိန္ဒိယနိုင်ငံရဲ့စီးပွားရေးအပေါ် အလေးအနက် သက်ရောက်မှုတွေ ဖြစ်စေခဲ့ပါတယ်။ နိုင်ငံဟာ စီးပွားရေးအရ ကျဆင်းခဲ့ပြီး ၁၉၉၁ ခုနှစ် နှစ်လယ်ပိုင်းလောက်မှာ နိုင်ငံရဲ့ဝင်ငွေထွက်ငွေစာရင်းဟာ ဆိုးဆိုးရွားရွားထိခိုက်မှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီလို ထိခိုက်မှုတွေ အပြင်းအထန်ခံစားလာခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံဟာ စီးပွားရေးအရ တက်ကြွလှုပ်ရှားလျက်ရှိတဲ့ အာရှဒေသနဲ့ စီးပွားရေးအရ ထိတွေ့ဆက်ဆံပြီး အခွင့်အလမ်းသစ်တွေရှာဖို့ ကြံစည်အားထုတ်လာခဲ့ရမှုကနေတစ်ဆင့် အရှေ့မျှော်ဝါဒ ထွက်ပေါ်လာခဲ့ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့မျှော်ဝါဒကို ဖော်ထုတ်ရတဲ့ အဓိကမောင်းနှင်အား သုံးရပ်ရှိပါတယ်။ ပထမအချက်က ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် စစ်အေးတိုက်ပွဲကာလပြီးဆုံးချိန်မှာ အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာနဲ့ စီးပွားရေးအရ လစ်ဟာမှုတစ်ရပ် (Strategic and economic vacuum) ဖြစ်ပေါ်လာခဲ့ပါတယ်။ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံပြိုင်ဆိုင်မှု အဆုံးသတ်သွားတဲ့အတွက် အိန္ဒိယနိုင်ငံ ကိုင်စွဲလာခဲ့တဲ့ ဘက်မလိုက်ရပ်တည်ရေးဝါဒရဲ့ဆီလျော်မှုကိုလည်း အားလျော့သွားစေခဲ့ပါတယ်။ ဒုတိယအချက်က အဲဒီအချိန်မှာ စီးပွားရေးအရ တံခါးဖွင့်ဝါဒကျင့်သုံးမှု ၁၀ နှစ်ခန့် ရှိလာခဲ့တဲ့ တရုတ်နိုင်ငံကြောင့် အိန္ဒိယနိုင်ငံဟာ ဒေသတွင်းမှာ နိုင်ငံရေးနဲ့ စီးပွားရေးအရ နောက်ကျန်ခဲ့တဲ့အနေအထားကနေ ရှောင်ရှားနိုင်ဖို့ အရှေ့တောင်အာရှဒေသနဲ့ ထိတွေ့ဆက်ဆံမှုကို ပိုမိုတိုးချဲ့လာခဲ့ပါတယ်။ တတိယအချက်အနေနဲ့ အိန္ဒိယနိုင်ငံဟာ သူ့ရဲ့ အရှေ့မြောက်ဘက်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတဲ့ ပြည်နယ်တွေရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဆောင်ရွက်ဖို့ ဆန္ဒရှိနေပါတယ်။ နိုင်ငံရဲ့ အရှေ့မြောက်ဘက်မှာရှိနေတဲ့ ပြည်နယ်လေးခုဟာ အိန္ဒိယနိုင်ငံအတွက် အရှေ့တောင်အာရှဒေသနဲ့ ပေါင်းကူးဆက်သွယ်နိုင်ဖို့ အရေးပါတဲ့ဒေသတွေဖြစ်နေသော်လည်း အဲဒီပြည်နယ်တွေဟာ လက်နက်ကိုင်သောင်းကျန်းမှုတွေရှိနေပါတယ်။

ဒီအချက် သုံးချက်အပြင် ပင်လယ်ကွေ့ဒေသမှာ စစ်ပွဲဖြစ်ပွားမှုကြောင့် အိန္ဒိယနိုင်ငံဟာ သူ့ရဲ့စွမ်းအင် ရေနံအရင်းအမြစ်ရရှိနိုင်မှုမှာ ပင်လယ်ကွေ့ဒေသတစ်ခုတည်းကို မှီခိုနေရာကနေ အခြားအရင်းအမြစ်သစ်တွေကိုလည်း ရှာဖွေလာရသလို စီးပွားရေးကဏ္ဍမှာလည်း ကမ္ဘာ့စီးပွားရေးအတွင်း ပိုမိုပေါင်းစည်းလာနိုင်စေဖို့ ကြိုးပမ်းအားထုတ်လာခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အိန္ဒိယနိုင်ငံရဲ့အရှေ့ဘက်မှာရှိကြတဲ့ နိုင်ငံတွေရဲ့စီးပွားရေးအရ တက်ကြွမှုတွေကြောင့် အိန္ဒိယနိုင်ငံဟာ အရှေ့တောင်အာရှဒေသကနေတစ်ဆင့်စတင်ဖို့ ဖြစ်လာခဲ့ရပါတယ်။ အိန္ဒိယနိုင်ငံ အနေနဲ့ အာရှ-ပစိဖိတ်ဒေသနဲ့ ထိတွေ့ဆက်ဆံမှုဟာ ပြည်တွင်းနိုင်ငံရေးအင်အားစုများရဲ့ ထောက်ခံမှုကို ရရှိခဲ့ပါတယ်။ အရှေ့မျှော်မူဝါဒကို နှစ်ပေါင်း ၂၀ ကျော် ကျင့်သုံးလာခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ အိန္ဒိယနိုင်ငံဟာ ဩစတြေးလျနိုင်ငံ၊ အရှေ့အာရှနိုင်ငံတွေနဲ့ပါ ထိတွေ့ဆက်ဆံမှုတွေ တိုးမြှင့်လာခဲ့သလို ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွေကိုလည်း စီးပွားရေးအပြင် လုံခြုံရေးကဏ္ဍတွေအထိ ချဲ့ထွင်လာခဲ့ပါတယ်။

အိန္ဒိယနိုင်ငံနဲ့ အရှေ့တောင်အာရှ၊ အရှေ့မြောက်အာရှဒေသတွေအကြား ကုန်သွယ်မှုဟာ အခုဆိုရင် အမေရိကန်နိုင်ငံနဲ့ ဥရောပသမဂ္ဂတို့ကိုကျော်ဖြတ်ပြီး အိန္ဒိယနိုင်ငံရဲ့ နိုင်ငံတကာနဲ့ ကုန်သွယ်ရေး စုစုပေါင်းရဲ့ လေးပုံတစ်ပုံအထိရှိလာခဲ့ပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုပမာဏဟာ ၂၀၀၃-၂၀၀၄ ခုနှစ်က အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံရှိခဲ့ရာကနေ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၆၅ ဘီလီယံအထိ တိုးမြှင့်လာခဲ့ပါတယ်။ အဲဒီအချိန်ကာလအတွင်းမှာပဲ အိန္ဒိယနိုင်ငံနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား ကုန်သွယ်မှုပမာဏဟာလည်း အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကနေ အမေရိကန်ဒေါ်လာ ၇၄ ဘီလီယံအထိ တိုးမြှင့်လာခဲ့ပါတယ်။ ဒီအချက်ကနေကြည့်ရင် အာဆီယံနိုင်ငံတွေနဲ့ ကုန်သွယ်မှုပမာဏဟာ တရုတ်နိုင်ငံနဲ့ကုန်သွယ်မှုပမာဏထက်တောင် များပြားနေတာကို တွေ့မြင်နိုင်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့အရှေ့အာရှ၊ အရှေ့တောင်အာရှဒေသတွေနဲ့ ထိတွေ့ဆက်ဆံမှုဟာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာလည်း ပိုမိုမြင့်မားလာခဲ့ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံအနေနဲ့ အိန္ဒိယသမုဒ္ဒရာအတွင်းမှာရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာတာကြောင့် အိန္ဒိယနိုင်ငံရဲ့ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အာရှနိုင်ငံများနဲ့ မဟာဗျူဟာမြောက် ထိတွေ့ဆက်ဆံမှုဟာလည်း များပြားလာခဲ့ပါတယ်။ ဒီနေရာမှာအရေးကြီးတဲ့အချက်က အရှေ့တရုတ်ပင်လယ်နဲ့ တောင်တရုတ်ပင်လယ်အတွင်း ရေပိုင်နက်နယ်နိမိတ် အငြင်းပွားမှုတွေမှာ တရုတ်နိုင်ငံက တွန်းတွန်းတိုက်တိုက်အားထည့်ဆောင်ရွက်လာတယ်လို့ မှတ်ယူလာတဲ့အတွက် အာရှ-ပစိဖိတ်နိုင်ငံအချို့ အထူးသဖြင့် ဂျပန်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ တရုတ်နိုင်ငံရဲ့ အင်အားကို တန်ပြန်နိုင်ဖို့ အိန္ဒိယနိုင်ငံရဲ့ကဏ္ဍကို ပိုမိုမျှော်မှန်း ဆောင်ရွက်လာခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံဘက်ကကြည့်ရင်လည်း သူ့ရဲ့ကုန်သွယ်မှုပမာဏ စုစုပေါင်းရဲ့ ၅၅ ရာခိုင်နှုန်းဟာ မလက္ကာရေလက်ကြားကို ဖြတ်သန်းကုန်သွယ်မှုပြုနေရတာကြောင့် ဒီလိုအရေးပါတဲ့ ကုန်သွယ်ရေလမ်းကြောင်းကို မဟာဗျူဟာမြောက်ပြိုင်ဘက်နိုင်ငံက လွှမ်းမိုးထိန်းချုပ်သွားမှာကို မလိုလားတဲ့အချက်လည်း ပါဝင်နေပါတယ်။

၂၀၁၄ ခုနှစ်မှာ ဝန်ကြီးချုပ်တာဝန်တွေ စတင်ထမ်းဆောင်ခဲ့တဲ့ နာရင်ဒရာမိုဒီအစိုးရဟာ အရှေ့မျှော်ဝါဒကို ပိုမိုအရှိန်မြှင့်ချဲ့ထွင်နိုင်ဖို့အထိ ကြိုးပမ်းလာခဲ့ရာမှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ အတွင်း မြန်မာနိုင်ငံ နေပြည်တော်မှာ ကျင်းပခဲ့တဲ့ အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးမှာ အရှေ့နဲ့ထိတွေ့ဆက်ဆံခြင်းမူဝါဒအဖြစ် စတင်ပြောင်းလဲဖော်ထုတ်ခဲ့ပါတယ်။ ဒါဟာ မူဝါဒတစ်ရပ်ကို အမည်ပြောင်းခြင်း သက်သက်မျှသာမဟုတ်ဘဲ အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှနဲ့ အရှေ့တောင်အာရှဒေသမှာ လုံခြုံရေးဆိုင်ရာ သံခင်းတမန်ခင်းကို တိုးမြှင့်ဆောင်ရွက်လာခြင်းဖြင့် သူ့အနေနဲ့ ဒေသတွင်းမှာ ပိုမိုတက်ကြွပြီး အရေးပါတဲ့ မဟာဗျူဟာအနေအထားကနေ ပါဝင်ဆောင်ရွက်ဖို့ ဆန္ဒရှိလာတယ်ဆိုတာ ပြသလိုက်ခြင်းဖြစ်ပါတယ်။

ဝန်ကြီးချုပ်တာဝန်တွေ စတင်ထမ်းဆောင်ချိန်မှာတော့ ဝန်ကြီးချုပ်မိုဒီဟာ အိန္ဒိယနိုင်ငံအနေနဲ့ အိမ်နီးချင်းတောင်အာရှနိုင်ငံတွေနဲ့ ဆက်ဆံရေးကို ပိုမိုဦးစားပေးဆောင်ရွက်မယ့် လက္ခဏာတွေ ပြသခဲ့ပါတယ်။ ဥပမာအားဖြင့် ဝန်ကြီးချုပ်မိုဒီဟာ တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအသင်း (The South Asian Association for Regional Cooperation-SAARC) အဖွဲ့ဝင်နိုင်ငံတွေက ခေါင်းဆောင်တွေနဲ့ မော်ရိသျှနိုင်ငံက ခေါင်းဆောင်တွေကို သူ့ရဲ့ဝန်ကြီးချုပ် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတက်ရောက်ဖို့ ဖိတ်ကြားခဲ့သလို ဝန်ကြီးချုပ်နဲ့ ပြည်ပရေးရာဝန်ကြီး ဆုရှ်မာ ဆွာရတ်ချ် (Sushma Swaraj) တို့ဟာ သူတို့ရဲ့ပထမဆုံးပြည်ပခရီးစဉ်တွေအဖြစ် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ဘူတန်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကို သွားရောက် လည်ပတ်ခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အရှေ့အာရှနိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေဟာ သူ့ရဲ့ အိမ်နီးချင်းနိုင်ငံတွေ တည်ငြိမ်အေးချမ်းမှုရရှိဖို့ ကတိကဝတ်ပြုထားမှုအပေါ် လျစ်လျူရှုထားလို့မရတဲ့ အခြေအနေမှာလည်း ရှိပါတယ်။ နိုင်ငံရဲ့အရှေ့မြောက်ပိုင်းဒေသတွေဟာ ပြည်မကြီးကနေ တိုက်ရိုက် သွားရောက်နိုင်ဖို့ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အကူအညီမပါဘဲ မဖြစ်နိုင်တဲ့အတွက် အိန္ဒိယနိုင်ငံ အရှေ့တောင်အာရှဒေသနဲ့ ကုန်းလမ်းခရီးကနေ ပေါင်းစည်းဆက်နွှယ်မှု ရရှိရေးဟာ တောင်အာရှနိုင်ငံတွေနဲ့ ဆက်ဆံရေးကောင်းမွန်နေမှုအပေါ်မှာလည်း များစွာတည်မှီနေပါတယ်။

ဝန်ကြီးချုပ် မိုဒီလက်ထက်မှာ တရုတ်၊ ဂျပန်၊ စင်ကာပူနိုင်ငံတို့နဲ့ ချိတ်ဆက်ဆောင်ရွက်မယ့် ရှိပြီးသား ဂူဂျရတ်စီးပွားရေးစကြံ (Gujarat economic links) ကို တိုးချဲ့ပြီး အရှေ့အာရှဒေသနဲ့ ထိတွေ့ဆက်ဆံမှုတိုးချဲ့သွားလိမ့်မယ်လို့ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲမတိုင်မီမှာ အိန္ဒိယနိုင်ငံအတွင်း မျှော်လင့်ချက်ထားခဲ့ကြပါတယ်။ အရှေ့မျှော်ဝါဒကို လက်တွေ့ပိုမိုတိုးချဲ့ဆောင်ရွက်သွားဖို့ အိန္ဒိယနိုင်ငံရဲ့ဆုံးဖြတ်ချက်ဟာ အိန္ဒိယနိုင်ငံအနေနဲ့ အာရှ-ပစိဖိတ်ဒေသနဲ့ ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ခြင်းဖြင့် ရေရှည်မှာ နိုင်ငံအနေနဲ့ စီးပွားရေးနဲ့ မဟာဗျူဟာမြောက် အကျိုးစီးပွားတွေ ရရှိလာစေဖို့ ရည်မှန်းဆောင်ရွက်နေကြောင်း ဖော်ပြလျက်ရှိပါတယ်။ ဒီမူဝါဒ နဲ့အညီ ဝန်ကြီးချုပ်မိုဒီ အစိုးရဟာ အရှေ့အာရှနဲ့ အရှေ့တောင်အာရှဒေသမှာရှိတဲ့ မိတ်ဖက်နိုင်ငံတွေ၊ အထူးသဖြင့် အဓိကကျတဲ့ အာဆီယံအဖွဲ့ကြီး၊ ဂျပန်၊ ဩစတြေးလျ၊ ဗီယက်နမ်နိုင်ငံတို့နဲ့ ထိတွေ့ဆက်ဆံမှုတွေကို တိုးချဲ့နိုင်ဖို့ သံတမန်နည်းအရ ကြိုးပမ်းအားထုတ်လာခဲ့ပါတယ်။

ဝန်ကြီးချုပ် မိုဒီအစိုးရအနေနဲ့ အိန္ဒိယနိုင်ငံဟာ ကမ္ဘာ့နိုင်ငံတကာစင်မြင့်မှာ ပိုမိုအရေးပါတဲ့ကဏ္ဍကနေ ပါဝင်ဆောင်ရွက်လာနိုင်ဖို့၊ အရှေ့အာရှ၊ အရှေ့တောင်အာရှဒေသနဲ့ ပိုမိုနီးကပ်စွာ ထိတွေ့ဆက်ဆံပြီး ရေရှည်စီးပွားရေးနဲ့ မဟာဗျူဟာမြောက် အကျိုးအမြတ်တွေ ရရှိလာစေဖို့ ရည်မှန်းဆောင်ရွက်လာခြင်းဟာ အိန္ဒိယနိုင်ငံအနေနဲ့ သမိုင်းကြောင်းတစ်လျှောက် အနောက်အာရှနိုင်ငံတွေနဲ့ ထိတွေ့ဆက်ဆံလာခဲ့တဲ့ ဆက်ဆံရေးကို လွှမ်းမိုးသွားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ယခုလို သံခင်းတမန်ခင်းမှာ အပြောင်းအလဲတွေဖော်ဆောင်လာခြင်းဟာ အိန္ဒိယနိုင်ငံနဲ့ အာရှနိုင်ငံအချို့အကြား ဆက်ဆံရေးအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာမလဲဆိုတာကိုလည်း ဆက်လက်ဖော်ပြလိုပါတယ်။ *(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**

# ဒီးမော့ဆိုမြို့နယ် အနောက်ပိုင်းဒေသ တောင်ကုန်း၊ တောင်တန်းများတွင် နှစ်ရှည်သီးနှံ လိမ္မော်စနစ်တကျစိုက်ပျိုးပါက ဖြစ်ထွန်းအောင်မြင်နိုင်

**ဒီးမော့ဆို ဇန်နဝါရီ ၁၄**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ပိုင်းဒေသများရှိ တောင်ကုန်းတောင်တန်းများတွင် နှစ်ရှည်သီးနှံ လိမ္မော်ပင်များ စနစ်တကျ စိုက်ပျိုးပါက ဖြစ်ထွန်းအောင်မြင်နိုင်ကြောင်း လိမ္မော်ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူ လိုဘာခိုကျေးရွာအုပ်စု ဆီးဘူးပလော့ကျေးရွာနေ ဦးချစ်ငွေ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော့်နေအိမ်အနီးက ငါးကေအကျယ်အဝန်းရှိတဲ့ တောင်စောင်းမြေကွက်မှာ ၂၀၀၆ ခုနှစ်ကစတင်ပြီး ဒေသမျိုး လိမ္မော်ပျိုးပင် ၁၅၀၀ ကို စမ်းသပ်စိုက်ပျိုးပါတယ်။ အောင်မြင်ဖြစ်ထွန်းမှုရှိလို့ လိမ္မော်ပျိုးပင် ၁၂၀၀ ကို ထပ်မံတိုးချဲ့စိုက်ပျိုးပါတယ်။ ယခုလိမ္မော်ပင်စုစုပေါင်း ၂၇၀၀ တို့ဖြစ်ထွန်းအောင်မြင်လျက်ရှိပါတယ်။ ၈၀ ရာခိုင်နှုန်းခန့် အောင်မြင်မှုရှိတယ်လို့ ပြောနိုင်ပါတယ်။ အခုနှစ်လိမ္မော်သီး ဆွတ်ခူးချိန်မှာ ကျွန်တော့်ရဲ့ ဥယျာဉ်ခြံက လိမ္မော်သီးပိဿာချိန် ၁၅၀၀၀ ခန့် ထွက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီးမော့ဆိုမြို့နယ် အနောက်ပိုင်းဒေသက တောင်ကုန်းတောင်တန်းတွေမှာ လိမ္မော်ဥယျာဉ်ခြံတွေ စနစ်တကျ စိုက်ပျိုးပြုစုပျိုးထောင်မယ်ဆိုရင် ဖြစ်ထွန်းအောင်မြင်နိုင်တာကြောင့် လိမ္မော်စိုက်ပျိုးသူအချို့ ပေါ်ထွက်လာပါပြီ။ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။

ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ပိုင်း လိုဘာခို၊ ဟိုဝမ်၊ ခူးပရာ၊ ဒေါရောက်ခူ အစရှိသည့် ကျေးရွာအုပ်စုများ တည်ရှိရာဒေသသည် မြေပြန့်လွင်ပြင်မရှိသလောက် နည်းပါးပြီး တောင်ကုန်းတောင်တန်းထူထပ်ကြောင်း၊ တောင်ကုန်းတောင်တန်းများကြားရှိ မြေအနည်းငယ်စီတွင် လေ့ကားထစ်စိုက်ပျိုးနည်းဖြင့် စပါးနှင့် အခြားနှစ်တိုသီးနှံအနည်းငယ်စီသာ စိုက်ပျိုးကြကြောင်း၊ တောင်ကုန်းတောင်စောင်းများတွင် မြေနေရာအနေအထား၊ ရာသီဥတုနှင့်ကိုက်ညီမည့် လိမ္မော်၊ လက်ဖက်၊ ကော်ဖီ၊ သံပရာ၊ ထောပတ် အစရှိသည့် နှစ်ရှည်သီးနှံပင်များ စနစ်တကျ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်သော်လည်း ဒေသခံအများစုမှာ စိုက်ပျိုးရေးအသိပညာ၊ အတတ်ပညာဗဟုသုတနည်းပါး၍ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲ မြေလွတ်မြေလပ်များအဖြစ် ထားရှိနေကြကြောင်း၊ သက်ဆိုင်ရာက စိုက်ပျိုးရေးနည်းပညာပေးခြင်း၊ သီးနှံပျိုးပင်များနှင့် သွင်းအားစုများ သက်သာချောင်ချိစွာဖြင့် ရရှိအောင်



အကူအညီပေးခြင်း၊ နှစ်ရှည်စိုက်ပျိုးရေး ချေးငွေထုတ်ချေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်ဆိုပါက ဤဒေသတွင် လိမ္မော်နှင့် အခြားနှစ်ရှည် သီးနှံစိုက်ပျိုးရေးဖြင့် စီးပွားရေးဖွံ့ဖြိုးလာနိုင်သည်ဖြစ်ပြီး ယင်းလုပ်ငန်းကို အကောင်အထည်ဖော်ရန် ဒေသခံတောင်သူများက အစုအဖွဲ့များ ဖွဲ့စည်းထားသည်။

ယခုအခါ အဆိုပါဒေသကို ရွှေလိမ္မော်တောင်တန်း ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဦးချစ်ငွေဦးဆောင်သော ဒေသခံအစုအဖွဲ့များက စည်းရုံးဆောင်ရွက်လျက်ရှိရာ လိမ္မော်စိုက်ပျိုးသူတိုးပွားလာပြီဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင် (လွိုင်ကော်)**

# ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေ

**စစ်တွေ ဇန်နဝါရီ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet များ ဖြန့်ဝေခြင်းအခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ယနေ့အခမ်းအနားသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အောင်မြင်သည့် ပြောင်းလဲမှုတစ်ခုဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ယခင်နှစ်များစွာတွင် သတင်းအချက်အလက်ဖြန့်ဝေသော စနစ်ကိုသတင်းပို့သည့်အခါ အခက်အခဲများစွာဖြင့် လုပ်ဆောင်ခဲ့ရကြောင်း၊ ယင်းအခက်အခဲများကို ယနေ့ဖြန့်ဝေသည့် Mobile Tablet မှတစ်ဆင့် အောင်မြင်ကျော်လွှားပြီး မြန်ဆန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ Mobile Tablet မှတစ်ဆင့် ဝန်ထမ်းများအတွက် အသိပညာဖြန့်ဝေခြင်းများ၊ ပြောင်းလဲသည့်ခေတ်နှင့်အညီ အသိပညာများ၊ ကုထုံးများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် သင်ကြားခြင်းကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ယခုရရှိသည့် Mobile Tablet များကို တန်ဖိုးရှိရှိ စနစ်တကျကိုင်တွယ်အသုံးပြုပြီး ပြည်သူများကို အကျိုးပြုနိုင်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သာထွန်းကျော်က ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားတိုးတက်လာစေရန်၊ ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် တာဝန်ထမ်းဆောင်နေကြသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အရည်အချင်းနှင့်လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြင့်မားတိုးတက်လာစေရန်၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ယခင်ထက်ပိုမိုပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မြို့နယ်ဆရာဝန်များနှင့် တိုက်နယ်ဆရာဝန်များ၏ ကုသရေးအရည်အသွေး၊ လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုမြှင့်တင်နိုင်စေရန်အတွက် Mobile Tablet များကို အသုံးပြုပြီး အားဖြည့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ဘဏ္ဍာ) ဒေါ်အေးအေးစိန်က Mobile Tablet များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။




ယင်းနောက် အမြဲတမ်းအတွင်းဝန်က Mobile Tablet ကို ပြည်နယ်ဝန်ကြီးချုပ်အတွက် ပေးအပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီးက လက်ခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က မြို့နယ်ဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၊ လက်ထောက်ကျန်းမာရေးမှူးများ၊ အမျိုးသမီး ကျန်းမာရေးဆရာမများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁) များ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ် (၂)များသို့ Mobile Tablet များကို ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးသံတမန် ဒေါက်တာစိုးညီညီထွန်းက ပြည်သူ့ကျန်းမာရေးအကျိုးပြု Mobile Tablet အကြောင်း မိတ်ဆက်ပြောကြားပြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင်က Mobile Tablet များ ဖြန့်ဝေပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်၊ တိုက်နယ်ဆရာဝန်များသို့ Mobile Tablet ၉၄၂၂ လုံး ဖြန့်ဝေပေးခဲ့ပြီး ရခိုင်ပြည်နယ်တွင် မြို့နယ်နှင့် တိုက်နယ်ဆရာဝန် ၅၂ ဦးနှင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၇၁၂ ဦးအတွက် Mobile Tablet များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိတ္ထီလာပြည်သူ့ဆေးရုံကြီး၌ ဆေးကုသခံယူနေသော အမျိုးသမီးနှင့် ၎င်း၏သားတို့တွင် အရေပြားထောင့်သန်းရောဂါပုံစံတူတွေ့ရှိ

**မိတ္ထီလာ ဇန်နဝါရီ ၁၄**

မိတ္ထီလာပြည်သူ့ဆေးရုံကြီးတွင် ကျောက်ဖူးကျေးရွာမှ အူရောင်ငန်းဖျားရောဂါဖြင့် ဆေးကုသခံယူနေသော အမျိုးသမီးထံမှ ယမန်နေ့က အရေပြားထောင့်သန်းရောဂါပုံစံတူတွေ့ရှိခဲ့သဖြင့် အထူးသီးသန့် ကုသဆောင်၌ ကုသပေးလျက်ရှိကြောင်း သိရသည်။

**သံသယဖြစ်ဖွယ်တွေ့ရှိ**

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုသမားတော် ဒေါက်တာ ဦးအောင်ကျော်စိုးက ယမန်နေ့က လူနာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဇန်နဝါရီ ၉ ရက်က အူရောင်ငန်းဖျားရောဂါဖြင့် ဖျားနာကုသဆောင်တွင် တက်ရောက်ကုသနေသော ဒေါ်ကြည် (ဒဟတ္တန်းကျေးရွာနေသူ)၏ ယာလက်သန်းတွင် သံသယဖြစ်ဖွယ် အရေပြားထောင့်သန်းရောဂါပုံစံတူ အနာတွေ့ရှိ၍ မေးမြန်းခဲ့ရာ လွန်ခဲ့သော ၁၀ ရက်ခန့်က ၎င်းပိုင်နွားထီးတစ်ကောင် ဆီးချုပ်၊ ဝမ်းချုပ်ဖြင့် သေဆုံးခဲ့၍ အမဲသားဖျက်ပြီး စားသုံးခဲ့ရာမှ ဖြစ်ပေါ်လာကြောင်း၊ ၎င်း၏သားဖြစ်သူ လွင်မိုးတွင်လည်း အဆိုပါ အနာဖြစ်ပွားနေကြောင်း သိရှိခဲ့ရသဖြင့် ယင်းနေ့ နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြသက်ဆွေနှင့် ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျေးရွာသို့ ကွင်းဆင်း၍ ကျေးရွာနေပြည်သူများအား ကျေးရွာမူလတန်း ကျောင်းတွင် ကျန်းမာရေး စစ်ဆေးခဲ့ရာ ဒေါ်ကြည်၏သားဖြစ်သူ လွင်မိုးတွင် ထောင့်သန်းရောဂါဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့သောကြောင့် ထောင့်သန်းရောဂါနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ထောင့်သန်းရောဂါတွေ့ရှိသူ လွင်မိုးအား ပြည်သူ့ဆေးရုံသို့ ခေါ်ဆောင်ခဲ့ပြီး သားအမိနှစ်ဦးအား ပြည်သူ့ဆေးရုံအထူးသီးသန့် ကုသဆောင်၌ ကုသပေးလျက်ရှိကြောင်း သိရသည်။

**ကွင်းဆင်းစုံစမ်းစစ်ဆေး**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒဟတ္တန်းကျေးရွာသို့ ကွင်းဆင်း၍ စုံစမ်းစစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနှင့် အနီးကျေးရွာများတွင် လွန်ခဲ့သော ရက်၊ လများနှင့် ယနေ့ကာလအထိ ကျွဲ၊ နွားအပါအဝင် အခြားတိရစ္ဆာန်များ ကူးစက်ရောဂါဖြင့် သေဆုံးခြင်းမရှိကြောင်း၊ လွန်ခဲ့သောတစ်လခန့်က နေမကောင်း၊ အစားပျက်နေသည့် ပိုင်ရှင်ဦးချစ်မွေး၏ ငါးနှစ်ခန့်အရွယ် နွားထီးတစ်ကောင်ကို အခြားနွားတစ်ကောင်က ဝှေ့ခတ်ရာမှ ကျန်းမာရေး ပိုမိုဆိုးရွားလာသဖြင့် နွားကိုသတ်ဖြတ်ကာ ဟင်းအဖြစ် ဝေငှရောင်းချ စားသုံးခဲ့ကြကြောင်း၊ ထိုစဉ်က နွားခန္ဓာကိုယ်အတွင်း၌ အခြားမသင်္ကာဖွယ်လက္ခဏာများ မတွေ့ရဘဲ ဆီးအိမ်ကွဲနေသည်ကို တွေ့ရကြောင်း၊ အစာအိမ်အတွင်း သားရေဖိနပ်တစ်ဖက်သာ တွေ့ရကြောင်း၊ မိမိနှင့်အတူ အခြားရွာသားခြောက်ဦးလည်း ပါဝင်ခဲ့ရာ အဆိုပါရွာသားများမှာ ယနေ့အထိ မည်သည့်ဝေဒနာ၊ အနာ မကျရောက်ခဲ့ကြောင်း၊ ယင်းနွား၏ အသားများကို ကျေးရွာတွင်း၌ပင် ဝေငှရောင်းချခဲ့ကြောင်း ကျေးရွာရာအိမ်မှူး ဦးချစ်က ပြောသည်။

**ပညာပေးဟောပြော**

ဆက်လက်၍ ထောင့်သန်းရောဂါတွေ့ရှိသူ ဒေါ်ကြည်၏ ခင်ပွန်းဖြစ်သူ ဦးသာထူးထံ မေးမြန်းခဲ့ရာတွင်လည်း ဒေါ်ကြည်နှင့် သားသမီးများမှာ ယင်းနွား၏ အသားများကို လုံးဝမစားသုံးဘဲ မိမိသာလျှင် စားသုံးခဲ့ကြောင်း၊ သားဖြစ်သူလွင်မိုး၏ ဘယ်ဘက်လက်ညှိုး၌ လွန်ခဲ့သည့်လက ပြောင်းရိုးစ စူးရာမှ အနာဖြစ်ကာ ဆေးခန်းပြရာတွင် ဆေးရုံသို့တက်ရောက်ကုသမှုခံယူရန် စေလွှတ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေ စုံစမ်းတွေ့ရှိချက်များအရ တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှု၊ သေဆုံးမှုမရှိသော်လည်း ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာနေပြည်သူများအား တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ရေး၊ တားဆီးရေး၊ ထိန်းချုပ်ရေးအကြောင်းကို ပညာပေးဟောပြောခဲ့ပြီး လွန်ခဲ့သည့်လပိုင်းက ဦးချစ်မွေး၏ နွားထီးဖျက်ဆီးရာနေရာမှ မြေကြီးကိုသာ သံသယဖြစ်ဖွယ်ရောဂါနမူနာပစ္စည်းအဖြစ် ရယူဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါက်တာစိုးနိုင်က ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နမ့်ဆန်တွင် တအာင်းလူငယ်မောင်မယ်များ အဆိုပြိုင်ပွဲ ကျင်းပမည်

**နမ့်ဆန် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် တအာင်းဂီတနှင့် ရုပ်ရှင်အစည်းအရုံး၏ စီစဉ်မှုဖြင့် တအာင်းလူငယ်မောင်မယ်များ အဆိုပညာတိုးတက်စေရန်ရည်ရွယ်၍ သီချင်းဆိုပြိုင်ပွဲ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့ကကျင်းပသည့် မြို့နယ်တအာင်း ဂီတနှင့်ရုပ်ရှင်အစည်းအရုံး (EC) အစည်းအဝေး၌ သိရသည်။

အဆိုပါပြိုင်ပွဲတွင် တအာင်းသီချင်းကြီးဆိုပြိုင်ပွဲပါ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး သီချင်းဆိုပြိုင်ပွဲအတွက် တအာင်းတေးသီချင်းဖြင့်သာ ပါဝင်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲဝင်လူငယ်များ အသက် ၃၀ အောက်နှင့် သီချင်းကြီးဆိုပြိုင်ပွဲအတွက် အသက် ၃၅ နှစ်အောက် သတ်မှတ်ထားကြောင်း သိရသည်။ သီချင်းဆိုပြိုင်ပွဲအတွက် အသံစစ်ဆေးခြင်းကို ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း၊ အသံစစ်ဆေးခြင်း အောင်မြင်ပါက ဖေဖော်ဝါရီ ၅ ရက်၊ ၆ရက်တို့တွင် ကျင်းပမည့် Level -1 နှင့် Level -2 ပြိုင်ပွဲတို့တွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်သည်။ တအာင်းလူငယ်မောင်မယ်များအနေဖြင့် အဆိုပညာ၊ အတီးအမှုတ်ပညာတွင် နည်းစနစ်မှန်ကန်မှုရှိစေရန်နှင့် အနုပညာရှင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်တအာင်းဂီတနှင့် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဝင်းဟန်ထံမှ သိရသည်။

**နမ့်ဆန် (ပြန်/ဆက်)**

# လင်းမြွေ ၂၃ ကောင် လက်ဝယ်ထားရှိသူ အမျိုးသမီးနှစ်ဦး ဖမ်းဆီးရမိ

**ဝမ်းတွင်း ဇန်နဝါရီ ၁၄**

ဝမ်းတွင်းမြို့နယ်တွင် ဇန်နဝါရီ ၁၂ ရက်က မြွေများ ဝယ်ယူရောင်းချနေကြောင်း သတင်းအရ ရှာဖွေရာမှ လင်းမြွေ ၂၃ ကောင်နှင့်အတူ အမျိုးသမီးနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

လင်းမြွေများကို ဝယ်ယူရောင်းချနေကြောင်း သတင်းအရ မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ နတ်နန်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်သေများက နတ်နန်းကျေးရွာနေ ဒေါ်ခင်ဝိုင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဒေါ်ခင်ဝိုင်း၏ နေအိမ်အတွင်းမှ လင်းမြွေ ရှစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဂုဏ်ရွာကျေးရွာနေ ဒေါ်ယဉ်ဌေးကို လက်ဆွဲခြင်းတောင်းနှင့်အတူ ထပ်မံတွေ့ရ၍ ရှာဖွေရာ ဒေါ်ယဉ်ဌေးလက်ဆွဲခြင်းတောင်းအတွင်းမှ လင်းမြွေ ၁၅ ကောင်ကို ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။



တောရိုင်းတိရစ္ဆာန်များဖြစ်သည့် လင်းမြွေများကို ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိသူ ဒေါ်ခင်ဝိုင်းနှင့် ဒေါ်ယဉ်ဌေးတို့အား တောအုပ်ဦးမျိုးလွင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ဝမ်းတွင်းမြို့မရဲစခန်းမှ ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# မန္တလေးတွင် ငွေလကြယ်စင်အငြိမ့် ဂန္ထဝင်ပွဲတော်ကပြမှုအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၄**

မြန်မာ့ရိုးမူစင်စစ် အငြိမ့်သဘင်အနုပညာကို ပြန်လည်ဖော်ထုတ် ညွှန်းဆိုပေးလိုသော ရည်ရွယ်ချက်ဖြင့် ငွေလကြယ်စင်အငြိမ့် ဂန္ထဝင်ပွဲတော်အတွက် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့က မန္တလေးမြို့ ၆၉လမ်း၊ ၃၂လမ်းရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် စာရေးဆရာသင့်နော်က ဆောင်ရွက်ပြီး စာရေးဆရာမဂျူး၊ မင်းသမီး ပန်တျာဌေးဌေးမြင့်၊ စာရေးဆရာ ဆူးငှက်နှင့် လူရွှင်တော် ဦးထင်ပေါ်တို့က ငွေလကြယ်စင်အငြိမ့် ဂန္ထဝင်ကပြမှုအစီအစဉ်နှင့် အငြိမ့်လောက အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများထံမှ ဆရာရွှေနောင်ရိုး၊ ဆရာစိုးသန်းဝင်းတို့က အကြံပြု ဆွေးနွေးခဲ့ပြီး အဆိုပါ ငွေလကြယ်စင်အငြိမ့် ဂန္ထဝင်ကပြမှုကို ဇန်နဝါရီ ၁၉ ရက် ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ မန္တလေးအမျိုးသားဇာတ်ရုံတွင် ကပြမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်သည်ဟုလည်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မြင်စိုင်း မြို့ဟောင်းသို့

## မောင်သာ(ရှေးဟောင်းသုတေသန)

ယနေ့ကမ္ဘာပေါ်တွင် ပြန်လည်ဖန်တီး၍မရနိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးကိုသိရှိလာကြချိန်တွင် မြေပေါ်မြေအောက် ဒြပ်ရှိဒြပ်မဲ့ အထောက်အထားများကို ရှာဖွေစူးစမ်းသည့် ရှေးဟောင်းသုတေသန ပညာရပ်ကို စိတ်ဝင်စားသူများ တိုးတက်များပြားလာခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့တက္ကသိုလ်များတွင် ရှေးဟောင်းသုတေသနပညာကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်လေ့လာမှုများကို ၁၉၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ နောင်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနဖြစ်လာမည့် ကမ္ပည်းကျောက်စာဌာနကို ဗြိတိသျှ ခေတ်ကပင် ထူထောင်ခဲ့သည်။ ယင်းဌာနသည် ရှေးဟောင်းသုတေသန လုပ်ငန်းများကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနကလည်း ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့၌ ရှေးဟောင်းသုတေသန ပညာရပ်ကို အဓိကဘာသာရပ်တစ်ခုအဖြစ် ၁၉၉၄ ခုနှစ်တွင် စတင်ပို့ချခဲ့ကာ ရှေးဟောင်းသုတေသန မျိုးဆက်သစ်များကို မွေးထုတ်နိုင်ခဲ့ပေသည်။

ရန်ကုန်တက္ကသိုလ်တွင် ၁၉၉၄-၁၉၉၅ ခုနှစ် ပညာသင်နှစ်မှစ၍ ရှေးဟောင်းသုတေသနပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်ခဲ့သဖြင့် ဘွဲ့တစ်ခုခုကိုရရှိထားပြီး ရှေးဟောင်းသုတေသန ပညာရပ်ကို စိတ်ဝင်စားသူတိုင်း အသက် အရွယ်မရွေး တက်ရောက်ခွင့်ရရှိခဲ့ကာ ထူးချွန်သူများသည် ပါရဂူဘွဲ့များအထိ ရရှိနိုင်ခဲ့ကြသည်။

### မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်း(MAA)

ရှေးဟောင်းသုတေသန မျိုးဆက်များ တိုးတက်များပြားလာခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ  ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နိုင်ရန်၊ ယဉ်ကျေးမှု အမွေအနှစ်များ၏ တန်ဖိုးနှင့် အနှစ်သာရကို အများပြည်သူများ ပိုမိုသိရှိအလေးထားကာ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန်၊ ရှေးဟောင်းသုတေသနဆိုင်ရာပညာရပ်များ ပိုမိုပျံ့နှံ့လာစေရန်နှင့် ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ဆောင်နိုင်ရန် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနပညာအသင်းကို ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

အသင်း၌ ရှေးဟောင်းသုတေသန ပညာရပ်နှင့် ဆက်နွှယ်နေသည့် သုတေသီများ၊ ဆရာဆရာမများနှင့် ရှေးဟောင်းသုတေသနကျောင်းသား ကျောင်းသူများ ပါဝင်သည်။


ယင်းအသင်းသည် ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာသုတေသနပြုခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ရှေးဟောင်းသုတေသနပညာရပ် ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်အတွက် ရှေးဟောင်းသုတေသနပညာကို သင်ယူလေ့လာနေကြသူများနှင့် စိတ်ပါဝင်စားသူများအား ပညာရပ်ဆိုင်ရာ အကြံပေးခြင်း၊ ကူညီဆောင်ရွက်ခြင်းတို့ကို အသင်း၏ လုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်ကာ အသင်းဝင်များနှင့် စိတ်ဝင်စားသူများ စုပေါင်းလျက် ရှေးဟောင်းသုတေသန နယ်မြေများသို့ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများကို ပြုလုပ်လျက်ရှိပေသည်။

မြန်မာရှေးဟောင်းသုတေသန ပညာအသင်းသည် ၂၀၁၈ ခုနှစ်  ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်က  မြင်စိုင်းမြို့ဟောင်းသို့ ကွင်းဆင်းလေ့လာရေးခရီး သွားရောက်ခဲ့ကြရာ အသင်းအတွင်းရေးမှူး ကိုသူရအောင်၏ ဖိတ်ကြားချက်အရ ရှေးဟောင်းသုတေသန ဆောင်းပါးရှင်တစ်ဦးအဖြစ် လိုက်ပါခဲ့ပါသည်။ ခရီးစဉ်အတွင်း မန္တလေးတက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ ကထိကဒေါက်တာပြည့်ဖြိုးကျော်၊ ရတနာပုံတက္ကသိုလ် မနုဿဗေဒပညာဌာနမှ ကထိက ဦးငြိမ်းချမ်းစိုးအပါအဝင် ရှေးဟောင်းသုတေသနပညာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၉ ဦး လိုက်ပါခဲ့ကြသည်။

မြင်စိုင်းရှေးဟောင်းနယ်မြေတွင်  မြို့ဟောင်းဆိုင်ရာ အထောက်အထား အချက်အလက်များကို ကထိက ဒေါက်တာပြည့်ဖြိုးကျော်နှင့် အသင်းအတွင်းရေးမှူး ကိုသူရအောင်တို့က ရှင်းလင်းပြောကြားခဲ့ကာ  ဒရုန်းလွှတ်တင်၍ ဓာတ်ပုံများရိုက်ကူးခြင်း နည်းပညာကို လက်တွေ့ပြသခဲ့သည်။

### ရာဇဝင်ထဲက မြင်စိုင်း

ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့သော တာဝတိံသာ၊ နတ်ရွာလော၊ နတ်ရွာလောဟု အစချီသည့် မြင်စိုင်းရွှေပြည်ကာချင်းကို အခြေခံပညာအထက်တန်းတွင် ပြဋ္ဌာန်းထားသဖြင့် မျက်မှောက်ခေတ် လူငယ်များသည် မြင်စိုင်းဟူသည့် အမည်ကို ကြားဖူးသိရှိနေခဲ့ကြသည်။ ကာချင်းတွင် ဖွဲ့ဆိုထားမှုအရ တစ်ချိန်က ရွှေပြည်အလား ထွန်းကားစည်ပင်ခဲ့သည့် မြင်စိုင်းသည် ယခုအချိန်တွင် ရှေးဟောင်းသုတေသန နယ်မြေတစ်ခုအဖြစ် ကျန်ရှိနေခဲ့ပြီး  မြို့ရိုးဟောင်း၊ သင်းတွဲမြောင်း၊ ရှေးဟောင်း လိုဏ်ဂူ အချို့နှင့် နံရံဆေးပန်းချီများကို လေ့လာနိုင်ကြသည်။


မြင်စိုင်း နန်းဦးစေတီ

မြင်စိုင်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့မှ တောင်ဘက် လေးမိုင်အကွာတွင် တည်ရှိကာ မြန်မာရာဇဝင်ကျမ်းများအလိုအရ ဘိန္နကမင်း၏ သားတော် သိင်္ဂဇို တည်ထောင်ခဲ့သည့် မြို့ဖြစ်သည်။

ရာဇဝင်ဋီကာအလိုအရ တကောင်းပြည်ပျက်ပြီးနောက် ဘိန္နကမင်းကြီးသည် စုရုံးမိသမျှသော ဗိုလ်ခြေများနှင့် အတူ မန်လည်ချောင်းတွင် နေခဲ့သည်။ဘိန္နကမင်း ကွယ်လွန်လျှင် အစုသုံးစုကွဲ၍  တစ်စုက သုနာပရန္တတိုင်းသို့ဝင်၍ တစ်စုက ယင်းအရပ်၌ပင် နေမြဲအတိုင်းနေကြပြီး ကျန်တစ်စုက ရှမ်း ၁၉ ခရိုင်ကို တည်ထောင်နေထိုင်ခဲ့သည်ဟုဆိုသည်။

ဘိန္နကမင်းကြီး ကွယ်လွန်ပြီးနောက် သားကြီးက မင်းဖြစ်လာခဲ့ကာ သားငယ်ဖြစ်သူ သိင်္ဂဇိုသည် အစ်ကိုဖြစ်သူ သတ်ဖြတ်မည်ကို ကြောက်သဖြင့် ဘိန္နကမှ ထွက်ခဲ့ကာ မြင်စိုင်းတွင် သူကြွယ်သမီးနှင့် အိမ်ထောင်ကျ၍ သားသုံးယောက်နှင့် သမီးတစ်ယောက် ထွန်းကားခဲ့သည်။ သိင်္ဂဇိုသည် သားသုံးယောက်ကို ပုဂံဘုရင် နရပတိစည်သူထံ ဆက်ခဲ့ရာ မင်းကြီးက အသင်္ခယာ၊ ရာဇသင်္ကြန်နှင့် သီဟသူအမည်တို့ဖြင့် အပါးတော်တွင် ခစားစေကာ သိင်္ဂဇိုကို မြင်စိုင်းရွာအား အုပ်ချုပ်စေခဲ့သည်။

ပုဂံဘုရင် နရပတိစည်သူလွန်ခဲ့ပြီး သားတော် ကျော်စွာလက်ထက်တွင် အသင်္ခယာကို မြင်စိုင်း၊ ရာဇသင်္ကြံကို မက္ခရာနှင့် သီဟသူကို ပင်လယ်မြို့များ ပေးခဲ့သည်။ ပင်လယ်သည် မြစ်သားမြို့နယ်အတွင်း၌ မိုင်းမောဟုထင်ရှားသည့်ပျူမြို့ဟောင်းဖြစ်သည်။ ဦးကုလား မဟာရာဇဝင်အလိုအရ ဘုရင်ကျော်စွာကို စိတ်မျက်ခဲ့သည့် မိဖုရား ဖွားစောသည် ရှမ်းညီနောင်သုံးဦးနှင့်ပေါင်းကာ မြင်စိုင်းတွင် ဂူကျောင်းဘုရားများ ဆောက်လုပ်စေခဲ့သည်။ ထို့နောက် ဘုရင်ကျော်စွာကို ဥပါယ်တံမျဉ်ဖြင့် လယ်တွင်း ၁၁ ရွာသို့ ကြွရောက်စေကာ ယင်းကျောင်းများကို သာလျောင်းတောင်ထိပ်မှ ပြသခဲ့သည်ဟုဆိုသည်။ ထို့နောက်  ညီနောင်သုံးပါးတို့သည် ပုဂံဘုရင်ကျော်စွာကို မြင်စိုင်းသို့ လှည့်ဖြားခေါ်လာကာ နန်းချခဲ့ကြသည်။ ပုဂံဘုရင်ကျော်စွာသည် မြင်စိုင်းတွင်နေခဲ့ရစဉ် ပုဂံသို့ မျှော်ခဲ့သည့် နေရာဟုယူဆကြသည့် တောင်စောင်းတစ်ခုတွင် ပုဂံမျှော်ရုပ်ပွားတော်ကို တည်ထားခဲ့ရာ ယခုအခါတွင် အရာမျှသာ ကြွင်းကျန်နေပြီး ရုပ်ပွားတော်၏ ဦးခေါင်းကို တောင်စောင်းတွင် မြင်တွေ့ကြရသည်။

ပုဂံဘုရင် မင်းစောနစ်နှင့် မိဖုရားဖွားစောတို့သည် မြင်စိုင်းတွင် ပုဂံဘုရင်ကျော်စွာရှိနေစဉ် တရုတ်ကေရာဇ် ဥတည်ဘွားကို မြင်စိုင်းသို့ တပ်များစေလွှတ်ပေးရန် အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် တရုတ်စစ်သူကြီးလေးယောက်ဖြစ်သည့် သံစိန် တိန်စင်၊ ယော်ခါ တိန်စင်၊ မော်ရာ တိန်စင်နှင့် မော်ရခိ တိန်စင်တို့ ဦးစီးသည့် တပ်များသည် ခရစ်နှစ် ၁၃၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် မြင်စိုင်းသို့ ရောက်ရှိခဲ့ကြသည်။ မင်းညီနောင်သုံးပါးသည်   ပုဂံဘုရင်  ကျော်စွာကိုသတ်၍ ဦးခေါင်းကို တရုတ်တို့ကိုပြခဲ့ရာ တရုတ်တို့ပြန်လည်ထွက်ခွာသွားခဲ့သည်။တရုတ်တို့သည် မိမိတို့အင်အားကို ပြသလိုသဖြင့် အလျား တာ ၇၀၀၊ အနက် နှစ်တာ၊ စောက်နှစ်တာရှိသည့် မြောင်းတစ်ခုကို ညတွင်းချင်းတူးခဲ့ရာ သင်းတွဲမြောင်းဟု ထင်ရှားခဲ့သည်။ သင်းတွဲမြောင်းသည် မျက်မှောက်ခေတ် အတိုင်းအတာများအရ အလျား ပေ ၇၃၅၀၊ အကျယ် ၂၁ ပေနှင့် အနက် ၂၁ ပေရှိသည်။ ထို့ကြောင့် မြင်စိုင်းခေတ် အတိုင်းအတာ တစ်တာသည်  ၁၀ ဒသမ ၅ ပေဖြစ်သည်။

တရုတ်မွန်ဂိုတပ်များသည် ခရစ်နှစ် ၁၃၀၁ ခုနှစ် ဧပြီလဆန်းတွင် မြင်စိုင်းမှ ပြန်လည်ထွက်ခွာခဲ့ကြပြီးနောက် ညီနောင်သုံးပါးတို့သည် မိမိတို့ပိုင်ဆိုင်သည့် နယ်များတွင် အပြိုင်မင်းပြုခဲ့ကြရာ မြင်စိုင်းကို အသင်္ခရာက အုပ်ချုပ်ခဲ့သည်။

### လက်ရှိ မြင်စိုင်း

မြင်စိုင်းမြို့ဟောင်းသည် ယခု ကျောက်ဆည်မြို့မှ အရှေ့ဘက်ယွန်းယွန်း ဖျောက်ဆိပ်ပင်သို့သွားသည့် မော်တော်ကားလမ်းကိုခွလျက် တည်ရှိနေပြီး မြို့ဟောင်း၏ မြို့ရိုး အကြွင်းအကျန်အချို့ကို မြင်တွေ့ကြရသည်။ မြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံဟု ယူဆရဖွယ်ရှိကာ မြို့ဟောင်းအတွင်း၌ရှိသည့် နန်းဦးစေတီတော်သို့ ကျောက်ဆည် ဖျောက်ဆိပ်ပင်ကားလမ်းမှ တည့်တည့်မတ်မတ် သွားရောက်နိုင်ကြသည်။

သက္ကရာဇ် ၆၉၁ ခုနှစ်ထိုးကျောက်စာကို အက္ခရာဖလှယ်ကာ နန်းဦးစေတီတော် ရှေ့မျက်နှာစာ ကျောက်စာရုံတွင်ပြသထားရာ ဥစ္စနာမင်းကြီးသည် အချင်း ၁၀၃ တောင်ရှိသည့် စေတီတော်ကို ၆၉၁ ခုနှစ် တပေါင်းလဆန်း ၃ ရက်တွင် တည်ထားခဲ့ရာ ကျောက်စာပါရက်စွဲသည် ခရစ်နှစ် ၁၃၃၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်၊ အင်္ဂါနေ့ဖြစ်သည်။(မူရင်းကျောက်စာကို ပါမောက္ခ (ငြိမ်း) ဒေါက်တာမောင်မောင်လေးနှင့် အဖွဲ့က ပြန်ဆိုကြောင်း ရေးသားထားပါသည်။) ယခုအချိန်တွင် နန်းဦးစေတီတော်ကို ပြင်ဆင်ထားသဖြင့် ပစ္စယာ ငါးဆင့်မှလွဲ၍ စေတီတော်၏ မူလလက်ရာများမကျန်ရှိတော့ပါချေ။

မြင်စိုင်းနန်းဦးစေတီ၏  မြောက်ဘက်တွင်  တည်ရှိသည့် ကုလားကျောင်းရွာတွင် နန်းတော်ဟောင်းဟု ယူဆရသည့် အုတ်ရိုးဟောင်း ကျန်ရှိနေသည်။ သင်းတွဲမြောင်းနှင့် ကပ်လျက် တည်ရှိနေသည့် ကုလားကျောင်းကျေးရွာသို့ ရှေးအခါက ရွှေတူးသူများ လာရောက်တူးဖော်ကြကြောင်း၊ မြေအိုးကြီးများကိုလည်း တွေ့ခဲ့ရကြောင်း၊ရွာသားများသည် ရွှေငွေများ ရရှိခဲ့ဖူးကြောင်း နန်းဦးစေတီတွင် တွေ့ခဲ့ရသည့် ကျေးရွာသားအဘိုးတစ်ဦးက ပြောပြခဲ့သည်။

မြင်စိုင်းမြို့ဟောင်းသည် ကျောက်ဆည်ဒေသရှိ တောင်စွယ်တောင်တန်းများအနီးတွင်တည်ရှိနေကာ ထုံးကျောက်နှင့် သလင်းကျောက်များထွက်ရှိသဖြင့် မြို့ဟောင်းဝန်းကျင်၌ ဘိလပ်မြေစက်ရုံများ တည်ထားသည်ကိုမြင်တွေ့ကြရပေသည်။  ကျောက်တောင်များကို မိုင်းခွဲရာမှ ကျောက်ဂူအချို့ ပျက်စီးခဲ့ရကြောင်းနှင့် ယခုအချိန်အထိ သဘာဝကျောက်လိုဏ်ဂူ ၃၀ ကျော်   ကျန်ရှိနေသေးကြောင်း  ကထိက ဒေါက်တာပြည့်ဖြိုးကျော်က ရှင်းပြခဲ့သည်။

### မြင်စိုင်းသဘာဝကျောက်လိုဏ်ဂူများ

ယင်းဂူများအနက် မြင်စိုင်းမြို့ဟောင်း၏ တောက်ဘက်ရှိ ရွှေဥမင်တောင်တန်းတွင် ရှိသည့် ရွှေဥမင်ဂူနှင့် စိတ္တဂုတ်ဂူတို့သည် အထင်ရှားဆုံးဖြစ်ကြကာ ယင်းဂူများအတွင်း၌ မြင်စိုင်းခေတ်က ရေးဆွဲခဲ့သည့် နံရံဆေးပန်းချီများကျန်ရှိနေသည်။ သို့သော် ထိန်းသိမ်းမှုအားနည်းခဲ့သဖြင့် နံရံဆေးပန်းချီများသည်မှေးမှိန်ကာ ပျက်စီးနေကြပြီဖြစ်သည်။

လေ့လာရေး အဖွဲ့ဝင်များသည် ရွှေဥမင်ဂူသို့ အလွယ်တကူ သွားရောက်နိုင်ခဲ့သော်လည်း စိတ္တဂုတ်ဂူသို့ ရောက်ရှိရန် တောင်စွယ်များကိုတက်၍ ဆူးချုံများကိုကျော်ဖြတ်ခဲ့ကြရသည်။

ရွှေဥမင်ဂူသည် ကျောက်တောင်နံရံကို ထွင်းဖောက်ထားသည့် သဲကျောက်ဂူဖြစ်ကာ ယခုအခါတွင် အဝင်အဝမုခ်ပေါက်များကို အုတ်အင်္ဂတေများဖြင့် ပြုလုပ်ထားသည်။ ဂူပေါက်ဝ ငါးခုသည် အရှေ့ဘက်သို့ မျက်နှာမူနေကြကာ ဂူပေါက်တစ်ခုစီ၏အဆုံး၌ အတန်အသင့်ကျယ်ဝန်းသော အခန်းတစ်ခုစီရှိသည်။ ဂူအတွင်းသို့ ဝင်လိုက်သည်နှင့် တောင်မြောက်ကန့်လန့်ဖြတ်တည်ရှိနေသည့် စင်္ကြံလမ်းတစ်ခုကိုမြင်တွေ့ကြရသည်။ စင်္ကြံလမ်း၏ တောင်ဘက်အဆုံးတွင် အခန်းတစ်ခုရှိကာ မြောက်ဘက်အဆုံးတွင်မူ ဘုရားဆောင်တစ်ခုကိုမြင်တွေ့ကြရသည်။ ရွှေဥမင်ဂူပုံစံသည် ယေဘုယျအားဖြင့် ညောင်ဦးမြို့ ရွှေစည်းခုံစေတီအနီးရှိ ကျန်စစ်သားဥမင်နှင့် တူညီနေပေသည်။

ဂူအတွင်းသို့ ဝင်ရောက်ရသည့် မုခ်ပေါက်ငါးပေါက်သည် ခြောက်ပေစီမြင့်ကာ အတွင်းစင်္ကြံလမ်းသည် ရှစ်ပေနီးပါးမြင့်သည်။ ဝင်ပေါက်များသည် လေးပေစီကျယ်ဝန်းလျက် စင်္ကြံလမ်းသည် ခြောက်ပေခန့်ကျယ်သည်။ ရွှေဥမင်ဂူအတွင်းမှ အခန်းများသည် ၁၀ ပေ ပတ်လည် ကျယ်ဝန်းလျက် ရှစ်ပေဝန်းကျင်မြင့်ကြသည်။အလင်းရောင်ဝင်ရောက်မှု အားနည်းသဖြင့်  ဂူအတွင်းစင်္ကြံလမ်းကို   လျှပ်စစ်မီးထွန်းထားပြီး အတွင်းအခန်းများမှာမူ အတန်ငယ်မှောင်မိုက်နေကြပေသည်။

ရွှေဥမင်အတွင်း၌ နံရံဆေးပန်းချီများကို ဂူအတွင်းသို့ ဝင်သည့် အလယ်မုခ်ပေါက်၏ အမိုးခုံးပေါ်တွင်  မြင်တွေ့ကြရသည်။ ဂူအတွင်းမှ အခန်းနံရံများတွင် ဆေးရေးပန်းချီအချို့ကိုမြင်တွေ့နိုင်ကြပြီး ရှစ်လက်မ ဝန်းကျင်ရှိသည့် အဝိုင်းပုံများတစ်ခုစီထဲတွင် ယောက်ျားပုံ၊ မိန်းမပုံ၊ ဆင်၊ ခြင်္သေ့၊ ဟင်္သာ၊ ကရဝိက်၊ ဒေါင်း၊ ကြက်တူရွေးစသည်တို့ကို ထည့်သွင်းရေးဆွဲထားသည်။ ယောက်ျားနှင့် မိန်းမပုံများတွင် ယင်းတို့သည် လက်နှစ်ဖက်ဖြင့် ကြာဖူးကို ကိုင်ဆောင်ထားကြသည်။

ယင်းအဝိုင်းကွက်များ တစ်ခုနှင့် တစ်ခုအကြား၌ ပန်းနွယ်ပန်းခက်များရေးဆွဲထားကာ အရုပ်မပါရှိသည့် အဝိုင်းကွက်များ၏ အတွင်းအပြင်၌ ပန်းနွယ်ပန်းခက်များ ရေးဆွဲထားသည်။ ယင်းတို့ကို မျက်နှာကြက်တွင်မြင်တွေ့ရသဖြင့် ပန်းမျက်နှာကြက်တစ်ခုသဖွယ် ဖြစ်နေပေသည်။ ယင်းနံရံပန်းချီများသည် ပုဂံရှိ နန္ဒမညနှင့် ဘုရားသုံးဆူတွင်ရှိသည့် ပုဂံခေတ်နှောင်းပိုင်း လက်ရာများနှင့် တူညီကြောင်း  ဆရာကြီး တမ္ဗဝတီ ဦးဝင်းမောင်က ရေးသားခဲ့သည်။

ရွှေဥမင်ဂူ  နံရံဆေးပန်းချီများကို ရုတ်တရက်ကြည့်လျှင် ရှေးခေတ်က မြန်မာအမျိုးသားကြီးများ ပေါင်တွင် ထိုးနှံ့လေ့ရှိခဲ့သည့် ထိုးကွင်းမင်ကြောင်အကွက်များနှင့်တူနေသဖြင့် မြင်စိုင်းဝန်းကျင်မှ လူများက မင်ကြောင်ဆေးရေးဂူဟု ခေါ်ဆိုမှုများရှိခဲ့သည်။ ယင်းနံရံဆေးပန်းချီများကို ရေးဆွဲခဲ့ချိန်သည် သာမညအားဖြင့် ၁၃ ရာစုနှောင်းပိုင်းဖြစ်ကြောင်း မြန်မာမှု သုတေသနစာတွင် ဖတ်ရှုရပေသည်။

မြင်စိုင်းနံရံဆေးရေးပန်းချီများကို တွေ့ရှိရသည့် အခြားနေရာတစ်ခုမှာ ရွှေဥမင်ဂူမှ အရှေ့ဘက်တစ်မိုင်ဝန်းကျင်တွင် တည်ရှိသည့် စိတ္တဂုတ်ဂူဖြစ်သည်။ စိတ္တဂုတ်ဂူတွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားများကို ဂူနံရံတွင်ရေးထားခဲ့ရာ ရွှေဥမင်ဂူမှ ပန်းချီများကဲ့သို့ အရောင်အသွေးစုံလင်ခြင်း၊ အချိုးအစားကျနခြင်း မရှိချေ။ ဂူနံရံမျက်နှာပြင်သည်လည်း မညီညာသော ကျောက်သားပြင်ဖြစ်သဖြင့် နံရံဆေးများသည် ပေါ်လွင်ထင်ရှားခြင်း မရှိကြပါချေ။

စိတ္တဂုတ်ဂူ ဒုတိယဝင်ပေါက် နံရံတွင် ရေးဆွဲထားသည့် ဘုရားရှင်အား ရဟန်းတော်နှစ်ပါးက ပူဇော်နေပုံသည် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ရေးဆွဲထားပုံနှင့် များစွာခြားနားနေသဖြင့် ပညာရှင်အချို့က နှောင်းခေတ်လက်ရာဟု ယူဆသည်။ သို့သော် ရွှေဥမင်ဂူ နံရံပန်းချီများနှင့် စိတ္တဂုတ်ဂူ နံရံပန်းချီများသည်  များစွာတူညီနေကြကာ   ခေတ်ပြိုင်လက်ရာများဟု ယူဆရပေသည်။

ယင်းပန်းချီများတွင် ဘုရားရှင်၏ မေးစေ့တော်သည် လေးထောင့်ပုံရှိခြင်း၊ မျက်လုံးတော်များကို မျက်နှာတော်အပြင်ထွက်နေစေရန် ရေးဆွဲထားခြင်း၊ ဥဏ္ဏာလုံမွေ့ရှင်တော် ထည့်သွင်းရေးဆွဲထားခြင်းတို့သည် ထူးခြားနေသည်။ ပန်းချီများကို အဖြူ၊ အနီ၊ အနက်နှင့် အဝါရောင်တို့ကိုသာ အသုံးပြုရေးဆွဲထားကာ စိတ္တဂုတ်ဂူပန်းချီများတွင် လူနှင့်တိရစ္ဆာန်ပုံများ ပါဝင်ခြင်းမရှိချေ။

ဆရာကြီးဦးဝင်းမောင်၏ လေ့လာချက်အရ မြင်စိုင်းဂူနံရံပန်းချီများတွင် ပုဂံခေတ်မျက်နှာဟန်များဖြစ်သည့် နှာခေါင်းချွန်၍ကောက်ခြင်း၊မျက်ခုံး မျက်လုံးကောင်းခြင်း၊ ပါးစပ်ကျယ်၍ မေးချွန်ခြင်းတို့ကို တွေ့ရှိနိုင်သည်။ တမာရွက် သုံးရွက်ပါရှိသည့် ထိပ်အုပ်ခေါင်းစည်း၊ နောက်ခံရောင်ခြည်စက်ဝိုင်း၊ ခါးစည်းကြိုး နှစ်ဖက်ချထားပုံများသည် ပုဂံခေတ်ဟန်များဖြစ်သော်လည်း နားတွင် နားတောင်းကြီးများ မပန်ဘဲ နားပေါက်ရာသာ ပါရှိနေခြင်းသည် ပုဂံပန်းချီဟန်နှင့် မတူသည့် မြင်စိုင်းဟန်ဟုဆိုနိုင်ကြောင်း၊ ယောက်ျား မိန်းမပုံများတွင် လက်ကောက်များပါရှိသော်လည်း လက်ကြပ်များမပါရှိသကဲ့သို့ မြင်စိုင်းဟန် ပန်းချီများသည် ပုဂံခေတ်လက်ရာ အငွေ့အသက်များမကင်းသေးသလို အင်းဝခေတ်ဟန်များဖြစ်ပေါ်စပြုနေကြောင်း သုံးသပ်ခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် လွန်ခဲ့သည့် နှစ် ၇၀၀ ဝန်းကျင်က စည်ပင်ခဲ့သည့် မြင်စိုင်းမြို့ဟောင်း၊ သဘာဝကျောက်ဂူများနှင့် နံရံဆေးပန်းချီများသည် သမိုင်းမှတ်တမ်းအထောက်အထားများအဖြစ် ကျန်ရှိနေခဲ့ရာ ယင်းတို့ကို ထိန်းသိမ်းထားခြင်းဖြင့် မြန်မာ့သမိုင်းနောက်ခံများကို စောင့်ရှောက်ထားနိုင်မည်ဖြစ်ပေသည်။ ။

# မိုးညှင်းမြို့၌ လွယ်ခမ်းတောင် ကျောက်စိမ်းစေတီတည်ရန် ပန္နက်တင်

**မိုးညှင်း ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-လွယ်ခမ်းတောင်၌ ကချင်ပြည်နယ်အတွင်း ပထမဦးဆုံး ကျောက်စိမ်းစေတီအဖြစ် တည်ထားကိုးကွယ်မည့် လွယ်ခမ်းတောင်(လွမ်းစေတီ) ပန္နက်တော်တင်မင်္ဂလာပွဲကို ဇန်နဝါရီ ၁၃ ရက်က မော်ဟန်ရွာ လွယ်ခမ်းတောင် တောရကျောင်း၌ ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် လွယ်ခမ်းတောင်တောရကျောင်း စေတီတည်မည့်မြေနေရာ၌ စေတီဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးစီးပဓာနနာယကဆရာတော် မိုးညှင်းမြို့နယ် သံဃနာယက ဒုတိယဥက္ကဋ္ဌ မော်ပင့်ကျောင်းတိုက်ဆရာတော်နှင့် ပင့်သံဃာ အပါး ၅၀ က အန္တရာယ်ကင်းပရိတ်တရားတော်များကို ဟောကြားပြီး မော်ဟန်ရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် စေတီဖြစ်မြောက်ရေး အကျိုးတော်ဆောင်များ၊ အလှူရှင်များနှင့် ဒေသခံများစုစုပေါင်း ပြည်သူ ၃၀၀၀ ကျော်တို့က တရားတော်များနာယူကာ အလှူရှင်များက နေ့ဆွမ်းဆက်ကပ်ကြသည်။

ထို့နောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြီး မိုးညှင်းမြို့ကန်ဦးကျောင်းတိုက် ဆရာတော်၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်၊ မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်စေတီဖြစ်မြောက်ရေး ဂေါပကအဖွဲ့တို့က စေတီတော်အတွက် ပန္နက်များတင်ခဲ့ကြသည်။



မိုးညှင်းမြို့လွယ်ခမ်းတောင် ကျောက်စိမ်းစေတီတည်ရန် ဒေသခံများ ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပနေစဉ်။

အဆိုပါ ကျောက်စိမ်းစေတီမှာ ဉာဏ်တော်အမြင့် ၈၁ ပေ၊ ပစ္စယံပန်းတင်ခုံ အလျား ၁၀၄ ပေ၊ အမြင့် ၁၂ ပေ၊ ရင်ပြင်အကျယ် စတုရန်းပေ ၁၅၀ ရှိမည်ဖြစ်ပြီး ကချင်ပြည်နယ်တွင် ပထမဆုံး ကျောက်စိမ်းစေတီဖြစ်သည်။ စေတီတည်ရန်အတွက် မော်ပင့်ကျောင်းတိုက်ဆရာတော်က ဦးစီး၍ မြေညှိခြင်း၊ တောရှင်းခြင်းလုပ်ငန်းကို နန့်မချီကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယိမ်းဘော့မ်နှင့်အဖွဲ့တို့၏ ဘက်ဟိုးစက်ယန္တရားများ ပံ့ပိုးမှုဖြင့် ၁၀ ရက်ကြာ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စေတီအတွက် ကနဦးမတည်အလှူများအဖြစ် မော်ဟန်ရွာမှ ဦးတင့်ဇော်-ဒေါ်သင်းသင်းခိုင် မိသားစုက ကျပ်သိန်း ၂၀၀၊ ဦးထွန်းလှအောင်-ဒေါ်ဝေဝေအောင် မိသားစုမှ ကျပ်သိန်း ၁၀၀၊ ဦးအောင်ဆန်းဦး-ဒေါ်ဌေး မိသားစုက ကျပ်သိန်း ၅၀၊ ဦးဝင်းမောင်-ဒေါ်ခင်တာတာ မိသားစုက ကျပ်သိန်း ၅၀ မတည်လှူဒါန်းထားပြီး လှူဒါန်းလိုသူများအနေဖြင့် မော်ဟန်ရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် စေတီတော်ဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၇၈၇၆၉၉၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**၀၇၈**

# ရှားတောမြို့၌ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေး

**ရှားတော ဇန်နဝါရီ ၁၄**

ကယားပြည်နယ် ရှားတောမြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရန်နှင့် လုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တင်ဒါအောင်ကုမ္ပဏီများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး ပြည့်မီစေရန်နှင့် သတ်မှတ်သည့်အချိန်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရန်အတွက် လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲမည့် မြို့နယ်တည်ဆောက်ရေးကော်မတီ ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် သက်ဆိုင်ရာဌာနများနှင့် တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြပြီး ဆွေးနွေးပွဲသို့တက်ရောက်သော ဒေသခံပြည်သူများက လုပ်ငန်းစီမံကိန်းများအပေါ် မိမိတို့ သိရှိလိုသည်များကို မေးမြန်းကာ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ထွန်းအောင်(ပြန်/ဆက်)**

# မန္တလေးမြို့၌ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်

**မန္တလေး ဇန်နဝါရီ ၁၄**

စခန်းအခြေပြု မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေး သင်တန်းကို ပြန်လည်ထူထောင်ရေးဦးစီးဌာန မန္တလေးပြန်လည်ထူထောင်ရေးစခန်းနှင့် မြန်မာနိုင်ငံ စေတနာ့မူးယစ်ကြီးကြပ်ရေးမှူးအသင်းတို့ ပူးပေါင်း၍ မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မန္တလေး ပြန်လည်ထူထောင်ရေးစခန်း၌ ဇန်နဝါရီ ၁၄ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက အမှာစကားပြောကြားပြီး ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းဇော်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို သင်တန်းသား ၂၀ ဖြင့် ၃၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**



## သတင်းတိုများ

# ရွှေတောင်မြို့နယ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ကျေးရွာတွင်းလမ်း၌ ကျောက်စရစ်ခင်း

**ရွှေတောင် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်ကုန်းကျေးရွာအုပ်စု ဖုန်းဆိုးကျေးရွာ၌ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)အရ စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၅၂၀၀ ၌ အကျယ် ၁၈ ပေ၊ ဒုခြောက်လက်မ ကျောက်စရစ်ခင်းလျက်ရှိကြောင်း သိရသည်။ လမ်းခင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီလဆန်းမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၊ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရန်နိုင်စိုးနှင့် တာဝန်ရှိသူများက ဇန်နဝါရီလ ဒုတိယပတ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ဗထူး**

# တောင်တွင်းကြီး၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပညာပေးလက်ကမ်းစာစောင်နှင့် စတစ်ကာများ ဖြန့်ဝေ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပညာပေးလက်ကမ်းစာစောင်နှင့် စတစ်ကာများကို တောင်တွင်းကြီးမြို့အခြေစိုက် Triangle အဖွဲ့မှ အဖွဲ့ဝင် ၅၀ ခန့်က ဇန်နဝါရီ ၁၄ ရက်တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ Triangle အဖွဲ့မှ ဦးဝင်းမင်းလတ် ခေါင်းဆောင်သော အဖွဲ့ဝင်များက တောင်တွင်းကြီးမြို့မဈေး အတွင်းအပြင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံရှေ့တို့တွင် အခြေပြု၍ ပြည်သူများထံသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုရာဝယ် အသိပညာပေး လက်ကမ်းစာစောင် အရွက် ၅၀၀၀၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ (၂၀၁၈)ခုနှစ် စာအုပ် ၅၀ နှင့် ပွင့်လင်းမှုမှသည် တာဝန်ယူ တာဝန်ခံမှုဆီသို့ စာသားပါ စတစ်ကာ ၂၀၀၀ တို့ကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **၀၈၅**

# ညောင်လေးပင်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ အလှူငွေပေးအပ်

**ညောင်လေးပင် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာမှ ကွယ်လွန်သူမိဘများအားရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ ဒေါ်စိန်အုံမိသားစုက ညောင်လေးပင်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၂၅ သိန်းကို ဇန်နဝါရီ ၁၃ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။ ညောင်လေးပင်မြို့မြို့မ(၃)ရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အလှူရှင် ဒေါ်စိန်အုံက အလှူငွေများပေးအပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**နေလင်း (ညောင်လေးပင်)**

# သန့်လျင်အထက(၁)ကျောင်း၌ မြတ်ဆရာပူဇော်ပွဲကျင်းပ

**သန်လျင် ဇန်နဝါရီ ၁၄**

သန်လျင်မြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၃ ရက်က ယင်းကျောင်းရှိရတနာရှင်းသန့်ခန်းမဆောင်၌ ကျင်းပရာ ပူဇော်ပွဲကျင်းပရေးကော်မတီ နာယက ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်တိုးနှင့် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဆရာကြီး ဦးရွှေအောင်၊ ဦးတင်ရှိန်၊ ဦးသိန်းအောင်၊ ဦးကျော်ငြိမ်းနှင့် ဆရာမကြီး ဒေါ်နော်တင်ဦးတို့က ဆုံးမဩဝါဒစကားများပြောကြားပြီး ကျောင်းသားဟောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ဆရာ ဆရာမကြီးများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အဆိုပါ မြတ်ဆရာပူဇော်ပွဲတွင် အပူဇော်ခံ ဆရာ ဆရာမကြီး ၁၅၆ ဦးတို့အား ကံစမ်းလက်ဆောင်ပစ္စည်းများ အပါအဝင် ငွေကျပ်သိန်း ၁၅၀ ကျော်ခန့် ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# လှိုင်မြို့နယ်ပညာရေးမှူးရုံး၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပညာရေးမှူးရုံး၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ ဒုတိယပတ်အတွင်းက ကျင်းပခဲ့သည်။ ပညာရေးစုံညီပွဲတော် အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၊ မြို့နယ်ပညာရေးမှူး ဒေါ်စန္ဒာဦးလှိုင်၊ မြို့နယ်တရားသူကြီး ဦးအောင်မြင့်သန်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မေသန္တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက အဆို အကများဖြင့် ဖျော်ဖြေကြပြီးနောက် ကာယဆုရရှိသူ ကျောင်းသားကျောင်းသူ ၂၁၆ ဦးနှင့် ဉာဏဆုရရှိသူ ၁၁၅ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# တောင်ငူမြို့စတည်ရာ မြို့ဟောင်းနေရာရှိ သမိုင်းဝင်စေတီတော်နှစ်ဆူအား လာရောက်ဖူးမြော်သူများပြားလာ

**တောင်ငူ ဇန်နဝါရီ ၁၄**

ကေတုမတီ တောင်ငူမြို့စတင်ဖြစ်တည်ရာ ယခု တောင်ငူမြို့အနောက်ဘက် ၁၀ မိုင်ခန့်အကွာ စပါးကြွယ်ကျေးရွာအုပ်စု ခပေါင်းချောင်း မြောက်ဘက်ခြမ်းရှိ စည်းခုံကြီးစေတီတော်နှင့် မြနိန္ဒာစေတီတော်တို့အား အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသူ ပိုမိုများပြားလျက်ရှိပြီး တစ်ခါတစ်ရံ နိုင်ငံခြားသားဧည့်သည်များပါ လာရောက်လည်ပတ်လေ့ရှိကြောင်း မြနိန္ဒာစေတီတော်ကျောင်းတိုက်မှ ဆရာတော် ဦးကောဝိဒက မြွက်ကြားသည်။

အဆိုပါ ကေတုမတီ မြို့ဟောင်းသို့ သွားရောက်လိုလျှင် တောင်ငူမြို့ မြောက်ဘက် ဘုရင့်နောင် ရုပ်တုအနီးမှ အမြန်လမ်းသို့ သွားရောက်နိုင်သော ထီးလှိုင် ကွန်ကရစ်ကားလမ်းအတိုင်း သွားရောက်နိုင်ပြီး ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး အောက်မှဖြတ်၍ အနောက်ဘက်သို့ ဆက်သွားလျှင် ပန်းဘဲကျေးရွာကို တွေ့ရှိရမည် ဖြစ်သည်။ ထိုမှတစ်ဆင့် မြေသားကျောက်လမ်းအတိုင်း ဆက်သွားလျှင် သမိုင်းဝင် မြနိန္ဒာစေတီကြီးကို အဝေးမှပင် ဖူးမြင်ရမည်ဖြစ်သည်။ အဆိုပါ ဒေသ၏မြေပြင်အနေအထားအရ ဂဝံမြေစေးများဖြစ်ကာ ယခင်က မိုးရာသီတွင် သွားလာရအလွန်ခက်ခဲသည်ကို တွေ့ရသည်။

"ဒီနေရာဒေသဟာ ကေတုမတီ တောင်ငူမြို့ကို စတင်တည်ထောင်ခဲ့တဲ့နေရာ သမိုင်းဝင်နေရာပေါ့။ မြို့ရိုးတွေရှိတယ်၊ အထင်ကရ စေတီကြီးတွေရှိတော့ အနယ်နယ် အရပ်ရပ်က လာရောက် ဖူးမြော်သူတွေများလာတယ်၊ လမ်းမကောင်းတော့ မိုးရာသီဆို ကားဆိုင်ကယ်မပြောနဲ့ ခြေလျင်လျှောက်ဖို့တောင်ခက်တယ်၊ တအားချော်တယ်။ ပြင်သစ်တို့ ထိုင်းတို့လို နိုင်ငံခြားသားတွေလည်းလာတယ် ရန်ကုန်၊ မန္တလေး၊ မုံရွာ ဘက်ကလည်းလာကြတယ်။ လာရောက်သူတွေရဲ့ လှူဒါန်းမှုတွေကို စုဆောင်းပြီး ဘုန်းကြီးတို့က မြေရောကျောက်လမ်းလေးဖြစ်အောင် ကိုယ်ထူကိုယ်ထခင်းထားရတာ လမ်းပန်းဆက်သွယ်မှုကောင်းရင် အမြန်လမ်းမကြီးနဲ့လည်းနီးလို့ ဒီထက်စည်ပင်ဝပြောလာနိုင်တာပေါ့"ဟု ကျောင်းထိုင်ဆရာတော် ဦးဝိမလက မြွက်ကြားသည်။



လာရောက်လည်ပတ်သူများအနေဖြင့် အရင်ဦးဆုံးဖူးမြော်ရသည့် မြနိန္ဒာစေတီကြီးကို အရင်ဝင်ရောက်ဖူးမြော်ကြကာ အမှတ်တရဓာတ်ပုံများရိုက်ယူခြင်းနှင့် စေတီတော်အတွင်းဝင်ရောက်ဖူးမြော်ခြင်းတို့အပြင် တောင်ဘက်ခပေါင်းချောင်းနှင့် အနောက်ရိုးမတောင်တန်းများကိုပါ လှပစွာကြည့်ရှုအပန်းဖြေနိုင်ကြသည်ကိုတွေ့ရသည်။

ရှေးယခင်က တောကြီးမျက်မည်းထဲတွင် အုတ်ပုံကြီးအဖြစ်သာတည်ရှိခဲ့သော သမိုင်းဝင်စေတီတော် နှစ်ဆူအား အသစ်ပြန်လည်ပြုပြင်၍ နိုင်ငံတော်သမ္မတ(ဟောင်း) ဦးသိန်းစိန် မိသားစု၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင် စီပီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး မိသားစုဝင်များ၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့တွင် ထီးတော်တင်လှူပူဇော်ခဲ့ခြင်းဖြစ်သည်။ စည်းခုံကြီးစေတီသည် မြနိန္ဒာစေတီတော်၏ အရှေ့တောင်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေအရ ကာကွယ် စောင့်ရှောက်ထားသည့် တောင်ငူကြီး မြို့ဟောင်း၊ မြို့ရိုးနှင့် ကျုံးများတည်ရှိသည့် နေရာအတွင်း ပါဝင်ကာ မြို့ရိုးဝင်ပေါက်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ သတိပေးဆိုင်းဘုတ်စိုက်ထူထားသည်ကို တွေ့ရသည်။ စည်းခုံကြီး စေတီတော်၏ ပတ်ဝန်းကျင်ရှိ ရှေးဟောင်းမြို့ရိုးများကို တောများဖုံးလွှမ်းလျက် လေ့လာနိုင်သည့်အပြင် ဘုရားပုံများရေးထားသော အုတ်ချပ်အပိုင်းအစများကိုတွေ့ရှိရမည် ဖြစ်သည်။

"ကျွန်တော်တို့မိသားစုက ရန်ကုန်ကနေလာတာပါ။ နေပြည်တော်ကအပြန် လမ်းကြုံလို့ဝင်ဖူးတာ ဒီရောက်တော့ ထင်တာထက်တောင် သာယာလှပါတယ်၊ လမ်းကို ဒီထက်ပိုကောင်းစေချင်ပါတယ်၊ လမ်းပန်းဆက်သွယ်မှုကောင်းရင် လာရောက်ဖူးမြော်သူတွေ ပိုစည်ကားလာမှာသေချာပါတယ်"ဟု စည်းခုံကြီးဘုရားတွင် တွေ့ရှိရသော မိသားစုကပြောကြားသည်။ ယခုကဲ့သို့ အထင်ကရ သမိုင်းဝင်နေရာများအား သမိုင်းကြောင်းဖြစ်စဉ်ကို လာရောက်သူများသိရှိနိုင်ရန် ရေးသားစိုက်ထူပြသထားပါက ပို၍စိတ်ဝင်စားကာ ကြီးမားလှသော ရှေးသမိုင်းကြောင်းကို သိရှိနိုင်ကြမည်ဖြစ်သည်။ ကေတုမတီ တောင်ငူရာဇဝင်စာအုပ်တွင် ဖော်ပြချက်များအရ သဝန်ကြီး၊ သဝန်ငယ်တို့မှ အစပြု၍ ဘုရင်မဟာသီဟသူရ (နတ်သျှင်နောင်)အထိ မင်းဆက် ၃၆ ဆက်စိုးစံခဲ့ပြီး မြနိန္ဒာစေတီကြီးအား တောင်ငူမင်းဆက် (၁၉)ဆက်မြောက် စောလူးသခ်ယာမင်း တည်ထားခဲ့ကြောင်း၊ မြစည်းခုံစေတီတော်ကြီး၏ ဘုရားဒါယကာမှာ ဘုရင့်နောင်၏ ခမည်းတော် တောင်ငူဘုရင် မင်းရဲသခ်သူ (မင်းကြီးဆွေ) ဖြစ်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

**ကိုလွင်(ဆွာ)**

# ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လင်းယုန်စီမံချက် သထုံတွင် စတင်တော့မည်

**သထုံ ဇန်နဝါရီ ၁၄**

သထုံမြို့နယ်၌ ယခု ဇန်နဝါရီ ၁၅ ရက်မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူမည့် လင်းယုန်စီမံချက်ကို စတင်တော့မည်ဖြစ်သည်။

သထုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်ခဲ့သော ညှိနှိုင်းအစည်းအဝေးတွင် သထုံမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပျက်မှုများကို လျှော့ချရေးနှင့် စည်းကမ်းပျက် / လိုင်စင်မဲ့ယာဉ်များကို အရေးယူနိုင်ရေးအတွက် လင်းယုန်စီမံချက်ကို ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စုပေါင်းဆောင်ရွက်မည့် ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များအား လုပ်ငန်းစဉ်များကို ချပြရှင်းလင်းကာ အကောင်အထည်ဖော်မည့်အသေးစိတ်စီမံချက်များကို ရေးဆွဲရန် သထုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

လင်းယုန်စီမံချက်အရ သထုံမြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (သထုံမြို့) မှ ဇန်နဝါရီ ၁၂ ရက်က ထုတ်ပြန်လိုက်သည့် စည်းကမ်းချက် (၁၀) ချက်ကို လိုက်နာခြင်းမရှိပါက ဇန်နဝါရီ ၁၅ ရက်မှစတင်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သထုံမြို့ရှိ ခရိုင်ကညနရုံး၌ ရုံးဖွင့်ရက်များဖြစ်သော တနင်္လာနှင့် အင်္ဂါတွင် (ခ)ယာဉ်မောင်းလိုင်စင် ပြုလုပ် ပေးခြင်း၊ ဗုဒ္ဓဟူးနေ့တွင် (က) မော်တော်ယာဉ်လိုင်စင် ပြုလုပ်ပေးခြင်း၊ ကြာသပတေးနှင့် သောကြာတွင် (ဃ)၊ (င) အငှားယာဉ်မောင်းလိုင်စင်နှင့် လိုင်စင်သက်တမ်းတိုးခြင်းများကို ပြုလုပ်ပေးနေကြောင်း၊ ယာဉ်မောင်း လိုင်စင်ပြုလုပ်ရာတွင် ပြုလုပ်သူကိုယ်တိုင် လာရောက်ရပြီး ဌာနက ယာဉ်စည်းကမ်းများကို ရှင်းလင်းအသိပညာပေး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတွက် စာမေးပွဲဖြေဆိုရကြောင်း၊ စာမေးပွဲဖြေဆို အောင်မြင်၍ ကိုယ်တိုင်မောင်းနှင်ပြသပြီးမှ ယာဉ်မောင်း လိုင်စင်ကို ထုတ်ပေးကြောင်း သထုံခရိုင် ကညနရုံးမှ ဦးစီးမှူး ဒေါ်လှလှကြူက ပြောသည်။



**ခွန် (ဝင်းပ)**



# သရက်မြို့ သတ္တဋ္ဌာနဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**သရက် ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်လုံးဆိုင်ရာ သတ္တဋ္ဌာနဘုရားကြီး၏ (၁၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲတော် ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ ရက်က မြတ်စွယ်တော် ဂန္ဓကုဋီတိုက်ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သတ္တဋ္ဌာနဘုရားကြီး ဂေါပကအဖွဲ့နှင့် ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓပူဇနီယပွဲတော်ကိုဖွင့်လှစ်ပေးပြီး ရွှေစေတီတံခါး ပဓာနသော့ကို ဂုဏ်ထူးဆောင် ဩဝါဒါစရိယ ကျိုက်ဒေးယျံဆရာတော်ကြီးက ဖွင့်လှစ်၍ ဗုဒ္ဓမြတ်စွယ်တော်ကို အပူဇော်ခံမည့်ကလပ်ပေါ်သို့ ပင့်ဆောင်ပေးကာ ဆရာတော်များနှင့် ပရိသတ်များက မြတ်စွယ်တော်အား ပူဇော်ကန်တော့ကြသည်။ ထို့နောက် ပရိသတ်များက အောင်မင်္ဂလာကျောင်းဆရာတော်ထံမှ သီလခံယူဆောက်တည်ကြပြီး ပွဲတော်ကျင်းပရေးကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းနှင့် ကော်မတီဝင်များက မြတ်စွယ်တော်ကို အပူဇော်ခံကျောင်းဆောင်အတွင်းသို့ ပင်ဆောင်ခဲ့သည်။

အဆိုပါ သတ္တဋ္ဌာနဘုရားကြီး၏ (၁၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မြတ်စွယ်တော်အပူဇော်ခံပွဲကို နှစ်စဉ် ပြာသိုလပြည့်နေ့အထိ ရှစ်ရက်ကြာကျင်းပပြီး လပြည့်နေ့တွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက် (သရက်)**

# မြန်မာ့ရိုးရာ နွားအလှနှင့် နွားဒုန်းမောင်း ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**သဲကုန်း ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ရပ်ကွက်(၂)ကန်တော်မင်္ဂလာလမ်းရှိ ကန်သာယာ ရေလယ်ကျွန်း စေတီတော်မြတ်ကြီးအနီးရှိ လယ်ကွင်းအတွင်းတွင် ယနေ့နံနက် ၉ နာရီခွဲက အဆိုပါ စေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် သတ္တမအကြိမ်မြောက် နွားအလှနှင့် နွားဒုန်းမောင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှတို့က အမှာစကား ပြောကြားခဲ့ကြသည်။ ဆက်လက်၍ ဦးအောင်စိုးက ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

အဆိုပါ နွားအလှနှင့် နွားဒုန်းမောင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၃ ရက်မှ ဇန်နဝါရီ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်နွားလှည်းအစီး ၈၀ တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်း (ပြန်/ဆက်)**

# ပုဂံညောင်ဦးစက်ဘီးစီးအဖွဲ့ဝင်များ ပုဂံ-ရေစကြို နေ့ချင်းပြန်စက်ဘီးစီး

ရေစကြို ဇန်နဝါရီ ၁၄

ပုဂံညောင်ဦး စက်ဘီးစီးအဖွဲ့ဝင် ၃၀ ခန့်သည် ဇန်နဝါရီ ၁၃ ရက်က ပုဂံညောင်ဦးမြို့မှ ရေစကြိုမြို့သို့ ပထမဆုံးအကြိမ် နေ့ချင်းပြန် စက်ဘီးစီးနင်းခဲ့ကြကြောင်း သိရသည်။



"ကျွန်တော်တို့ ပုဂံညောင်ဦးမြို့က လူငယ်တွေစုပြီးတော့ အဖိတ်ဥပုသ်နေ့မှာ လူစုပြီး စီးလာကြတာပါ၊ ဒီလိုစက်ဘီးစီးတာက ကျန်းမာရေးအတွက်လည်းကောင်းတယ်၊ လူငယ်ချင်း ကူညီရိုင်းပင်းတဲ့စိတ်ထားလေးတွေရှိဖို့လည်း ရည်ရွယ်တယ်၊ ကျွန်တော်တို့ ပုဂံညောင်ဦးတင်မဟုတ်ဘူး၊ တခြားမြို့နယ်က လူငယ်တွေကိုလည်း စက်ဘီးစီးအဖွဲ့လေးဖွဲ့ပြီး စီးစေချင်ပါတယ်၊ ရေစကြိုဘက်ကိုလာတာက ပထမဆုံးအကြိမ်ပါ၊ မုံရွာကိုလည်း စီးဖူးပါတယ်၊ ပုဂံညောင်ဦးနဲ့ ပခုက္ကူခရီးကိုတော့ အမြဲစီးဖြစ်ကြပါတယ်၊ အခု ရေစကြိုမြို့ထဲကို စက်ဘီးစီးပြတာကတော့ ရေစကြိုမြို့ထဲကလူတွေ စက်ဘီးစီးချင်စိတ်တွေပေါက်လာအောင်လို့ မြို့ထဲကို လှည့်စီးပြတာပါ"ဟု ပုဂံညောင်ဦး စက်ဘီးစီးအဖွဲ့မှ ကိုဇော်မိုးက ပြောသည်။

အဆိုပါ စက်ဘီးစီးအဖွဲ့သည် ပုဂံညောင်ဦးမှ ပခုက္ကူ မြို့ကိုဖြတ်ကျော်ကာ ရေစကြိုမြို့နယ် မအူကျေးရွာအထိ နေ့ချင်းပြန် စက်ဘီးစီးနင်းခဲ့ကြရာ အသွားအပြန် ခရီး အကွာအဝေး စုစုပေါင်း မိုင် ၁၂၀ ခန့်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

(က) Paper
- (1) NewsPrint Paper
  - (a) 28¼" (48.8 gsm)
  - (b) 40" (48.8 gsm)
  - (c) 30" (45 gsm)
- (2) Woodfree Paper
  - (a) 28¼" (70 gsm)
  - (b) 34" (70 gsm)
  - (c) 31" x 43" (70 gsm)
- (3) Woodfree Paper
  - (a) 28¼" (80 gsm)
  - (b) 30" (80 gsm)
  - (c) 23½"x33" (80 gsm)
  - (d) 31"x43" (80 gsm)

(ခ) Other Paper
- (a) Art Card 31"x43" (250 gsm)
- (b) Colour Pulp Board(200 gsm) 31"x43" Dark Pink
- (c) MG Pressing(205/210 gsm) Green 31"x43"
- (d) MG Pressing(205/210 gsm) Blue 31"x43"
- (e) Surface Colour 20"x30"(28 LB)

(ဂ) Sheetfed Offset Ink (Cyan)

(ဃ) ပုံနှိပ်ရေးပစ္စည်းများ
- (1) Positive Plate (885x590x0.30mm)
- (2) CTP Plate
  - (a) 745x605x0.30mm
  - (b) Developer
- (3) Film & Chemicals
  - (a) Image Setter Film 22"(EI)
  - (b) Image Setter Film 18"
  - (c) Fixer
  - (d) Developer
- (4) Binding Cloth
  - (a) 899 mx 100m (Blue)
- (5) Fountain Solution (Web) Daily Fount
- (6) ဂုန်နီကြိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁-၂၀၁၉ရက်မှ ၂၅-၁-၂၀၁၉ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၂-၂၀၁၉ရက်တွင် နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပပစ္စည်းများ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေး** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot No | လုပ်ငန်းအမည် | |
|---|---|---|---|
| (က) | Lot 1 | သားသတ်ရုံတွင်သန့်စင်ခန်းများတည်ဆောက်ရေးလုပ်ငန်းများ | (၂)ခု |
| (ခ) | Lot 2 | သားသတ်ရုံတည်ဆောက်ရေးလုပ်ငန်းများ | (၂)ခု |
| (ဂ) | Lot 3 | နွားပွဲဈေးခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ | (၂)ခု |
| (ဃ) | Lot 4 | သားသတ်ရုံဧရိယာခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ | (၃)ခု |
| (င) | Lot 5 | ပစ္စည်းဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများ | (၃)ခု |

(စ) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၇-၁-၂၀၁၉ ရက်
(ဆ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၆-၂-၂၀၁၉ ရက်
(ဇ) **တင်ဒါပေးသွင်းရမည့်နေရာ** - တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန- ဖုန်း-၀၆၇-၄၃၂၄၉၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းထုတ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရွှေဘိုတက္ကသိုလ်၊ မြန်မာစာ အထူးပြုဘာသာရပ်၊ စတုတ္ထနှစ်အောင်မှ မယိုင်အွန်းနှင့် မရိုင်အွန်း ၄/မတပ(နိုင်)၀၄၄၁၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မယိုင်အွန်း(ခ)မရိုင်အွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရွှေဘိုတက္ကသိုလ်၊ သင်္ချာအထူးပြုဘာသာရပ်၊ စတုတ္ထနှစ်အောင်မှ မသန္တာငွေး၏ဖခင် ဦးစာရန်နှင့် ဦးစာရံ ၅/တဆန(နိုင်)၀၅၁၂၆၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစာရန်(ခ)ဦးစာရံ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် အုတ်ခြံစည်းရိုးဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းပုံနှိပ်စက်ရုံဝင်းအတွင်းရှိ အုတ်ခြံစည်းရိုး ဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၆-၁-၂၀၁၉ ရက်မှ ၃၀-၁-၂၀၁၉ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအထိ ရုံးဖွင့်ရက်အတွင်း အောက်ပါ လိပ်စာတွင် တစ်စောင်လျှင် ၂၀၀၀ိ/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။

၃။ နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာများကို ၃၁-၁-၂၀၁၉ ရက်မှ ၄-၂-၂၀၁၉ ရက်အထိ နံနက် ၉း၃၀ မှ ညနေ ၄ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။**

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **အဆောက်အအုံများဆောက်လုပ်ခြင်း၊** |
| **ပြန်ကြားရေးဝန်ကြီးဌာန၊ရုံးအမှတ်(၇)** | **ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း** |
| **စီမံရေးရာဌာနခွဲ၊ နေပြည်တော်** | **ကော်မတီ** |
| **ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၄၁၂၂၀၅** | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊** |
| | **နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၉၀** |

## စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း
## (တင်ဒါသက်တမ်းတိုးမြှင့်ခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)အတွက် အောက်ဖော်ပြပါဆေးဝါး Formula ဝယ်ယူရေးတင်ဒါအား ၈-၁၂-၂၀၁၈ ရက်နှင့် ၉-၁၂-၂၀၁၈ ရက်တို့တွင် ကြော်ငြာခေါ်ယူခဲ့ပြီး ၇-၁-၂၀၁၉ ရက် တွင် တင်ဒါပိတ်ခဲ့ပါသည်-

Approved Formulas for Fixed Dose Combination (1) Lot. Tablet (Dispersible) for the Treatment of Tuberculosis for Child, Including Technological Transfer and SOP

၂။ အဆိုပါတင်ဒါအတွက် ဈေးနှုန်းတင်သွင်းလွှာ ပုံစံများအား ၁၆-၁-၂၀၁၉ရက်တွင် ထပ်မံရောင်းချသွားမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်အား ၂၈-၁-၂၀၁၉ရက် ညနေ ၄နာရီအထိ သက်တမ်းတိုးမြှင့် သတ်မှတ်လိုက်ပါသည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၈၁၉၆၊၀၆၇-၃၄၀၈၃၃၁**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့် ကုသရေးဌာနတွင် ကုသမှုခံယူလျက်ရှိသော လူနာများ အတွက် အသုံးပြုရန် (FDA) ခွင့်ပြုချက်ပါသော ဆေးဝါးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၁-၁-၂၀၁၉ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၈-၂-၂၀၁၉ ရက် ညနေ ၄ နာရီ

**ဥက္ကဋ္ဌ**
**တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေးမြို့)**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နမ့်စန်မြို့၊ မြို့မ အထကမှ ကျောင်းအုပ်ကြီး ဒေါ်စမ်းအေး ၁၃/လလန(နိုင်)၀၅၂၃၉၀နှင့် ဒေါ်ခင်စန်းနှင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်စမ်းအေး(ခ)ဒေါ်ခင်စန်းနှင်း**

### အမည်ပြောင်း
ဦးတင်ထူး၏ သား ရွှေညောင်မြို့၊ အထက သတ္တမတန်း(C)မှ မောင်အုံ့မင်းခန့် ၁၃/တကန(နိုင်)၃၅၈၂၈၂ အား ယနေ့မှစ၍ မောင်ကောင်းဝေထူး ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ကောင်းဝေထူး**

### မိဘအမည်မှန်
ဆီဆိုင်မြို့နယ်၊ အထက (ဆိုက်ခေါင်) အဌမတန်း(B)မှ မောင်ဟိန်းထွန်း၏ မိဘအမည်မှန်မှာ ဦးခင်မောင်ရွှေ ၉/တသန(နိုင်)၁၃၀၈၈၄နှင့် ဒေါ်မိုးမိုးငြိမ်း ၉/တသန(နိုင်)၀၀၉၈၈၂ တို့ ဖြစ်ပါကြောင်း။**ဦးခင်မောင်ရွှေ-ဒေါ်မိုးမိုးငြိမ်း**

### အမည်ပြောင်း
တောင်ကြီးမြို့၊ အလက(ခွဲ) ၁၄၊ သတ္တမတန်း(က)မှ မောင်လင်းမြတ်သာအား ယနေ့မှစ၍ မောင်လမင်းသာ ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်လမင်းသာ**

## အများသိစေရန်

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာ ၁၂/ဒပန(ပြု)၀၀၁၆၆၇မှ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၀)ရပ်ကွက်၊ ဧရာဝတီလမ်း၊ မြေကွက်အမှတ် ၃၈၀၊ ပေ(၄၀×၆၀)မြေကွက်အပါအဝင်အကျိုးခံစားခွင့်အားလုံးကို ပိုင်ရှင် ဒေါ်ခင်ထွေး ၁၀/ကမရ(နိုင်)၀၁၆၈၅၇ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသော ကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေမျိုးသိန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၂၈၈)**
**ဖုန်း-၀၉-၄၂၀၀၆၁၅၅၀**

## မုံရွေး+ကြေးမုံ အထက
## (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

မုံရွာမြို့နယ် မုံရွေး+ကြေးမုံ အထက၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးမျိုးသစ် ဖုန်း-၀၉-၄၂၈၄၇၃၂၅၅၊ ကိုဝင်းမြင့် ဖုန်း-၀၉-၄၀၀၄၁၄၈၈၂၊ ကိုထွန်းတင်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၂၅၄၅၄၇၀၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်)ရာထူးအတွက် လူတွေ့ဖြေဆိုရမည့်ရက် ပြောင်းလဲသတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ၂၁-၁၂-၂၀၁၈ ရက်ထုတ် သတင်းစာမှ ထည့်သွင်းကြေညာခဲ့သည့် ဆေးဘက်ကျွမ်းကျင်(၂) (ဓာတ်မှန်)(လစာနှုန်း-၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ (၁၂၆)နေရာအတွက် လျှောက်လွှာခေါ်ယူစာပါ သတင်းပို့ရမည့်ရက် ၇-၂- ၂၀၁၉ရက်အစား ၁၄-၂-၂၀၁၉ ရက်သို့လည်းကောင်း၊ လူတွေ့ဖြေဆိုရမည့်ရက် ၈-၂-၂၀၁၉ ရက်အစား ၁၅-၂-၂၀၁၉ ရက်သို့လည်းကောင်း ပြောင်းလဲသတ်မှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကုသရေးဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် စက်ကိရိယာပစ္စည်း (၂)မျိုး Lamination Holographic Machine(၁၀၀)လုံးနှင့် Branded Server(၂)လုံးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၉ ရက် (အင်္ဂါနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီထိ
(ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၉-၂-၂၀၁၉ ရက် (အင်္ဂါနေ့)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေး သတ်မှတ်ချက်များနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့်ဈေးနှုန်းနှင့် တင်ဒါတင်သွင်းရမည့်နည်းလမ်းများကို ရုံးချိန်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း)၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၁၈၅၊ ၀၆၇-၄၀၅၀၉၉**

## ဘီဂျီမိုက်ခရိုဖိုင်းနန့်စ်မြန်မာကုမ္ပဏီ၏ BOD အဖွဲ့ဝင်ပြောင်းလဲခြင်း

ကျွန်တော်များ BG Microfinance Myanmar Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၉၅၇၃၅၁၇၄၊ လုပ်ငန်းလိုင်စင်အမှတ်-၀၂၀၃/၂၀၁၅ (အမြဲတမ်း)၏ BOD အဖွဲ့ဝင်တစ်ဦးဖြစ်သူ Mr.Freddy Raymond Nicolas Marie သည် BOD အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ပါသည်။ ထို့နောက် BOD အဖွဲ့မှ နုတ်ထွက်သွားသော Mr.Freddy Raymond Nicolas Marie ၏ နေရာတွင် အဖွဲ့ဝင်အသစ်အဖြစ် Mr.Balasingam Ananthatheerthan သည် Director ရာထူးဖြင့် ဆက်လက် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**Mr.Kaname Hashimoto**
**Managing Director**

### ပျောက်ဆုံးကြောင်း
ကျွန်တော် BISNU ၁၃/တကန(ပြု)၀၀၁၁၈၅၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၇၃၇၇၂၇၆**

### ပျောက်ဆုံးကြောင်း
ကျွန်မ နန်းဆိုင်လူ ၁၃/မကန(နိုင်)၀၃၈၆၆၂၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၆၀၀၁၃၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၅ဃ/၂၇၇၃၁ ယာဉ်လက်ဝယ်ရှိသူ NCX MYANMAR Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး(လှိုင်ကော်)**

### ကန့်ကွက်နိုင်ပါကြောင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V၊ ကွက်ပြင်-၅)၊ ဦးပိုင်အမှတ်(၂၈-တ/၂)၊ မြေယာအမှတ်(21/N-2)၊ မြေဧရိယာ ၀ ဒသမ ၂၂ ဧကရှိ မြေကွက်အားမြေငှား ဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး မောင်မိုးသစ်လူ (ငယ်ရွယ်သူကိုယ်စား) ဦးမိုးသန်းချစ် ၁၂/ရကန(နိုင်)၀၂၄၈၄၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အမှတ်(ပက-၅၅၅)နေ ဦးညွန့်ကြည်-ဒေါ်သန်းချစ် တို့၏သား မောင်သိန်းဇော် ၁/ဗမန(နိုင်)၀၄၁၃၁၆ သည် မိခင်ဆိုဆုံးမစကားကို နားမထောင်ဘဲ မိခင်ကို စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ၁-၁-၂၀၁၉ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**မိခင်-ဒေါ်သန်းချစ်**
**၁/ဗမန(နိုင်)၀၄၁၃၁၆**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အထက နဝမတန်း(A)မှ မဇင်ဇင်မိုးခန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးခင်မောင်ရင် ၉/သပက(နိုင်)၀၁၇၀၅၄ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ရင်**

### အမည်မှန်
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နေ ဦးမိုးဇော်ဦး၏ အမည်မှန်မှာ ဦးမြတ်ကိုကိုဇော် ၉/လဝန(နိုင်)၀၂၄၈၈၇ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 2J/9704 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(နေပြည်တော်)**

### တစ်ဦးတည်း ဖြစ်ပါကြောင်း
ဦးမောင်မောင်ထန်း-ဒေါ်မောဆွီး တို့၏သမီး မဝေဝေထွန်း ၁၂/အစန(နိုင်)၀၇၅၀၂၉ နှင့် ဘွဲ့နိုင်ဆွီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မဝေဝေထွန်း(ခ)ဘွဲ့နိုင်ဆွီး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7D/5748 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5H/2304 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းရုံး(ပဲခူး)**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ် အလယ်ချောင်ရွာနေ ဒေါ်အေးချမ်းခိုင်၏ဖခင် ဦးချင်ယုမွန်(ခ)ဦးရီဝင်း(ခ)ဦးရည်ဝင်း ၁၃/ရငန(နိုင်)၀၂၉၉၇၃နှင့် မိခင် ဒေါ်စန်းရင်(ခ)ဒေါ်ကြည်လှ ၁၃/ရငန(နိုင်)၀၀၈၈၆၂တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 2B/7349, ISUZU NKR 58E,L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင် ၁၂/ပဘတ(နိုင်)၀၁၇၅၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၉ဃ/၆၇၉၇၆ Luojia-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၂/မရက(နိုင်)၀၈၅၁၃၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ဂျပန်နိုင်ငံတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး**

စာမျက်နှာ - ၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ မဲဆန္ဒရှင်စာရင်း ပြုစုခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ**

စာမျက်နှာ - ၇

# ချင်းတွင်းတံတား(ဟုမ္မလင်း) ဖွင့်ပွဲအခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ဖွင့်လှစ်

## ဒေသခံပြည်သူများ အိန္ဒိယနိုင်ငံနှင့်ကလေး၊ ကလေးဝမြို့နယ်တို့သို့ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်မည်

**ဟုမ္မလင်း ဇန်နဝါရီ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်း လမ်းပေါ်ရှိ ချင်းတွင်းတံတား (ဟုမ္မလင်း)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါတံတားပေါ်တွင်ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေးသည်။

ချင်းတွင်းတံတား (ဟုမ္မလင်း) ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်တာဝန်ရှိသူများ ချင်းတွင်းတံတား(ဟုမ္မလင်း) ပေါ်တွင် ဖြတ်သန်းကြည့်ရှုစဉ်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား(ဟုမ္မလင်း) ဖွင့်လှစ်သောနေ့ဖြစ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့တစ်နေ့ဖြစ်ပါကြောင်း၊ ချင်းတွင်းတံတား (ဟုမ္မလင်း)ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံများနှင့် ထပ်တူ ဝမ်းသာကြည်နူးရပါသည်ဟု ပဏာမပြောကြားလိုပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ ❐

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ တီးတိန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မုတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၁၂ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

